www.burmeseclassic.com

# သင်မြတ်နိုး

နှောင်ရွှင်ခွင်




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၃၀၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၁၉၀၂၀၈
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ ဧပြီလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁]

နှောင်ဖွဲ့အိမ်ရဲ့ နံရတ်ခမ်းလေးတွေက ရှုထော်သွားပြီး တစ်စုံတစ်ခုအား မကျေနပ်သလို မျက်နှာချောချောနုနုထွတ်ထွတ်လေးပေါ်မှာ တင်းမာခက်ထန်သယောင်ယောင် ရှုအစ်အစ်လေးဖြစ်နေရသည်။ မျက်ဝန်းလေးတွေထဲမှာလည်း အလိုမကျသလိုဖြင့် ဒေါစက်စက် မာကျောကျော အရိပ်တွေပဲ လွှမ်းခြုံထားနေသည်။ ဟွန်း…ကိုကိုဆိုတဲ့လူတစ်ယောက်ကို အိမ် ဘယ်တော့မှ လက်ထပ်မှာမို့ဆိုတာ မစဉ်းစားခဲ့တာပါ။

"သမီးဖွဲ့အိမ်…ရှေ့လထဲမှာ ဘွန်းလက်ျာနဲ့ သမီးကို စေ့စပ်ကြောင်းလမ်းရမယ်၊ အဲဒါ သမီးမေမေစီစဉ်တာပဲ၊ နောက်အဆို အင်္ဂလန်ကနေ မေမေပြန်လာလိမ့်မယ်၊ သမီးအိမ်ရဲ့ အဆ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာ လက်တွဲဖော်အဖြစ် မောင်ဘုန်းလကျ်ာကို မမေကပဲ ရွေးချယ်တာလေ''

အန့်တီလေးပန်းသဇင်ရဲ့ စကားတွေကြောင့် နှောင်ဖွဲ့အိမ် အတော်လေး စိတ်ကသိကအောက် ဖြစ်ရပြီး မကျေမနပ်လည်း ဖြစ်သွားရသည်။ မမေက နောက်အိမ်ထောင်နဲ့ အင်္ဂလန်မှာနေတာပဲ။ အိမ်ဖွဲ့ ဆယ့်ငါးနှစ်သမီးအရွယ်ရောက်မှ နောက်အိမ်ထောင်ပြု သွားပြီး မမေ့ညီမ အန့်တီလေးပန်းသဇင်နှင့် ထားခဲ့လေသည်။ မမေ နောက်အိမ်ထောင်ပြုပြီး ဖွဲ့ကို ရက်စက်ရုံတင်အားမရသေးဘဲ အိမ်လက်တွဲဖော်တစ်ယောက်ျား တစ်ယောက်ကိုတောင် ဖွဲ့ရဲ့ သဘောဆန္ဒတွေကို မမေးမြန်းပဲ ကိုကိုဘုန်းလကျ်ာနှင့် လက်ထပ်ဖို့ စီစဉ်နေလေသည်။

BURMESE CLASSIC

ရက်စက်လိုက်ကြတာ။ မမေက ဖွဲ့အပေါ် အရက်စက်ဆုံးပဲ။ ကြည့်ပါဦး ကိုကိုဘုန်းလကျ်ာဆိုတာက စည်းကမ်းတွေ အရမ်းတင်းကြပ်ပြီး နေရာတကာ ကြီးကျယ်ခမ်းနားနေလွန်းသော ယောကျ်ားတစ်ယောက်လည်း ဖြစ်လေသည်။

''မောင်ဘုန်းလကျ်ာက ဖွဲ့လေးကို ငယ်ငယ်လေးထဲက





အရမ်းချစ်ပြီး ထိန်းကျောင်းချော့မြူလာခဲ့တော့ သံယောဇဉ် ပိုပြီး ကြီးတယ်တဲ့၊ ပြီးတော့ စည်းကမ်းကြီးတယ်၊ ပညာတော်တယ်၊ ကြက်မြက်တယ်၊ မောင်ဘုန်းလကျ်ာရဲ့ အရည်အချင်းတွေကိုသာ ခွမ်းရရင် ဟိမဝန္တာတောနက်ကြီးထက်တောင် နက်နဲခမ်းနားသွား င်တယ် တူမလေးရဲ့''

အဲဒီလောက်အထိ အထင်ကြီး ခမ်းနားနေရင်လည်း တီလေး အပျိုကြီးပဲ ယူလိုက်ပါလားဟု ပြောချင်ပေမယ့် အန့်တီ အပျိုကြီးက မထင်လျှင်မထင်သလို ခေါင်းခေါက်တာမျိုး၊ င်တွင်းကြော ဆွဲလိမ်တာမျိုး လုပ်ဖြစ်တတ်၍ အိမ်မပြောရဲပေ။ ခမ်းလေးတွေကသာ စူတင်းတင်းလေး ဖြစ်နေရသည်။

''မောင်ဘုန်းလကျ်ာကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ် င်တဲ့ မိန်းမတွေက ဝိုင်းဝိုင်းလည်နေတာနော်၊ ဖွဲ့ မောင်ဘုန်း ကျ်ာရဲ့အမေ ဒေါ်ဉာဏ်သာကလည်း အိမ်ကို ချွေးမအဖြစ် ယ်တာ ညည်းလေးကံကောင်းတာနော်''

''အမလေး…ဒါဆို ဖွဲ့က မဟာကံထူးရှင်ကြီးပေါ့နော် တီလေး''



www.burmeseclassic.com

www.burmeseclassic.com


"ဖွဲ့…ညည်းလေးက ငယ်သေးတော့ မောင်ဘုန်းလကျ်ာလို ယောကျ်ားတစ်ယောက်ကို အထင်ကြီးရမှန်း ရွေးချယ်ရမှန်းမသိသေးတာပါကွယ်"

အန့်တီဉာဏ်သာကလည်း ဖွဲ့လို ဘာအရည်အချင်းမှမရှိတဲ့ ကောင်မလေးတစ်ယောက်ကိုမှ ဘာဖြစ်လို့ ရွေးမအဖြစ်ရွေးချယ်ရတာလည်းနော်။

"လူကြီးချင်းက စကားပြောပြီးပြီ ဖွဲ့၊ ရှေ့လ မေမေရောက်လာတာနဲ့ စေ့စပ်ကြမှာ"

ကိုကိုဘုန်းလကျ်ာကိုတော့ ဖွဲ့ လုံးဝအထင်မကြီးပါဘူး။ ဒီလိုစည်းကမ်းတင်းကြပ်ပြီး တစ်ကမ္ဘာလုံးမှာရှိကြတဲ့ ယောကျ်ားတွေက သူ့လောက်မတော်ဘူးလို့ ထင်နေတဲ့ ကိုကိုဘုန်းလကျ်ာလို ယောကျ်ားတစ်ယောက်နှင့်လည်း ဖွဲ့ အတူယှဉ်တွဲနေဖို့လည်း မဖြစ်ပါဘူး။

"ရှေ့လ စေ့စပ်ပြီးရင် နောက်တစ်လမှာ လက်ထပ်ပွဲမင်္ဂလာပွဲကို အကြီးကျယ် အခမ်းနားဆုံး ကျင်းပမယ်တဲ့"

မေမေက ဖွဲ့ကိုများ နဲနဲပါးပါး ဉာဏ်တာပါဦးလား ကိုကိုဘုန်းလကျ်ာနှင့် ဖွဲ့ ငယ်စဉ်လေးထဲက အိမ်နီးနားချင်းတွေအဖြစ်အတူနေကြပြီး ဖွဲ့ ရှစ်တန်းနှစ်ရောက်တော့မှ စီးပွားရေးလုပ်ငန်းအတွက် ရန်ကုန်သို့ ကိုကိုဘုန်းလကျ်ာတို့ မိသားစု ပြောင်းရွှေ့သွားခဲ့လေသည်။

ပြင်ဦးလွင်မှာ အတူတူနေစဉ်ထဲက စည်းကမ်းတင်းကြပ်သော၊ အသန့်အပြန့်ကြိုက်လွန်းသော ကိုကိုဘုန်းလကျ်ာနှင့် မသင့်မြတ်ပေ။ ဖွဲ့ကို ချိုးထိန်းကျောင်းခဲ့ပေမယ့် နောက်ပိုင်း ကောင်မဆိုးလေးတစ်ယောက်အဖြစ် ကိုကိုက သတ်မှတ်ကာ အရောတဝင်မနေတော့ပေ။

"အန့်တီလေး"

"ပြော"

"ဖွဲ့နဲ့ လက်ထပ်ဖို့ ကိုကိုဘက်ကရော လက်ခံသဘောတူတာပဲလားဟင်"

"တူတယ်"

"ဟင်"

"မောင်ဘုန်းလကျ်ာ ကိုယ်တိုင်က ကြောင်းဆိုတာလဲ"

www.burmeseclassic.com



"မဖြစ်နိုင်တာပဲ"

"တကယ်ပဲ မောင်ဘုန်းလကျာ်ရဲ့ တောင်းဆိုမှုပါပဲ ဖွဲ့၊ မမညာဏ်သာက ဒါကြောင့် ကမ်းလှမ်းခဲ့တာတဲ့"

ကိုကိုက ဖွဲ့ကိုမှ ဘာဖြစ်လို့များ ဘဝလက်တွဲဖော်တစ်ယောက်အဖြစ် ရွေးချယ်ရတာလဲ။ ဘာအရည်အချင်းမှ မရှိ ပညာရေးမှာလည်း မတော်၊ မကြာခဏ ပြဿနာရှာတတ်ပြီး ခပ်ဆိုးဆိုးကောင်မလေးတစ်ယောက်မှန်း ကိုကို သိသိကြီးနဲ့များ ကိုကိုကိုယ်တိုင်က ဖွဲ့ကို ရွေးချယ်တယ်ဆိုတာ အခုထိ လက်မခံနိုင်သေးပေ။ ကိုကိုကိုယ်တိုင်က ရွေးချယ်တာတဲ့။

"ဖွဲ့ဘက်က ဘာမှငြင်းပယ်စရာမလိုဘူးနော်၊ မျက်နှာကြီးက ဘာဖြစ်လို့ ရူတင်းနေတာလဲ၊ ညည်းကများ နာတယ်ထင်နေသို့လား နှောင်ဖွဲ့အိမ်"

"မကြိုက်ပါဘူး"

"ဘာအေ့"

"ဖွဲ့နဲ့ကိုကိုက ဘယ်လိုလုပ်ပြီး လိုက်ဖက်မှာလဲ အန်တီလေးရာ၊ ဒီလောက် ကိန်းခန်းကြီးတဲ့ ယောကျာ်းတစ်ယောက်နဲ့တော့





ဘဝတစ်သက်လုံး အတူနေရမှာလား၊ ဟွန်း…ဖွဲ့ မကြိုက်ပါဘူး"

"ကြိုက်ကြိုက် မကြိုက်ကြိုက် ညည်းလက်ခံရမှာပဲ ဖွဲ့၊ ငြင်းလို့မရဘူး၊ ညည်းလေးက မောင်ဘုန်းလကျာ်လို အကြောင်းသိတဲ့ လူနဲ့မှဖြစ်မှာ"

"ဖွဲ့ အိမ်ထောင်မပြုချင်သေးပါဘူး၊ ဘာ့ဖြစ်လို့ ဖွဲ့ဆန္ဒတွေကို မမေးဘဲ စီစဉ်ရတာလဲ၊ ဖွဲ့မှာ ငြင်းပယ်ပိုင်ခွင့် မရှိတော့ဘူးလားလို့"

"မရှိဘူး"

"မေမေကတော့ ထင်ရာလုပ်နေတော့တာပဲ၊ ဖွဲ့အပေါ် ရက်စက်တယ်၊ ဖွဲ့ဆန္ဒမပါတဲ့အလုပ်တွေကို မေမေလုပ်တယ်"

"ဖွဲ့ မမကို မဝေဖန်နဲ့အေ့၊ ညည်းလေးအတွက် တန့်ကော်က နောက်ထပ်အိမ်ထောင်ပြုရတာ"

တီလေးသခင်က မေမေ့ကိုထိလျှင် မခံတတ်ပေ။ ဖွဲ့ကိုသည်း ချစ်ပေမယ့် မေမေ့စကားတွေတိုတော့ နာခံရလေသည်။ ဖွဲ့က မေမေ နောက်အိမ်ထောင်ပြုတာ မကြိုက်ပေမယ့် တီလေးသခင်က ထောက်ခံသည်။ ညည်းလေးကြောင့်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ညည်းလေး စားဝတ်နေရေး ထောက်ပံ့ဖို့အေး၊ မမကန့်ကော်ကိုတော့ ညည်း လုံးဝအပြစ်မတင်နဲ့၊ တီလေးမကြိုက်ဘူး"

"ဟွန်း"

"ဖွဲ့"

"အင်း"

"မနက်ဖြန်…ညည်းလေးနဲ့ တီလေးတို့ ရန်ကုန်ကိုသွားရမယ်"

"ဘာဖြစ်လို့လဲတီလေးရ၊ ရန်ကုန်ကို ဘာကိစ္စနဲ့ သွားရမှာလဲလို့"

"မောင်ဘုန်းလက်ျာနဲ့ ရင်းနှီးအောင်လေ"

"ဒုက္ခပါပဲ"

"မောင်ဘုန်းလက်ျာလို ယောကျ်ားတစ်ယောက်ကိုများ ညည်းလေးက ခါးခါးသီးသီး ငြင်းဆန်ချင်သေးလို့လား နှောင်ဖွဲ့အိမ်"

"အင်း"





"ဘာ"

"ဖွဲ့ကတော့ လုံးဝအထင်မကြီးပါဘူး"

"ဘာအေ့"

"လူ့လောကကြီးထဲမှာ လူလာဖြစ်ရတာ ဘယ်လောက်ကံထူးလဲ၊ ပြီးတော့ လူ့ဘဝက ခဏလေးပဲ၊ ဘာဖြစ်လို့များ ဦးဘုန်းလက်ျာက စည်းတွေဘောင်တွေ ခတ်ပြီး နေချင်ရတာလဲလို့"

"နှောင်ဖွဲ့အိမ်"

"ဟင်"

"နာချင်လို့လား"

"အမေ့"

"ညည်းယူမယ့် အဝတ်အစားတွေ ထည့်တော့၊ ကျုပ်စိစဉ်ပြီးပြီ၊ မရဘူး၊ ညည်းလိုအပ်တာတွေ အကုန်ယူခဲ့"

တီလေးက အလိုမလိုက်ရင်လည်း မလိုက်တတ်ပေ။ မေမေ့[illegible]ဖြစ်နေ၍ တသွေမတိမ်းကို လိုက်နာတော့မည်ဖြစ်သည်။ ကိုကိုဘုန်းလက်ျာနှင့် ဖွဲ့ ခပ်စိမ်းစိမ်းနေကြတာ ကြာပြီဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်တယ်။ သေချင်တာပဲ။ ဖွဲ့က လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနေတတ်သူ။

"ညည်းလေးက မောင်ဘုန်းလကျာ်တို့အိမ်မှာ နေရမှာ၊ သူ့သားအတွက် ဖွဲ့ကို လေ့ကျင့်သင်ကြားပေးမှာ"

"သေရောပဲ"

"ဖွဲ့"

"ဟင်"

"ညည်းမှာ ငြင်းပယ်နိုင်ခွင့် လုံးဝမရှိဘူးနော်"

"ဟွန်း"

"မရွဲ့နဲ့"

"စိတ်ညစ်တယ်"

"ဘာ"

"ဖွဲ့က ကိုကိုဘုန်းလကျာ်နဲ့မှ မလိုက်ဖက်တာပဲ တီလေးရာ၊ ပြီးတော့ အန်တီဉာဏ်သာကရော ဘာဖြစ်လို့ ဖွဲ့ကိုမှရွေးပြီး ချွေးမအဖြစ် သတ်မှတ်ရတာလဲလို့၊ ကိုကိုဘုန်းလကျာ်မှာ မိန်းမရှားနေလို့လားဟင်"





"ဒွဲ့နော်…စကားမများနဲ့၊ ညည်း ယူစရာရှိတာတွေယူခဲ့၊ ဒီကိုပြန်လာဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး"

အေးချမ်းငြိမ်သက်လှပသော ဖွဲ့ရဲ့ မွေးရပ်မြေ ပြင်ဦးလွင်ကိုပင် ထာဝရခွဲခွာရတော့မှာလား။ မုန်းလိုက်တာ၊ ဖွဲ့ကိုမှ ဘာဖြစ်လို့ ရွေးချယ်ရတာလဲလို့။ ဒီကိစ္စအတွက် ဖွဲ့ကတော့ လုံးဝမကျေမနပ် ဖြစ်နေရလေသည်။ လက်ထပ်ပွဲကိုတော့ ဖျက်အောင်ဖျက်ရမှာပဲ။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ စည်းကမ်းတွေနဲ့ ဘောင်ခတ်ထားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ထာဝရလက်တွဲဖော်။ ဟွန်း…မုန်းလိုက်တာ။

"ဟိုရောက်ရင် ညည်း သူတို့စည်းကမ်းအတိုင်း နေရမယ်၊ တီလေးကတော့ တစ်ပတ်ပဲနေပြီးပြန်မှာ"

"ဟင်"

"မမကန့်ကော် ပြန်လာမှ စေ့စပ်ပွဲလုပ်မှာ၊ မောင်ဘုန်းလကျ်ာ စိတ်ပျက်သွားအောင် မနေနဲ့နော်၊ ညည်းပြောသလိုပဲ သူ့လောကကြီးထဲ ခဏတာရောက်လာပြီး အသုံးမကျတဲ့မိန်းမ တစ်ယောက်အဖြစ်မခံစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

နှုတ်ခမ်းသားလေးတွေ စူထော်ပြီး ဖွဲ့ကတော့ မကျေမနပ်နှင့် ယူသွားမယ့် အဝတ်အစားတွေ အသုံးအဆောင်တွေကို ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ထည့်နေလိုက်လေသည်။

## အခန်း [၂]

နှောင်ဖွဲ့အိမ် ကောင်ဆိုးမလေးပဲ ဘုန်းလကျာ်အနေနှင့် ဖွဲ့ကို ဘယ်တော့မှ မေ့ပြစ်လို့မရခဲ့တာ။ ပြဿနာတွေပဲ ရှာနေတတ်တဲ့ ကောင်မလေးအပေါ် စိတ်ပူပင်ခဲ့ရတာတွေ သူ့အသိဆုံးပင်။ ဖွဲ့ကို သူစောင့်ရှောက်ချင်သည်။ ဘယ်လိုလူမျိုးနှင့်မှ ဖွဲ့ကို စိတ်ချ။ ထို့ကြောင့်ပင် ဖွဲ့ကိုလက်ထပ်ဖို့ သူကိုယ်တိုင် တောင်းဆိုခဲ့မိသသည်။

"ဖွဲ့က အရမ်းဆိုးတယ်နော် သား၊ ထင်ရာလုပ်ချင်နေတဲ့ ကောင်မလေး၊ တစ်လောကလုံးကိုလည်း ဒီကောင်မလေးက မကျေနပ်ဖြစ်နေတတ်တာပဲ၊ ဖွဲ့က လွတ်လွတ်လပ်လပ်နေချင်သလိုနေတာ"





www.burmeseclassic.com

www.burmeseclassic.com

"သားဘဝတစ်လျှောက်လုံးမှာ ဘယ်လိုမိန်းကလေးမျိုးကိုမှ စိတ်ဓဝင်စားခဲ့ဘူး မေမေ၊ အဲဒါ ဘာကြောင့်လဲသိလား၊ ဖွဲ့ကို မေ့ပစ်လို့မရခဲ့လို့ပဲ"

"သားနဲ့ဖွဲ့က မသင့်မြတ်ဘူးမဟုတ်လား၊ မေမေကတော့ ကန့်ကော်သမီးလေးဖြစ်လို့ စောင့်ရှောက်ရမယ့်ဝတ္တရား ရှိပါတယ်လေ၊ ဒါပေမယ့် သားအတွက် အဆင်ပြေပါ့မလား"

"ဖွဲ့ကို သား သွန်သင်ဆုံးမချင်တယ်၊ လမ်းမှန်ရောက်အောင် လက်တွဲခေါ်ချင်တယ်၊ ဖွဲ့တစ်ခုခုဖြစ်သွားမှာ သားစိတ်ပူတယ်၊ ဖွဲ့ကို သားလက်ထပ်မယ်"

"အင်းလေ . . သားဆန္ဒကတော့ မေမေ့ဆန္ဒပါပဲလေ၊ ဖွဲ့လေးကို မင်းလက်ထပ်မယ်ဆိုရင်လည်း မတားပါဘူး၊ မေမေ ကန့်ကော်နဲ့တိုင်ပင်ပြီး စီစဉ်မယ်၊ ဖွဲ့လေးကိုလည်း အိမ်ရှင်မတာဝန်တတ်အောင် သင်ရမယ်၊ လိမ္မာယဉ်ကျေးတဲ့ မိန်းကလေးဖြစ်အောင် လုပ်ရမယ်"

"ဖွဲ့ စိတ်အနှောင့်အယှက်ဖြစ်အောင်တော့ သိပ်ပြီးမလုပ်ချင်ပေမယ့်လည်း စည်းကမ်းတော့ တင်းကြပ်ရမယ် မေမေ၊





ဒီကောင်မလေးရှေ့ရေးပဲ"

"ဖွဲ့ မနက်ဖြန်မနက် ဆယ့်တစ်နာရီလောက် ရန်ကုန်ကို ရောက်မယ်သား၊ မေမေတို့ ဘူတာကြီးမှာ သွားကြိုရမယ်"

"ဟုတ်ကဲ့"

ဖွဲ့ မင်းလေး ဘယ်လိုပုံစံမျိုး ဖြစ်နေမလဲကွာ။ ကိုကို့ကိုတော့ မင်း အထင်မကြီးတဲ့ပုံစံလေး ဖမ်းထားမှာပါပဲ။ အရမ်းဆိုးတဲ့ ကောင်မလေးတစ်ယောက်ဖြစ်ခဲ့လို့ ကိုကိုက အမြင်ကတ်ပြီး ခပ်စိမ်းစိမ်းနေပစ်လိုက်တာ မင်းလေးကလည်း ကိုကို့ကို လုံးဝ အတော်မလုပ်ခဲ့ဘူးလေ။ အဲဒီမာနလေးကိုတော့ ကြိုက်တယ်ကွာ။ သင်ငယ်လေးထဲက ချစ်စရာကောင်းတယ်။ စိတ်ကောက်တတ်တယ်။ တစ်လောကလုံးကို ဖွဲ့ မကျေမနပ်ဖြစ်နေတာ မဟုတ်လား။

"မေမေ မကောင်းဘူး၊ ဖွဲ့အပေါ် ရက်စက်တယ်၊ ဖွဲ့ကို အသိမပေးဘဲ နောက်ယောက်ျားယူတယ်၊ မုန်းတယ်၊ မေမေ့ကို အရမ်းမုန်းတာပဲ၊ ဖွဲ့ ဘယ်တော့မှ မေမေ့သမီးအလိမ္မာ မလုပ်ဘူး၊ ဆိုးမယ်၊ ပေမယ်"

တီတီလေးသဇင်က ဆုံးမနိုပ်ကွပ်လေ ဖွဲ့က ပိုပြီးသော်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းလေ ဖြစ်လာသည်။ ပညာရေးလည်း မကြိုးစားဘဲ ကျောင်းပြေး၏။ လူကြီးတွေကို ရွဲ့တတ်သည်။

"ဖွဲ့ အဲဒီလိုမဆိုးရဘူး၊ လိမ္မာမှပေါ့၊ အန်တီကန့်ကော်က ဖွဲ့ရှေ့ရေးအတွက် အိမ်ထောင်ပြုတာပါ"

"ကိုကိုနဲ့ဘာဆိုင်လို့လဲ၊ ဖွဲ့အတွက် လုံးဝမဖြစ်နိုင်ဘူး၊ ဖွဲ့ကို သမီးတစ်ယောက်လို့တောင် အသိအမှတ်ပြုတာမှ မဟုတ်တာ၊ နိုင်ငံခြားမှာ သွားနေတယ်၊ ပြီးတော့ ဟိုကယောက်ျားကို လက်ထပ်တယ်၊ ဖွဲ့ကိုတောင် အသိပေးတာမဟုတ်ဘူး"

"ဖွဲ့အတွက် လိုလေသေးမရှိအောင် အန်တီကန့်ကော်က ထောက်ပံ့တာမဟုတ်လား"

"နောက်ယောက်ျားယူမှလား...သမီးကို အသိမပေးဘဲ ယောက်ျားယူမှလားလို့"

တီလေးသခင် ဆုံးမသွန်သင်မှုတွေကိုလည်း နားမထောင်ပေ။ ဖွဲ့ ဆိုးပေလာသည်။ စာမေးပွဲတွေလည်း အဆင့်နိမ့်ကျလာခဲ့၏။ သူငယ်စဉ်လေးထဲက ထိန်းကျောင်းလာခဲ့တဲ့ ကောင်မလေးနှင့် သံယောဇဉ်တွယ်ခဲ့ရသည်။ သူက စည်းကမ်းတွေ ချမှတ်ခဲ့ပေမယ့်





ဖွဲ့က လက်မခံပေ။

"စည်းကမ်းတွေကို ဘောင်ခတ်ပြီး ကိုကိုတစ်ယောက်တည်းနေ၊ ဖွဲ့ကတော့ မနေနိုင်ဘူး၊ ဖွဲ့ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်"

ဖွဲ့ကို သူ အမြင်ကတ်လာ၍ ခပ်စိမ်းစိမ်းပဲ နေခဲ့လေသည်။ သူက နံနက်မိုးလင်းသည်နှင့် စည်းကမ်းစနစ်ကျနသည်။ မျက်နှာသစ်တာကအစ နာရီနှင့်အမျှ စည်းကမ်းနှင့် နေထိုင်လုပ်ကိုင်၏။ ဖွဲ့က သူတို့မိသားစုနှင့် ကင်းရှင်းအောင် နေတတ်လေသည်။

"ဖွဲ့လေး အရမ်းပဲချစ်စရာကောင်းတယ်၊ လှတယ်၊ အသက်အရွယ်ရလာတာနဲ့အမျှ မေမေစိတ်ပူတယ်၊ သခင့်ကိုလည်း ကြောက်တာမှမဟုတ်တာပဲ၊ ဒီကလေးမလေး အနာဂတ်အတွက် ရင်လေးတယ်"

မေမေကလည်း စည်းစနစ်ကြီးသူဖြစ်သည်။ သူငယ်စဉ်လေးထဲက သွားတိုက်တာကအစ ရေချိုးအဝတ်အစားလဲ ထမင်းစား ကျောင်းသွား အားလုံး ပုံစံနှင့် စည်းစနစ်တွေနဲ့ပဲဖြစ်၏။

"အန်တီကန့်ကော် ပြန်လာသင့်တယ်၊ နောက်အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း စဉ်းစဉ်းစားစား ပြုသင့်ပါတယ် မေမေ၊ သမီးလေးရှိနေတာပဲ''

''မဟုတ်ပါဘူးကွယ်၊ ကန့်ကော်က သမီးလေးအတွက် စဉ်းစားတာပါ၊ နိုင်ငံခြားမှာ စွန့်စားပြီး သွားအလုပ်လုပ်ပေမယ့် အဆင်မပြေဘူး၊ ရပ်တည်လို့လည်း မရဘူး၊ သမီးကိုလည်း မထောက်ပံ့နိုင်မှာစိုးလို့ အဆင်ပြေတဲ့ယောကျ်ားကို လက်ထပ်ရတာပါ၊ အခု အားလုံးအဆင်ပြေတာပဲ၊ သမီးလေးလည်း မျက်နှာမငယ်ရတော့ဘူး''

''အဲဒါကို ဖွဲ့က ဘာဖြစ်လို့မသိရတာလဲ၊ လက်မခံရတာလဲ၊ အမေကို ဘာဖြစ်လို့ အပြစ်တွေပဲတင်နေရတာလဲ''

''ဖွဲ့က ခေါင်းမာတယ်၊ ဖတခိုးလေးဆိုပြီး အလိုလိုက်ထားတာကိုး၊ ဒီကလေးမရဲ့ အနာဂတ်ကိုတော့ ရင်လေးပါတယ်''

မေမေပြောထဲက သူ့စိတ်တွေထဲမှာ နှောင်ဖွဲ့အိမ်အတွက် ပူပင်မှုတွေ တိုးဝင်နေရလေသည်။ ဖျောင်းဖျနားချဖို့ သူက ချဉ်းကပ်ပေမယ့် ဖွဲ့က ခါးခါးသီးသီးပဲ ငြင်းဆန်ခဲ့၏။

''ကိုကိုနဲ့ ဘာမှမဆိုင်ဘူး၊ ဖွဲ့ကိုလည်း နားမချနဲ့၊ ကိုကို





လည်း ဖွဲ့ကိုနားမလည်ပါဘူး၊ ဖွဲ့ရင်ထဲက ခံစားချက်တွေ ကိုကိုလည်း ကိုယ်ချင်းစာတတ်မှာမဟုတ်ဘူး၊ လာမပြောနဲ့တော့''

ဖွဲ့ကို စိတ်ဆိုးပြီး သူ စိမ်းစိမ်းကားကား နေပေမယ့် ဖွဲ့တစ်ခုခုဖြစ်မှာ စိတ်ပူပင်နေရတာက နေ့စဉ်နှင့်အမျှပင်။ အိမ်ပြောင်းသွားတော့လည်း ဖွဲ့ကို စိတ်မချ။ တီလေးသဇင်က စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျပေမယ့် ဖွဲ့က လှည့်ပင်မကြည့်ခဲ့။

''သဇင်တို့တူအရီးကို ဘယ်သူစောင့်ရှောက်မှာလဲဟင်၊ ကူညီဖေးမမှာလဲ၊ တူမဆိုးလေးနဲ့ သဇင်တစ်ယောက်တည်း ဘယ်လိုနေထိုင်ရမလဲ၊ ကျွန်မတို့တူအရီးကိုတော့ ပစ်မထားပါနဲ့နော် မမ''

မေမေကလည်း အန်တီသဇင်တို့ တူအရီးအား အဝေးမှပင် စောင့်ရှောက်ကူညီခဲ့လေသည်။

''ဖွဲ့ အရမ်းဆိုးတယ်၊ စာလည်းမကြိုးစားဘူး၊ ပြောစကားလည်း နားမထောင်ဘူး၊ သဇင် စိတ်ညစ်လို့သေတော့မယ်၊ တစ်ခါတလေ ဆူပူရိုက်နှက်ပစ်လိုက်တယ်၊ ဒီကောင်မလေးကို လွှတ်ထားလို့မဖြစ်တော့ဘူး တင်းကြပ်ရမယ်''

အန်တီသဇင်က အမြဲတမ်း ဖုန်းဆက်တိုင်တန်းတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြားနေရ၍ ဖွဲ့အတွက် စိတ်မအေးနိုင်တော့။ တဖြည်းဖြည်းနှင့် ဒီကောင်မလေးအပေါ် သံယောဇဉ်တွယ်လာရ၍ သူလက်ထပ်လိုက်ဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။

"ဖွဲ့ကို သား လက်ထပ်မယ်၊ ဖွဲ့ကို ပြုပြင်မယ်၊ ဒီကောင်မလေးအနာဂတ်အတွက် သားစောင့်ရှောက်ချင်တယ် မေမေ"

မေမေကလည်း သမီးအရင်းပမာ ဖွဲ့အား ချစ်ခဲ့သည်။ သံယောဇဉ်ကြီးခဲ့၏။

"သား...နှောင်ဖွဲ့အိမ်ကို ချစ်ရဲ့လား"

"ချစ်တယ် မေမေ"

"အဲဒါ အရေးကြီးတယ်သား၊ အချစ်မပါရင်တော့ ဖွဲ့ဒဏ်ကို သား ခံနိုင်ရည်ရှိမှာ မဟုတ်ဘူးနော်"

မေမေကတော့ ဖွဲ့ကို ဒီမှာခေါ်ထားပြီး သင်ကြားဆုံးမစရာရှိတာတွေ သွန်သင်ရမယ်တဲ့။ အားလုံးက အတင်းအကြပ် လုပ်နိုင်းရင် နာခံရမှာပဲတဲ့။ သား လက်ထပ်မယ့် ဇနီးမယားက အိမ်ရှင်မတော့ ပီသရမယ်တဲ့။

"နှောင်ဖွဲ့အိမ်ကို မေမေလည်း စောင့်ရှောက်ချင်တယ်





ဒါပေမယ့် သားရဲ့ဇနီးမယားကိုတော့ နှောင်ဖွဲ့အိမ်လို မိန်းမမျိုး မဖြစ်စေချင်ပါဘူး၊ ပြုပြင်ရမယ်၊ စည်းစနစ်နဲ့နေတတ်အောင်တော့ သင်ကြားရမယ်"

"အရမ်းကြီးတော့ မလုပ်ပါနဲ့ဦး မေမေ၊ ဖွဲ့ အခြေအနေ ကြည့်ပြီးမှ ကိုင်တွယ်ပါ"

"မင်း ဒီလိုပြောညှဲ့လို့ မဖြစ်ဘူးသား၊ အခြေအနေကိုတော့ စောင့်ကြည့်ရမှာပဲ၊ ဖွဲ့လေးဘက်က ပြုပြင်လာမှ လက်ထပ်ရမယ်"

"မေမေ"

"ခဏလေးစောင့်ကြည့်စမ်းပါ သားရယ်၊ မပြောစမ်းပါနဲ့၊ ဒီကောင်မလေးကို သိပ်ပြီး မျက်နှာသာမပေးစေချင်ဘူး၊ မေမေတို့ အောင်မြင်မှာပါ၊ သားရဲ့ဘဝတစ်သက်တာအတွက်ပဲ မဟုတ်လား"

မနက်ဖြန် နှောင်ဖွဲ့အိမ် ရောက်လာမယ်ဆို၍ သူ့စိတ်တွေ လှုပ်ရှားနေလေသည်။ ဆယ်တန်းမှာ ရိုးရိုးပဲအောင်ခဲ့သော ဖွဲ့သည် ထူးချွန်ထက်မြက်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်မလာနိုင်။ ဖွဲ့ကို အရည်အချင်းတွေ ပြည့်ဝလာအောင် သူကြိုးစားရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့စိတ်တွေ လှုပ်ရှားလွန်းနေရပါတယ် ဖွဲ့ရယ်၊ ကိုကို မယုံကြည်နိုင်ဆုံးက ဖွဲ့ကို ချစ်နေမိတာပါပဲ"

ညသည် တိတ်ဆိတ်ငြိမ်သက်နေပြီး ရှည်လျားလွန်းနေသည်ဟု ထင်မှတ်နေမိလေသည်။ မနက်ဖြန် ဖွဲ့ ရောက်လာမည့် အချိန်တွေကို စောင့်နေရတာပင် ဘုန်းလက်ျာ မစောင့်နိုင်တော့ပေ။

"ဖွဲ့က ကိုကို့ကို ဆန့်ကျင်မှာလား၊ ပြုံးသနားရှာမှာလား၊ မုန်းတီးနာကြည်းမှုတွေနဲ့ တုံ့ပြန်နေမှာလားကွာ"

နှောင်ဖွဲ့အိမ်ဆိုတဲ့ ကောင်မလေးကို သူ အမြဲတမ်း သတိရ တမ်းတနေခဲ့လေသည်။ ချောမောဖူးစင်ပြီး မာနတွေနဲ့ မှုံတည်တည် မျက်နှာလေးက စွဲမက်စရာပင်။ ဖွဲ့ တစ်ခုခုမှားယွင်းရွေးချယ်သွားမှာ ကိုကိုစိုးရိမ်တယ်။ ဖွဲ့ အနာဂတ်ကို တောက်ပရွှန်းလက်နေစေ ချင်တာပါ။ ဖွဲ့ကို သူ့ရည်မှန်းချက်တွေ အောင်မြင်တဲ့တစ်နေ့ လက်ထပ်မယ်လို့ ကိုကို ဆုံးဖြတ်ထားပြီးသားပါ။

"ကျွန်မ ကိုကို့ကို မုန်းတယ်၊ စည်းကမ်းတွေနဲ့ ဘောင်ခတ်ပြီး ကိုကိုပဲနေ၊ ဖွဲ့ကိုလာပြီး ဆွဲမခေါ်နဲ့၊ ဖွဲ့ ဘယ်လိုပဲနေနေ ကိုကိုနဲ့မဆိုင်ဘူး"





မျက်နှာထား တင်းတင်းနှင့် ခပ်စွာစွာကောင်မလေးက မနက်ဖြန် သူ့ရှေ့ ရောက်လာတော့မည်။ ကိုကို ဆုံးဖြတ်ထားပြီးပြီ။ ဘုန်းလက်ျာရဲ့စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၃]

နှောင်ဖွဲ့အိမ်ကတော့ မျက်ဝန်းတည်တည်လေးများဖြင့် အိတ်ကိုကိုင်ပြီး ရပ်နေလေသည်။ အန်တီဉာဏ်သာနှင့် ကိုကိုတို့ လာကြိုမည်ဖြစ်၍ ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ စဉ်းစားထားသည်။ အန်တီဉာဏ်သာကိုတော့ ဖွဲ့ ငယ်စဉ်လေးထဲက ကြောက်ရသည်။ မေမေ့အမိန့်ပဲ တီတီလေးကလည်း အန်တီဉာဏ်သာ့ကို ရှိသေလေးစား၏။ မေမေ နောက်ယောကျ်ားယူလိုက်တော့ အန်တီဉာဏ်သာက ထောက်ခံလို့တဲ့။

"ဖွဲ့ကို မညှာတာကြတော့ဘူးလား၊ မထောက်ထားကြတော့ဘူးလား"

ဖွဲ့ ငယ်စဉ်လေးထဲကပင် အန်တီဉာဏ်သာအား စိတ်နာ





ကြည်းနေရလေသည်။

"ဖွဲ့"

"ဟင်"

"ညည်းမျက်နှာကြီးက ဘာဖြစ်လို့ ဒီလောက်တင်းထားရတာလဲ"

"ဖွဲ့ အန်တီဉာဏ်သာကိုရော ကိုကို့ကိုရော မုန်းတယ်"

"ဘာ"

"ဖွဲ့မှမချစ်တာ၊ တီလေးတို့ အတင်းအကြပ် လက်ထပ်ပေးရင်လည်း အားလုံးစိတ်ညစ်ရမှာပဲနော်"

"ညည်းမေမေ စီစဉ်တာပဲလေ၊ မမကန့်ကော် ရန်ကုန်ရောက်လာမှ ညည်းပြောပေါ့၊ လက်မခံလို့တော့ မရဘူးနော်၊ နှောင်ဖွဲ့အိမ် အားလုံးစီစဉ်တာ၊ ညည်းဘဝအတွက်ပဲ မောင်ဘုန်းသကျာလို ယောကျ်ားတစ်ယောက်က ညည်းကိုလက်ထပ်ခွင့်တောင်းတာ ကံကောင်းတယ်မှတ်"

"ပဌန်း"

"မမကန့်ကော်မှာ ရောဂါရှိတယ်၊ ညည်းအမေကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့လား ဖွဲ့၊ နှလုံးရောဂါနော်၊ ညည်းကို လူတစ်လုံးသူတစ်လုံး ထောက်ပံ့ပေးနေတဲ့အမေ”

ဖွဲ့ကတော့ ကျောက်ရုပ်လေးတစ်ရုပ်လို ရပ်နေမိလေသည်။ အံသွားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထားမိ၏။ မေမေ့အပေါ် ဖွဲ့ အလိုမကျသလို ကလန်ကဆန် လုပ်ချင်ပေမယ့် မေမေ လူ့လောကကြီးထဲကနေ ထွက်ခွာသွားမှာတော့ စိုးရိမ်ပူပန်နေမိလေသည်။

“သူတို့စည်းကမ်းအတိုင်းပဲ နေရမယ်၊ ဘာမှ ဆန့်ကျင်တာတွေ မလုပ်ရဘူးဖွဲ့၊ မောင်ဘုန်းလကျာ်လို ယောကျ်ားနဲ့ပဲ ညည်း ဘဝလေး လုံခြုံအေးချမ်းမှာနော်”

“အဟက်”

“ဘာရယ်တာလဲ”

“လုံခြုံအေးချမ်းမယ်ဆိုတာလေ၊ အင်းလေ သူက တောင်းဆိုတာပဲ၊ ဖွဲ့က တောင်းဆိုတာမှမဟုတ်တာ”

ဖွဲ့ကို လက်ထပ်လိုက်လို့ ကိုကိုပဲ နောင်တရမှာနော်။ လုံခြုံအေးချမ်းမယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်မ စည်းကမ်း





တင်းကြပ်တာကို မကြိုက်ဘူး။ အရုပ်တစ်ရုပ်လို ငြိမ်ငြိမ်သက်သက် ကျွန်မ လုံးဝမနေနိုင်ဘူး။

ဖွဲ့ အော်ဟစ်ပစ်ချင်နေမိသည်။ ကိုကိုဘုန်းလကျာ်လို ယောကျ်ားက တခြားမိန်းမတွေအတွက် မက်မောလောက်တဲ့ အရည်အချင်းတွေ အစွမ်းအစတွေ ပြည့်စုံနေပေမယ့် ဖွဲ့အတွက်တော့ သောကပင်လယ်မြစ်ထဲမှာ လက်ပစ်ကူးရစေမယ့် ယောကျ်ားတစ်ယောက်ပါပဲ။

“ဖွဲ့လာ…ဟိုမှာ မောင်ဘုန်းလကျာ်နဲ့ မမဉာဏ်သာတို့ လာကြိုတယ်၊ ရထားပေါ်က ဆင်းလေ”

ပလက်ဖောင်းပေါ်မှာ အန်တီဉာဏ်သာနှင့် ကိုကိုဘုန်းလကျာ်တို့ ရပ်နေကြသည်။ မတွေ့ရတာကြာပြီဖြစ်သော ကိုကိုဘုန်းလကျာ်က ဖွဲ့မျက်လုံးတွေထဲမှာတော့ ထူးဆန်းနေသလိုပင်။ တကယ့်ကို သပ်သပ်ရပ်ရပ် ရှင်းရှင်းသန့်သန့်နှင့် ချောမောခန့်ညားနေသည်ဟု ထင်မိနေသည်။

“မောင်ဘုန်းလကျာ်ကို ကြည့်စမ်းဖွဲ့၊ ဘယ်လောက် ယောကျ်ားပီသလဲ၊ ချောမောခန့်ညားလဲ၊ အောင်မြင်တဲ့ ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်သူဌေးလေ”

ဖွဲ့ကတော့ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေဆဲပင်။ မပြုံးပြချင်ပါဘူး။ အန့်တီဉာဏ်သာကလည်း မေမေ့ကို နောက်အိမ်ထောင်ပြုဖို့ ထောက်ခံခဲ့တာပဲလေ။ အဲဒီထဲက အန့်တီဉာဏ်သာနှင့် ခပ်ရှောင်ရှောင်ပဲ နေလာခဲ့သည်။

“ဖွဲ့ လာလေ”

ဖွဲ့ကို တီတီလေးသဇင် ဆွဲခေါ်သွားသဖြင့် ကိုကိုဘုန်းလကျ်ာတို့အနား ရောက်သွားရသည်။

“ဖွဲ့လေးလား တော်တော်တောင် ကြီးလာတာပဲ၊ မိန်းမချောလေးပဲဟေ့”

ဖွဲ့ မပြုံးပြမိ။ ရင်ထဲကအပြုံးတွေ ကင်းမဲ့နေလေသည်။ အန့်တီဉာဏ်သာရဲ့ အကြည့်တွေက စူးရှပြီး မာကျောနေ၏။

“ဖွဲ့”

“ဟင်”

“ကိုကို့ကို မှတ်မိလား”

“ဟင့်အင်း”





“ဟဲ့…နှောင်ဖွဲ့အိမ်၊ ဘာဖြစ်လို့ မမှတ်မိရတာလဲ၊ မောင်ဘုန်းလကျ်ာနဲ့ ညည်း ဆယ်နှစ်ကျော် အတူနေခဲ့တာပဲ၊ ခွဲကွာသွားတာမှ ငါးနှစ်လောက်ပဲရှိသေးတာ”

တူမချောရဲ့ အပြုအမူအတွက် မမဉာဏ်သာနှင့် မောင်ဘုန်းလကျ်ာကို ဒေါ်ပန်းသဇင် အားနာသွားရလေသည်။ နှောင်ဖွဲ့အိမ် တော်တော်ဆိုးတာပဲ။ မျက်နှာထားက တည်တည်နဲ့ တူမချောကိုလည်း ဒေါ်ပန်းသဇင် သိပ်မပြောရဲ။

“မမှတ်ထားလို့ပါ”

“ကဲပါကွယ်…သွားကြစို့ နှောင်ဖွဲ့အိမ်၊ အန့်တီဉာဏ်သာကတော့ မင်းပြုံးပြသနှာရှာတာကို လက်ခံမှာမဟုတ်ဘူးနော်”

ဖွဲ့ မကျေနပ်တာက အန့်တီဉာဏ်သာက သူ့မအပေါ်နိုင့်ထက်စီးနင်း ဆက်ဆံနေတာကိုပဲ။ မေမေနဲ့ တီလေးက ဖွဲ့ကို ဆုံးမလို့မနိုင်ဘူးလား ပြောလို့ပဲနေမှာပေါ့။ အဲဒါကိုပဲ မကျေနပ်တာ။

မေမေရော အန့်တီလေးရော ဖွဲ့ကို အရေးတောင်မစိုက်ကြဘူး။ ဖွဲ့ ကျေနပ်နပ် မကျေနပ်နပ် လုပ်ချင်တာလုပ်ကြတယ်။ မေမေ နောက်အိမ်ထောင်ပြုတာလည်း ဖွဲ့ ကန့်ကွက်ပိုင်ခွင့်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဖွဲ့တစ်သက်လုံး ပေါင်းသင်းရမယ့် ယောကျ်ားတစ်ယောက်ကို လည်း ဖွဲ့ဆန္ဒအတိုင်း ရွေးချယ်ပိုင်ခွင့် မရှိဘူး၊ ပြီးတော့ အန်တီဉာဏ် သာကိုလည်း ဆုံးမနိုင်းတယ်။ ဘာဆိုင်လို့လဲ၊ ဖွဲ့က စည်းကမ်း ဘောင်တွေ ခတ်ပြီး ကြပ်ကြပ်တည်း တည်းနေရမှာလားလို့။

"ဖွဲ့"

"ဟင်"

"ညည်း ကြပ်ကြပ်သတိထားနော်၊ မမဉာဏ်သာနဲ့ မောင်ဘုန်းလကျ်ာအပေါ် ကလန်ကဆန်မလုပ်ပါနဲ့"

ဖွဲ့က ဘာမှမပြောဘဲ ငြိမ်သက်နေသည်။ ဖွဲ့ကို သိမ်ငယ် အောင် ဘာဖြစ်လို့ လုပ်ချင်ရတာလဲ။ ဘုန်းလကျ်ာဆိုတဲ့ ယောကျ်ား တစ်ယောက်က ဘယ်လောက်များ ကြီးကျယ်ခမ်းနားနေလို့လဲ။

"ဖွဲ့ကို တီတီလေးပြောစရာရှိတယ်၊ မနက်ဖြန်မနက် မမကန့်ကော်ဆီ တီလေးလိုက်သွားရမယ်၊ မမကန့်ကော်နဲ့ ပြန်လာရမယ်"

"ဟင်"

"ဖွဲ့ လိမ်လိမ်မာမာနေပါ၊ ပြဿနာမရှာပါနဲ့၊ အန်တီ ဉာဏ်သာစကားကို နားထောင်ပါ၊ မောင်ဘုန်းလကျ်ာနဲ့ လက်ထပ် ဖို့ပျက်လို့ မဖြစ်ဘူးနော်"

ဖွဲ့အပေါ် ဘာဖြစ်လို့ မတရားလုပ်နေကြရတာလဲ။ အန်တီ ဉာဏ်သာလက်ထဲ အပ်ခဲ့တာ မတရားတာပဲ။ ဖွဲ့ မနေနိုင်ဘူး။ အဓိပ္ပါယ်မရှိတဲ့ စည်းကမ်းချက်တွေကို ဖွဲ့က လိုက်နာရမှာလား။

"ခေါင်းမမာစမ်းပါနဲ့ ဖွဲ့၊ ညည်းလေး ကောင်းစားဖို့ လုပ်နေကြတာနော်"

"ဟွန်း"

"နှောင်ဖွဲ့အိမ်"

"ဖွဲ့ကို အပြစ်မရှာပါနဲ့၊ ဘာဖြစ်လို့များ ဖွဲ့အပြစ်ပဲ ဖြစ်နေရတာလဲ"

"ဟဲ့"

တီလေးက ကြိတ်ပြီးပြောနေတာဖြစ်၍ ဖွဲ့ အသံကျယ် သွက်သဖြင့် တီလေး လန့်သွားရသည်။

"နင်နော်"

"မမေ့ကိုပြောလိုက်ပါ ဖွဲ့ကို သမီးအဖြစ်ကနေ စွန့်လွှတ်







www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတော့လို့"

"ဒီကောင်မလေးနော်"

ဖွဲ့နှင့်တီလေးက နောက်ခန်းမှာထိုင်နေတာပဲ ဖြစ်သည်

ဖွဲ့ပေါင်ကို ဆွဲဆိတ်နေ၏။

"ညည်းနော်"

"တီလေး"

"ပြော"

"မေမေရော တီလေးရော ဘာမှဆုံးမနေစရာမလို

ဘူးနော်၊ အန်တီဉာဏ်သာက ဖွဲ့ နှိပ်ကွပ်ပါလိမ့်မယ်"

"ဟဲ့…ဒီစကားက ဘာစကားလဲ ညည်းနော်"

တူမချောအတွက် ဒေါ်ပန်းသဇင် စိတ်ပူပင်ရသည်။ ေ

စကားဆိုစကား နားမထောင်ပေ။ မောင်ဘုန်းလက်ျာ စိတ်ကုန်သွ

မှာလည်း စိုးမိသည်။ နောင်ဖွဲ့အိမ် အချိုးနှင့် ဘယ်လိုလူမျိ

သင့်မြတ်မှာမဟုတ်ပါဘူး။

"သဇင်"

"ရှင်"





"နောင်ဖွဲ့အိမ်ကို ဘာမှမပြောနဲ့တော့၊ မဉာဏ်သာ

ဝန်ထားစမ်းပါ၊ ဖွဲ့ နားထောင်မှာပါကွယ်၊ စိတ်မပူနဲ့ သဇင်

စရာရှိတာသာ အေးအေးဆေးဆေးသွား"

နောင်ဖွဲ့အိမ် မကျေမနပ်နှင့် ပြဿနာရှာတာမျိုး ဒေါ်ဉာဏ်

ဥပေက္ခာပြုထားလိုက်သည်။ မဖြစ်ဘူး၊ နောင်ဖွဲ့အိမ်ကိုတော့

ဖြစ်ဖြစ် စည်းကမ်းစနစ်နဲ့ နေတတ်အောင် လေ့ကျင့်ပေးရမှာပဲ။

"မဉာဏ်သာရယ် သဇင် အားနာလိုက်တာနော်၊

င်မလေးက နဲနဲခေါင်းမာတယ်"

"အန်တီဉာဏ်သာ့တာဝန် ထားစမ်းပါ၊ ကန့်ကော်ရော

ပါ စိတ်ချနေစမ်းပါ"

ဖွဲ့ကတော့ အံသွားလေးတွေကိုပဲ တင်းကြပ်စွာ ဖိကိုက်

လေသည်။ ကြည့်လိုက်လေ အန်တီဉာဏ်သာ၊ ဖွဲ့ကို

ပေးလို့ လက်ခံမယ်ထင်လို့လား၊ ဖွဲ့ မျက်ဝန်းလေးတွေက

နေသည်။

"ဖွဲ့အတွက် မပူပါနဲ့ တီတီလေးသဇင်၊ ကိုကိုလည်း

ကြက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဘုန်းလကျ်ာကရော ဖွဲ့ကို ဘာဖြစ်လို့ စောင့်ရှောက်ရမှာလဲ။ ကျွန်မကို ဘာဖြစ်လို့ လက်ထပ်ဖို့ ရွေးချယ်ခဲ့ရတာလဲ။ အချစ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဖွဲ့လိုမိန်းကလေးကို နှိပ်ကွပ်ဖို့မဟုတ်လား။ ကျွန်မ စည်းစနစ်တွေနဲ့ မနေနိုင်ဘူး။ စည်းကမ်းဘောင်ထဲမှာ မနေနိုင်ဘူး။ ဖွဲ့ ရှူးသွပ်စွာ အော်ဟစ်ချင်မိသည်။

"မိန်းကလေးဆိုတာ စည်းကမ်းနဲ့ နေထိုင်ပြုမူရမယ်လေ ဖွဲ့၊ အဲဒါကို လက်မခံလို့မဖြစ်ဘူး"

အန်တီဉာဏ်သာက လေပြည်လေးနှင့် ချုပ်ကိုင်တော့မည်ဖြစ်ကြောင်း ဖွဲ့ သိလိုက်လေသည်။ အန်တီလေးသဖင်က လည်း ရှောင်ထွက်သွားတော့မှာပဲလား။ ထွက်သွားလေ ဖွဲ့ အံသွားလေးကို တင်းကြပ်စွာ ဖိကိုက်ထားလေသည်။



## အခန်း [5]

ဖွဲ့အတွက် အိပ်ခန်းသည် ခမ်းနားပြည့်စုံပြီး လိုလေသေးမရှိအောင် ထားပေးလေသည်။ ဖွဲ့ နှုတ်ခမ်းသားလေးတွေက ရှုတင်းနေ၏။ မေမေနဲ့ အန်တီလေးက ဘာဖြစ်လို့ အန်တီဉာဏ်သာလက်ထဲကို အပ်ရတာလဲ။ ဖွဲ့က ဘယ်လောက်များ ဆိုးသွမ်းပေတေနေလို့လဲ။

"ဟွန်း…မမိုက်လိုက်တာ၊ ကိုကိုဘုန်းလကျ်ာက ဖွဲ့ကို အစေအပါးတစ်ယောက်အဖြစ် ထားချင်လို့ ရှင့်မှာ အချစ်ဆိုတာ မရှိနိုင်ပါဘူး၊ ဖွဲ့လို မိန်းကလေးမှာ ရှင်အထင်ကြီးစရာ ဘာမှမရှိဘူး"

ဖွဲ့ မကျေမနပ်နှင့် ဘာလုပ်ရမှန်းမသိတော့။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းလကျ်ာလို လူတစ်ယောက်ကို ဖွဲ့ လက်ထပ်ပြီး တစ်သက်လုံး စိတ်အကျဉ်းအကြပ်နဲ့ နေရမှာပါ။ မဖြစ်ဘူး။ ကိုကိုဘုန်းလကျ်ာကို ဖွဲ့ ဘယ်တော့မှလက်မထပ်ဘူး။ ဖွဲ့ကို စိတ်ပျက်သွားအောင် လုပ်ပစ်မယ်။

"ကျွိ"

တံခါးပွင့်လာပြီး တီလေးသဇင် ဝင်လာသည်။ ဖွဲ့ မလှုပ်မယှက် ထိုင်နေ၏။

"ဖွဲ့"

"ဟင်"

"တီလေးသွားတော့မယ်"

"အင်း"

"အားလုံးက ဖွဲ့ကောင်းဖို့ပါ"

"ဘုန်းလကျ်ာဆိုတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်တာနဲ့ ဖွဲ့ဘဝတစ်သက်တာလုံး ကံကောင်းသွားပြီလား"

"ဟဲ့...နှောင်ဖွဲ့အိမ်၊ ညည်းလေးက ပြောလေကဲလေ





ပါပဲလားအေ့၊ ညည်းတစ်နေ့ သိလာမှာပါ၊ ဒါပေမယ့် ဒီအိမ်က စည်းကမ်းအတိုင်းပဲ ညည်းနေပါ"

ဖွဲ့ကတော့ ကတိမပေးဘဲ ငြိမ်သက်နေလေသည်။ ဖွဲ့ကံကြမ္မာကို ဖွဲ့ပဲ ဖန်တီးမယ်၊ ဘယ်သူမှ ဖန်တီးလို့မရဘူး။ ဖွဲ့ချစ်ခင်နှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ကိုပဲ လက်**ထပ်မယ်**။ အဲဒါ ဖွဲ့ ခံယူချက်ပဲ။

"မောင်ဘုန်းလကျ်ာက အစစအရာရာ ပြည့်စုံပြီး **ထူးချွန်**ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်ပဲ ဖွဲ့ရယ်၊ ဒီလိုယောကျ်ားတစ်ယောက်ကို လက်ထပ်ခွင့်ရတဲ့ မိန်းမလောက် ကံကောင်းတဲ့မိန်းမဘယ်မှာရှိမှာလဲ"

"ဟွန့်"

"ဖွဲ့"

"သွားပါတော့၊ မမေနဲ့ တီလေးသဇင်တို့ ပျော်သလိုသာ နေကြပါတော့နော်"

"ဟဲ့"

"တီလေးသွားမယ့်လမ်းကို ဖြောင့်ဖြောင့်တန်းတန်း



www.burmeseclassic.com

www.burmeseclassic.com

သွားပါတော့၊ ဖွဲ့ နေတတ်ပါတယ်"

"လိမ္မာစမ်းပါ ဖွဲ့ရယ်၊ မမကန့်ကော်ရော တီလေးရော၊ အန်တီဉာဏ်သာရော အားလုံး ဖွဲ့လေးကို ချစ်ပါတယ်"

ဒေါ်သခင်ကတော့ တူမချောအတွက် စိတ်ပူနေမိလေသည်။ စိတ်ကမဖြောင့်။ မမကန့်ကော်က ထားခဲ့တဲ့။ မမဉာဏ်သာလက်ကို အပ်ခဲ့တဲ့။

"တီလေးသွားတော့မယ်နော်၊ ဖွဲ့ လိုက်မပို့တော့ဘူးလား"

"ဟင့်အင်း"

"ဖွဲ့ရယ် တစ်နေ့ကျရင် ဘယ်သူ့အတွက်လည်းဆိုတာ ဖွဲ့လေးသိမှာပါကွယ်"

တီတီလေး ထွက်သွားသည်။ ဖွဲ့ လိုက်မပို့တော့။ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ပြီး ဖွဲ့ ထိုင်နေမိလေသည်။

"ဖွဲ့အပေါ် ရက်စက်တယ်၊ သူများလက်ထဲ အပ်ထားရက်တယ်"

ဖွဲ့ အော်ဟစ်ပစ်ချင်နေမိလေသည်။ စိတ်တွေ မွန်းကြပ်နေ





၏။ စိတ်ညစ်ညစ်နှင့် ပြတင်းပေါက်မှန်တွေကို ဖွင့်ပြီး အပြင်ကို ကြည့်လိုက်မိသည်။

"ရှူး"

"ဟင်"

သူမကြည့်လိုက်တော့ ဘေးတိုက်မှ ပြတင်းပေါက်တွင်လည်း ကောင်လေးတစ်ယောက် ရပ်နေသည်။ ဖွဲ့နှင့် ရွယ်တူကောင်လေးပဲ။ ဖွဲ့ အကြိုရသွား၏။ အတော်ပဲ ဖွဲ့မှာ အဖော်မရှိလို့ သူနှင့်ပဲ မိတ်ဆွေဖွဲ့ရမည်။

"ဟော့"

"ဘာလဲ"

"နာမည်ဘယ်လိုခေါ်လဲ"

"နှောင်ဖွဲ့အိမ်"

တီလေးသခင်ကို အန်တီဉာဏ်သာနှင့် ကိုကိုဘုန်းလကျော်တို့က လိုက်ပို့နေသည်။ ဖွဲ့တစ်ယောက်တည်း ကျန်ခဲ့၏။

"နှောင်ဖွဲ့အိမ်"

"အင်း"


www.burmeseclassic.com

www.burmeseclassic.com



"အရမ်းလှတာပဲ"

"အဟက်"

"အပြင်ကိုထွက်ခဲ့မလား"

"ဟင့်အင်း…ရှင့်နာမည်ရော"

"သန်"

"သခ်"

"အင်း"

ဖွဲ့နှင့် ရွယ်တူကောင်ချောလေးတစ်ယောက်ပါပဲ။ ဘာရယ်မဟုတ် စိတ်ညစ်ပြီး သခ်ဆိုတဲ့ကောင်လေးနှင့် မိတ်ဆွေဖွဲ့နေလိုက်သည်။

"နှောင်ဖွဲ့အိမ်"

"ဟင်"

"တွေ့ကြရအောင်"

"ဟင့်အင်း"

"တို့ကခင်ချင်လို့ပါ"

"နောက်မှ"





နှစ်ယောက်သား လေသံတိုးတိုးလေးနှင့် လက်ဟန်ခြေဟန် ပြောနေကြခြင်းဖြစ်လေသည်။ ပျင်းရိငြီးငွေ့နေတဲ့ ဖွဲ့အတွက် အပျင်းပြေပဲဖြစ်နေ၏။

"ဖုန်းဆက်မလား"

"အင်း"

"ဒီမှာတို့ဖုန်းနံပါတ်"

သခ်က သူ့လက်ကိုင်ဖုန်းနံပါတ်ကို ပေးလေသည်။ စာလုံးအကြီးကြီးရေးကာ ထောင်ပြ၏။ ဖွဲ့က နေဦးဟု လက်ကာပြပြီး ဒိုင်ယာရီစာအုပ်ယူပြီး သူ့ဖုန်းနံပါတ်ကို လိုက်ကူးထားလိုက်သည်။

"နှောင်ဖွဲ့အိမ်ရဲ့ လက်ကိုင်ဖုန်းနံပါတ်ရော"

"မရှိသေးဘူး၊ အခုမှ နယ်ကရောက်လာတာ"

"အရမ်းလှတယ်"

"ဟွန်း"

နှောင်ဖွဲ့အိမ်ကတော့ နှုတ်ခမ်းလေးတွန့်ပြလိုက်လေသည်။ ဖွဲ့ကို အမြဲလှတာပဲဟု တွေ့တဲ့လူတိုင်းက ပြောကြ၏။ နှုတ်ခမ်းလေးတွေလည်း လှတယ်။ မျက်ဝန်းလေးတွေကလည်း ချို၊ မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေတဲ့။ ကိုယ့်ကိုယ်ကို မြှောက်ပြောတာ မဟုတ်ပါဘူး။ ဖွဲ့ အသားအရေကလည်း ဝင်းအိဖြူနုနေတာပဲ။ ဒါပေမယ့် ဖွဲ့ရဲ့ စိတ်တွေက တင်းမာပြီး မွန်းကြပ်နေသည်။ အရာအားလုံးကို မကျေနပ်ဘဲ ဒေါသတွေ အကြီးအကျယ်ထွက်နေရ၏။

"တီ…တီ"

"တီ"

အန်တီဉာဏ်သာနှင့် ကိုကိုဘုန်းလကျာ်တို့ ရောက်လာ၍ ဖွဲ့ အထဲဝင်လိုက်လေသည်။ တီလေး သွားပြီပေါ့။ ဖွဲ့ရင်ထဲမှာ အထီးကျန်စွာ နာကျင်သွားရ၏။ အန်တီဉာဏ်သာက ဖွဲ့ကို ဘယ်လိုနှိပ်ကွပ်မှာလဲ။ ကိုကိုဘုန်းလကျာ်ကရော ဘယ်လိုတင်းကြပ်တဲ့ စည်းကမ်းတွေ ပေးမှာလဲ။

"ဖွဲ့"

"ရှင်"

"လာ"

"ရှင်"

"ဧည့်ခန်းကိုလာခဲ့"





"ဌဲ့ အနားယူချင်လို့"

"မရဘူး"

"ဟုတ်ကဲ့"

ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ဖွဲ့ ထွက်လာရလေသည်။ ဧည့်ခန်းမှာ ကိုကိုဘုန်းလကျာ်လည်း ရှိနေ၏။

"မနက်ဖြန်ကစပြီး သားဘုန်းလကျာ်နဲ့ ကုမ္ပဏီကို လိုက်သွားရမယ်"

"ဘာလုပ်ဖို့ လိုက်ရမှာလဲ အန်တီ"

"စီးပွားရေးကိစ္စ ဖွဲ့ သင်ထားရမယ်၊ သားရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ကူညီရမယ်"

ကိုကိုဘုန်းလကျာ်နှင့် အနေနီးစပ်အောင် လုပ်ကြခြင်းဖြစ်နိုင်သည်။ သူများလက်အောက်မှာ သူ့အမိန့်ခြေဖဝါးအတိုင်း ဖွဲ့ လိုက်ပြီးမလုပ်နိုင်ပါဘူး။

"မနက် ၆ နာရီမှာ ဖွဲ့ အိပ်ရာကထပါ၊ ခုနစ်နာရီမှာ နက်စာစားဖို့ ထမင်းစားခန်းကို လာရမယ်၊ ကုမ္ပဏီက မနက် ဘယ်နာရီကြမှ သွားရမှာမို့ အန်တီဉာဏ်သာနဲ့ ဈေးလိုက်သယ်ရမယ်၊ ဟင်းထမင်းဝိုင်းချက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ မီးဖိုချောင်အလုပ်တွေ ဝါသနာမပါဘူး၊ ဒါက အလုပ်သမားငှားလို့ရတာပဲ၊ ဖွဲ့ပိုက်ဆံနဲ့ အလုပ်သမားငှားပါတယ်"

"မရဘူး ဖွဲ့၊ မင်းကို အိမ်ရှင်မအလုပ်တွေ တမင်သင်ပေးတာပါ၊ မိန်းမဆိုတာ ဒီလောက်တော့ တတ်သင့်တယ်၊ ဒါမှ ကိုယ်တိုင်မလုပ်ချင်ရင်တောင် အလုပ်သမားတွေကို စီမံခန့်ခွဲနိုင်တာပေါ့"

"ဖွဲ့ တကယ့်ကို ဝါသနာမပါတာ၊ စီးပွားရေးလုပ်ဆိုရင်တော့ လုပ်မယ်၊ ဖွဲ့က အိမ်တွင်းပုန်းကုလားမ လုပ်ရတာမျိုး မကြိုက်လို့လေ"

နှောင်ဖွဲ့အိမ်က တော်တော်မလွယ်တဲ့ မိန်းကလေးဆိုတာ ဒေါ်ဉာဏ်သာ အကဲခတ်မိလေသည်။ ဒါပေမယ့် ဒီကောင်မလေး ကိုတော့ အလျှော့ပေးလို့ မဖြစ်ပါဘူး။ သားနှင့် ဘဝတစ်သက်တာ လုံး လက်တွဲရမှာဆိုတော့ မိန်းမတွေတတ်အပ်တဲ့ ပညာရပ်တွေတော့ သင်ပေးရမှာပဲ။ စည်းမဲ့ကမ်းမဲ့နေတတ်တဲ့ မိန်းမတစ်ယောက်တော့ မဖြစ်စေရပါဘူး။

"အန်တီဉာဏ်သာကတော့ ဖွဲ့ နေချင်သလိုနေခွင့် မပေး နိုင်ဘူး၊ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးပဲ ဖြစ်စေချင်တယ်"





"အဲဒါ ခေတ်နောက်ကျနေပါပြီ အန်တီဉာဏ်သာ၊ မိန်းမတွေ မီးဖိုချောင်ထဲမှာပဲ နေရတဲ့ခေတ်က ကုန်နေပါပြီ"

"တော်စမ်း ဖွဲ့၊ မင်း အန်တီဉာဏ်သာကို ဘာမှ စောဒကတက်ခွင့်မရှိဘူး၊ အန်တီဉာဏ်သာ ခိုင်းတဲ့အတိုင်းပဲ လုပ်ပါ"

ဖွဲ့ ကျောက်ရုပ်လေးတစ်ရုပ်လိုသာ ထိုင်နေလိုက်သည်။ အမေနှင့် တီလေးတို့က အပ်ထားခဲ့ပြီပဲ။ ရက်စက်လိုက်ကြတာ။ ဖွဲ့ မငိုပါဘူး။ ဝမ်းနည်းကြေကွဲမနေဘူး။ ဖွဲ့ဟာ ဘယ်တော့မှ လျှော့ညံ့ပြီး အလျှော့ပေးတတ်သူတစ်ယောက် မဖြစ်စေရဘူး။

"သား"

"ဗျာ"

"ဖွဲ့ကို အလျှော့မပေးပါနဲ့၊ သားစည်းကမ်းတွေ အတိုင်းပဲ လုပ်ပါစေ၊ မေမေတို့ရဲ့စေတနာကို ဒီကောင်မလေး နောက်မှ နားလည်လာမှာပါ"

အန်တီဉာဏ်သာက ပြောပြီး ထသွားလေသည်။ ဖွဲ့ သည်း ထလိုက်၏။

"နေဦး"

"ဖွဲ့ နားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုပြောစရာရှိလို့ ထိုင်ပါဦး နှောင်ဖွဲ့အိမ်"

"ပြော"

"ကိုကိုကိုယ်တိုင်က ဖွဲ့ကို လက်ထပ်ခွင့်တောင်းခဲ့တာပါ"

"ကျွန်မလို ဘာအရည်အချင်းမှ မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ လက်ထပ်ခွင့်တောင်းဆိုရတာလဲ"

"ချစ်လို့"

"ဟင်"

ဖွဲ့ မျက်ဝန်းလေးတွေက ကိုကို့ဆီ ဆတ်ခနဲ ရောက်သွားသည်။ ကိုကိုက ပြုံးပြီးကြည့်နေ၏။ မဖြစ်နိုင်ပါဘူး။ ကျွန်မကို ပညာပေးချင်တာ မဟုတ်လား။ စည်းမဲ့ကမ်းမဲ့ မိန်းကလေးဆိုပြီး အမြင်ကတ်လို့ လက်ထပ်ဖို့ တောင်းဆိုတာ မဟုတ်လား။

"ကိုကို့ရဲ့ ပါရမီဖြည့်ဖက်တစ်ယောက်ပဲ ဖြစ်စေချင်တယ် ဖွဲ့"

ဖွဲ့ ထိုင်ရာကနေ ထလိုက်ပြီး ပြန်ထွက်လာခဲ့လေသည်။



## အခန်း [၅]

"ရော့…ဖွဲ့အတွက် လက်ကိုင်ဖုန်း၊ ကိုကိုက မေတ္တာ က်ဆောင်ပေးတာလေ"

ကိုကိုပေးတဲ့ ဖုန်းလေးကို သူမ ယူလိုက်သည်။ အတော်ပဲ ါ့။ သခ်ီဆီ ဖုန်းဆက်ရမယ်။ ကိုကို့ကို ဒုက္ခပေးရမယ်လေ။ ောင်ဖွဲ့အိမ်လို မိန်းကလေးတစ်ယောက်ကို ရွေးချယ်လိုက်တာ ောင်တာတွေ အကြီးအကျယ်ရစေမယ်။

"ဖွဲ့"

"ဟင်"

"ထ"

"ဖွဲ့တစ်ယောက်တည်း နေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့ အပြင်ထွက်ပြီး ညစာစားရအောင်"

"ဟင့်အင်း"

"ထပါ၊ မနက်ဖြန်ကစပြီး ဖွဲ့က စည်းကမ်းတွေနဲ့ နေ[ရ]တော့မှာလေ၊ ဒီည ကိုကိုက ဖွဲ့ကို စိတ်ပြေလက်ပျောက် အပြ[င်]ထွက်ဖို့ စီစဉ်ပေးတာပါ"

ဖွဲ့လေးရယ်…ကိုကိုက ဖွဲ့ကို ငယ်ငယ်လေးထဲ[က]ချစ်မြတ်နိုးခဲ့ရတာပါကွာ။ သံယောဇဉ်တွေ ကြီးမားခဲ့ရတာပါ[။]ဖွဲ့လေးကို မဆိုးသွမ်းနေစေချင်ဘူး။ တန်ဖိုးကြီးမားတဲ့ မိန်းက[လေး]လေးပဲ ဖြစ်စေချင်တာပါ။ ဖွဲ့လေးကို ချစ်တယ်။

"ထလေ"

"ဟင့်အင်း"

"ထကွာ"

ဖွဲ့လေးလက်ကို ဆုပ်ကိုင်လိုက်စဉ် ခပ်ကြမ်းကြမ်း[…]ဆတ်ခနဲ ရုန်းထွက်လေသည်။

"မင်း ကိုကို့စကားကို နားထောင်စမ်း ဖွဲ့"

"ဒါ ဖွဲ့တစ်ယောက်တည်းနေတဲ့ အခန်းနော်၊ ကို[…]





[…]ခိုးပိုင်နင်း မဝင်ပါနဲ့"

"ဝင်တယ်ကွာ၊ ဒီနေ့ကစပြီး မင်းကိုပိုင်နေပြီ၊ မင်းရဲ့[…]ပ်ထိန်းသူတွေက အပ်လိုက်တာပဲ"

"ကိုကိုက စည်းကမ်းနဲ့နေတာ မဟုတ်လား၊ မိန်းက[လေး]တစ်ယောက်တည်း နေတဲ့အခန်းကို ဝင်ချင်တိုင်းဝင်၊ ထွက်ချင်[တို]င်းထွက်တာ စည်းကမ်းမဲ့တာပဲ"

"ဖွဲ့"

"ထွက်သွားပါ"

ဖွဲ့ မျက်နှာလေးက တင်းနေသည်။ ဘုန်းလက်ျာ ဒေါကန်[…]သာ၏။ စည်းကမ်းတွေဘာတွေ လာပြောနေသည့် မင်း တမင်[…]ာမဟုတ်လား။

"ထစမ်း ဖွဲ့"

ဖွဲ့လက်ကို ဆတ်ခနဲ ဆွဲကိုင်ပြီး ထစေသည်။ မတ်[…]ရပ်ပြီးမှ ရုန်းထွက်လိုက်သဖြင့် သူကလည်း မလွှတ်ပေ။

"ကိုကို အဲဒီလိုမလုပ်ပါနဲ့၊ ဖွဲ့မကြိုက်ဘူး၊ မလိုက်ဘူး[…] လူကြီးတွေက ဘယ်လိုပဲစီစဉ် စီစဉ် ဖွဲ့ လက်မခံသေးဘူး



www.burmeseclassic.com

www.burmeseclassic.com

နော်''

''မင်းလက်မခံလည်း ကိုကိုကတော့ လက်ထပ်ရမှာပဲ၊ မင်းက ဒီအိမ်က မိသားစုဝင်ဖြစ်သွားပြီ''

''ကိုကိုနော်''

''ထ သွားမယ်၊ ကိုကို့ကို စိတ်ဆိုးအောင်မလုပ်နဲ့နော် ဖွဲ့၊ မင်းစိတ်တွေ ရှင်လန်းအောင် လိုက်ပို့ပေးတာပါ''

ဖွဲ့လက်လေးကို ဖွတ်အတင်းပင် ဆွဲခေါ်ပြီး ထွက်လာလေသည်။ ဖွဲ့က မလိုက်ချင်လိုက်ချင်နှင့် တွန့်ဆုတ်တွန့်ဆုတ်လေး လိုက်လာ၏။

''သားနဲ့ဖွဲ့ အပြင်ထွက်ပြီး ညစာသွားစားကြမလို့ မေမေ''

''အေး...သွားကြလေ၊ ဒါပေမယ့် ဖွဲ့နောက်နေ့က စပြီး စည်းကမ်းအတိုင်းပဲ နေရတော့မယ်နော်''

ဖွဲ့ အင်းမလုပ်အဲမလုပ်နှင့် ကိုကို့နောက်က လိုက်လာခဲ့သည်။

သခ်က လှမ်း၍ပြုံးပြလေသည်။ ဖွဲ့ကလည်း လှိုက်လှိုက်လှဲလှဲလေး ပြုံးပြနှုတ်ဆက်လိုက်၏။





''ဖွဲ့''

''ဟင်''

''သခ်နဲ့ ဘယ်တုန်းကသိနေရတာလဲ''

''မနက်က''

''ဘာ''

''ဘာဖြစ်လို့လဲ ကိုကို၊ အိမ်နီးနားချင်းတွေပဲလေ ကြည့်ဒီကြည့်လုပ်ရင်း ခင်သွားကြတာပါ''

ကောင်းတယ်။ သခ်နဲ့တွေ့လိုက်ရတာ အရမ်းကောင်းသွားပဲ။ ကိုကို့မျက်နှာကြီး တင်းမာအောက်သိုးသွားတာလည်း ဖွဲ့ သဘောကျသွားရသည်။ ကိုကို့စိတ်တွေ အနှောင့်အယှက် ပေးလိုက်ချင်လေ။ သခ်က ထလာသည်။

''ကိုကိုဘုန်းလက်ျာ ဒီပွဲအတွက် သခ် ရှင်းပေးလိုက်မယ်နော်''

''ဟာ...မဟုတ်တာပဲ သခ် မရှင်းပါနဲ့''

''ရှင်းပြီးပြီ၊ နှောင်ဖွဲ့အိမ်ကို သခ်က ကျွေးချင်လို့ပါ၊ မင်္ဂလာခင်မှုအမှတ်တရနော်''



www.burmeseclassic.com

www.burmeseclassic.com


"အင်း"

"သွားပြီနော်…ကိုကို ဖွဲ့ တို့သွားပြီ"

"အိုကေ"

သခ်ကို ဖွဲ့ လက်ကလေးဝှေ့ယမ်းပြကာ နှုတ်ဆက်လိုက်လေသည်။

"ဖွဲ့"

"ရှင်"

"သခ်နဲ့ဖွဲ့ ဒီလောက်အထိ တရင်းတနှီးဖြစ်နေပြီလား"

"လူငယ်အချင်းချင်းဆိုတော့ ဒီလိုပဲ ခင်မင်သွားကြတာပဲလေ"

"သခ်နဲ့ ဒီလောက်အထိ တရင်းတနှီး နေစရာမလိုဘူး ဖွဲ့"

"ဘာဖြစ်လို့လဲ ကိုကို"

"သခ်အကြောင်း မင်းဘယ်လောက်သိလို့လဲ"

"သခ်က လူယဉ်ကျေးတစ်ယောက်ပါ၊ ကြည့်ရတာ တကယ့်ကို စမတ်ကျပြီး ခေတ်လူငယ်ပဲ၊ ဖွဲ့က ခပ်တုံးတုံးကြီးဆို



မကြိုက်ဘူးသိလား"

ဖွဲ့ တမင်ရွဲ့ပြောနေမှန်း ဘုန်းလက်ျာ သိနေသည်။ အရမ်းဆိုးတဲ့ ကောင်မလေးတစ်ယောက်ပဲ။ မင်းကို ဒါကြောင့် ကိုကိုက စိတ်ပူနေရတာပါ။ မင်းက မိသားစုဝင်တွေကို မကျေမနပ်ဖြစ်ပြီး အရွဲ့တိုက်ချင်နေတာပဲ မဟုတ်လား။

"နောက်နေ့ကစပြီး စည်းကမ်းအတိုင်းပဲ မင်းနေရတော့မယ် ဖွဲ့၊ သခ်နဲ့ မပတ်သက်ရဘူး၊ ဒီကောင်လေးက အရမ်းဆိုးတယ်၊ စီးပွားရေးလည်း စိတ်မဝင်စား၊ မိန်းကလေးတွေနဲ့လည်း ရှုပ်ပွေတယ်၊ နိုက်ကလပ်တွေလည်း တက်တယ်"

"ကိုကို"

"ပြော"

"သခ်မှာ ကောင်းတာတွေ ဘာတစ်ခုမှမရှိတော့ဘူးလားဟင်"

"မရှိဘူး"

"ကိုကို မတရားပြောတာပဲ၊ လူကြီးလူကောင်းတစ်ယောက်အနေနဲ့ လူတစ်ယောက်ကို မနာလိုသင့်ပါဘူးနော်"


www.burmeseclassic.com

www.burmeseclassic.com

"ဖွဲ့ ကိုကို့စကားတွေကိုပဲ လက်ခံပါ၊ သခ်နဲ့ မပတ်သက်ပါနဲ့၊ ကိုကို့ဓနီးလောင်းကို တန်ဖိုးကြီးမားတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်စေချင်တယ်"

"အဟက်"

"ဘာရယ်တာလဲ ဖွဲ့"

"ရယ်ချင်လို့"

"သွားစို့ ဖွဲ့"

"နေပါဦး ကိုကိုရဲ့၊ ဖွဲ့က နောက်နေ့ကစပြီး စည်းကမ်းစာအုပ်ကြီးအတိုင်း နေရမှာဆိုတော့ ဒီနေ့ညတော့ တစ်မြို့လုံးအနှံ့ လျှောက်လည်ပြီး လွတ်လွတ်လပ်လပ် နေပါရစေ"

"မရဘူး ဖွဲ့၊ ပြန်မယ်၊ မေမေကလည်း ကြိုက်မှာမဟုတ်ဘူး"

"ကိုကိုပဲ ဖွဲ့ကို အတင်းခေါ်လာပြီးတော့"

"တော်လောက်ပြီ"

လက်ျာစိတ်ထဲမှာ သခ်နှင့်ဖွဲ့ ခင်မင်မှု ဒီလောက်အထိ မြန်ဆန်သွားတာကို သဘောမကျနိုင်ပေ။ ဖွဲ့ ရောက်လာတာမှ





တစ်ရက်နှစ်ရက်ပဲ ရှိနေသေးသည်။ သခ်ကို အစောကြီးထဲက မကြိုက်ပေ။ မိသားစုအလိုက် စည်းမရှိကမ်းမရှိ နေထိုင်တတ်ကြတဲ့ သူတွေ ဖြစ်နေကြ၏။

"ဒီတိုက်နဲ့ခြံကလည်း သခ်တို့အပိုင် မဟုတ်ဘူး ဖွဲ့၊ ငှားပြီးနေကြတာပါ၊ သခ်တို့မိသားစုမှာ ဘာမှအထင်ကြီးစရာ မလိုဘူး"

"ပြန်တော့မယ်"

သခ်ကို ဒီလောက်အထိ အတင်းပြော အပုတ်ချနေတာ ကိုကို မနာလိုလို့မဟုတ်လား။

"ကိုကိုက စည်းကမ်းတွေနဲ့ ဘောင်ခတ်ပြီး နေတတ်တဲ့လူဖြစ်ပြီး ဘာဖြစ်လို့ စည်းမရှိကမ်းမရှိ သူများမကောင်းကြောင်းတွေ ပြောရတာလဲ"

"ဖွဲ့နော်…ကိုကို့ကို ဆန့်ကျင်ဖို့ မကြိုးစားနဲ့၊ မင်း သခ်နဲ့ ထိုးဝမပတ်သက်ရဘူး"

ဖွဲ့ မျက်နှာလေးက ရှုတင်းတင်းလေး ဖြစ်သွားရလေသည်။ ဖွဲ့ခင်ချင်တဲ့သူနဲ့ ခင်မင်ပိုင်ခွင့်တောင် မရှိဘူးလား။ တစ်ခိုး



www.burmeseclassic.com

www.burmeseclassic.com



မဲ့နေတဲ့ မိန်းကလေးတစ်ယောက်ကိုမှ ကိုကိုက ဘာဖြစ်လို့ လက်ထပ်ဖို့ ရွေးချယ်ခဲ့ရတာလဲ။ ကိုကိုဘုန်းလက်ျာက အမြဲတမ်း တွက်ချက်ပြီး လူ့တန်ဖိုးကို မြှင့်တင်ချင်နေတဲ့လူတစ်ယောက်ပဲ။

"မဖြစ်တော့ဘူးဖွဲ့...မင်းကို အလိုလိုက်လို့ မဖြစ်တော့ဘူး၊ သခ်နဲ့ခင်မင်နေတာ အန္တရာယ်ဘယ်လောက်ကြီးမယ်ထင်လဲ၊ ဖွဲ့ ကိုကို လက်မခံနိုင်တော့ဘူး"

"ဖွဲ့ကို မပိုင်သေးဘဲနဲ့ ဒီလောက်အထိ ချုပ်ချယ်ဖို့ မသင့်ပါဘူး ကိုကို၊ ဖွဲ့မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ဆုံးဖြတ်ပိုင်ခွင့်တွေ မရှိတော့ဘူးလား"

"မရှိဘူး"

"ဟင်"

"ပြန်ကြမယ်"

ဖွဲ့လက်လေးကိုဆွဲပြီး ကားထဲဝင်စေသည်။ ဖွဲ့ကို အလိုလိုက်လို့ မဖြစ်ဘူးဟု သူဆုံးဖြတ်လိုက်မိ၏။ သူလက်ထပ်မယ့် မိန်းကလေးက ဖွဲ့ပဲဖြစ်စေရမယ်။ ဒါပေမယ့် စည်းမဲ့ကမ်းမဲ့ နေထိုင်တတ်တဲ့ မိန်းကလေးတစ်ယောက်တော့ မဖြစ်စေရဘူး။





"ဖွဲ့"

"ဟင်"

"လူကြီးတွေစီစဉ်တာကို ဖွဲ့ အေးအေးချမ်းချမ်း လက်ခံပေးပါလားကွာ"

ဖွဲ့လက်လေးကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ပြီး ဘုန်းလက်ျာ ပြောနေမိလေသည်။ ကားမီးအလင်းရောင် မှိန်မှိန်လေးအောက်မှာပင် ဖွဲ့ရဲ့ နုထွတ်လှပချောမွတ်တဲ့ မျက်နှာလေးက စွဲမက်စရာကောင်းစွာ ဝင်းအိနေသည်။ ဒီမျက်နှာလေးကို လက်ျာ ငယ်စဉ်လေးထဲက စွဲလမ်းနှစ်သက်မြတ်နိုးလာခဲ့ရတာပါ။ ဖွဲ့ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ကာ မျက်နှာလေးအနှံ့ နမ်းပစ်ချင်တဲ့စိတ်ဆန္ဒတွေကို ချိုးနှိမ်ထားရသည်။ ကိုကိုက စည်းကမ်းရှိတဲ့ ယောကျ်ားတစ်ယောက်ပါ။ ဖွဲ့ရဲ့ အပျိုစင်ဘဝလေးကိုလည်း မထိရက်မတို့ရက်အောင် တန်ဖိုးထားချင်ခဲ့တာပါ။

"ပြဿနာမရှာချင်ပါနဲ့ ဖွဲ့ရယ်၊ ကိုကို့ရင်ခွင်ထဲမှာ ဖွဲ့ စိတ်ချမ်းသာကိုယ်ချမ်းသာ နေပါကွာနော်၊ ဖွဲ့က ကိုကို ငယ်စဉ်လေးထဲက သံယောဇဉ်ကြီးမားစွာ တွယ်ငြိခဲ့ရတဲ့ မိန်းကလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်လိုက်ပေမယ့် ဖွဲ့က ဆန့်ကျင်ပြီး ဆတ်ခနဲ ရုန်းထွက်လေသည်။

"ကားပဲမောင်းပါ ကိုကို၊ ဖွဲ့ ပြန်ချင်ပြီ၊ အနားယူတော့မယ်"

ကိုကို့ရင်ခွင်ထဲကနေ ဖွဲ့ ရုန်းထွက်လိုက်လေသည်။ ဖွဲ့စိတ်ထဲမှာ အလိုမကျသလိုနှင့် ကိုကို့အချစ်တွေကို ဖွဲ့ လက်မခံနိုင်ဘဲ ဖြစ်နေ၏။ ဖွဲ့လို မိန်းကလေးတစ်ယောက်ကို ဘယ်လိုအကြောင်းနဲ့မှ ကိုကို ချစ်မြတ်နိုးနိုင်စရာ မရှိပါဘူး။ စည်းမဲ့ကမ်းမဲ့နေတတ်ပြီး ဆိုးပေတေနေတဲ့ မိန်းကလေးမို့ ကိုကို အထင်သေးနေခဲ့တာပဲ။ အခုလည်း လူကြီးတွေက အတင်းအကြပ်စီစဉ်တာပဲ မဟုတ်လား။ ဖွဲ့ ကျောက်ရုပ်လေး တစ်ရုပ်လို မလှုပ်မယှက်ထိုင်ပြီး လိုက်လာခဲ့လေသည်။



## အခန်း [၆]

"ဟဲလို...သခ်လား"

"နှောင်ဖွဲ့အိမ်လား"

"အင်း"

"ဖွဲ့မှာ လက်ကိုင်ဖုန်း ရှိနေပြီလေ၊ သခ်ကို နံပါတ်[illegible]မလို့"

"အိုကေ...သခ်ကလည်း ဖွဲ့ရဲ့ ဆက်သွယ်လာမယ့်[illegible]ကို စောင့်နေတာပါ၊ ပြော ဖွဲ့လက်ကိုင်ဖုန်းနံပါတ်၊ တို့[illegible]ည်းနှလုံးထဲအထိ စွဲနေအောင် မှတ်ထားမယ်နော်"

"ပြော"

"တကယ်ပါကွာ၊ မနက်က ဖွဲ့ကို တို့အဝေးမှာနေ



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်တာတောင် ဒီလောက်အထိ စွဲလမ်းနေရတာ၊ ညနေက အနီးကပ်နေရတော့ အရမ်းကို လှပချောမောလွန်းတဲ့ မိန်းကလေး ဆိုတာ တွေ့လိုက်ရတယ်၊ သခ်ရင်ထဲမှာ အရမ်းကို လှုပ်ရှားရပြီး တမ်းတသတိရနေရပါတယ်ဖွဲ့ရယ်"

"သခ် အပြောကောင်းပဲ"

"ဖွဲ့"

"ဟင်"

"ဒီကိုဘာလာလုပ်တာလဲ၊ ကိုကိုလက်ျာနဲ့ ဘယ်လို ပတ်သက်နေလဲ"

"ဖွဲ့တို့က အိမ်နီးနားချင်းတွေပါ သခ်၊ ဖွဲ့ကို စောင့် ရှောက်နေတဲ့ တီလေး နိုင်ငံခြားခဏသွားလို့ ဒီမှာအပ်ထားခဲ့ တာလေ"

"ဟုတ်လား"

"အင်း"

"တို့လေ...ဖွဲ့ကို အရမ်းသတိရနေပြီး တွေ့ချင်တယ် ကွာ၊ ဖွဲ့နဲ့ စကားတွေပြောချင်တယ်၊ တို့က တစ်ဦးတည်းသော





သားလေ၊ အထီးကျန်နေတာ ဖွဲ့နဲ့ မိတ်ဆွေဖြစ်ရတာ အတော်ပဲ ဖြစ်သွားရတယ်"

"အဟက်"

"မရယ်နဲ့ ဖွဲ့ကို အရမ်းမြတ်နိုးသွားပြီ၊ အရမ်းတမ်းတ တယ်ကွာ၊ တွေ့ချင်လို့ သေတော့မယ်၊ သခ်က ဘယ်လိုမိန်းက လေးမျိုးကိုမှ စိတ်ဝင်စားတာမဟုတ်ဘူးနော် ဖွဲ့"

"အပိုတွေ"

ကိုကိုပြောတော့ သခ်က မိန်းမတွေနဲ့ ရှုပ်ပွေတယ်တဲ့။ မိသားစုတစ်ခုလုံး အဆင့်မရှိဘူးတဲ့။ တိုက်နဲ့ခြံကလည်း အငှား တဲ့။ ကိုကိုပြောစကားအရ သခ့်တို့မိသားစု အဖတ်ဆယ်လို့မင် ရတော့။

"သခ်"

"ဟင်"

"တစ်ခုမေးမယ်နော် အမှန်အတိုင်းပဲဖြေပါ"

"မေးလေ ဖွဲ့ သခ်ကတော့ ဖွဲ့ကို လုံးဝမလိမ်မညာ ဘဲ အဖြေတွေပေးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီခြံနဲ့တိုက်က သန်တို့အပိုင်ပဲနော်"

"ဟာ…ဖွဲ့ကလည်း အပိုင်ပဲပေါ့၊ ဘာဖြစ်လို့လဲ၊ ဘယ်သူက တို့ငှားနေတာလို့ပြောလဲ၊ အဲဒါ မနာလိုလို့ပြောတာပါ၊ တို့မိဘတွေပိုင်တဲ့ ခြံနဲ့တိုက်ပါကွာ"

ကိုကိုဘုန်းလကျ်ာက ပြောတယ်ဆိုတာ သန် သိလိုက်လေသည်။ နှောင်ဖွဲ့အိမ်ဆိုတဲ့ ကောင်မလေးကတော့ သာမန်မိန်းကလေးတစ်ယောက် မဖြစ်နိုင်ပါဘူး။ သန်အတွက် ခွင်ပဲ။ အရမ်းချောမောလှပနုထွတ်နေတဲ့ ကောင်မလေးပဲ။ အနီးကပ်တွေ့လိုက်ရမှ နှောင်ဖွဲ့အိမ်အလှက သန်ရဲ့ နှလုံးသားထဲအထိ စူးနစ်စွာ တိုးဝင်လာရသည်။ မင်းကို သန် အလွတ်မပေးတော့ဘူး နှောင်ဖွဲ့အိမ်။

"ဖွဲ့"

"ဟင်"

"ယုံလား"

"အင်း"

"ကြားစကားတွေကို မယုံနဲ့နော်"





"အင်းပါ"

"တို့နှစ်ယောက် တွေ့ကြရအောင်ကွာ"

"မဖြစ်သေးပါဘူး၊ ဖွဲ့ကိုအပ်ထားတာဆိုတော့ သူတို့ခွင့်ပြုချက်မရဘဲ ဘာမှလုပ်လို့မရသေးဘူးလေ သန်"

"ကိုယ်စောင့်နေမယ်၊ ဖွဲ့နဲ့တွေ့ခွင့်ကို နေ့စဉ်မျှော်လင့်စောင့်စားနေပါ့မယ်နော် ဖွဲ့"

"အင်း"

"ဖုန်းမချလိုက်နဲ့ဦးနော် ဖွဲ့၊ သန်တို့ စကားတွေ အကြာကြီးပြောရအောင်"

"မရတော့ဘူး၊ အန်တီညဏ်သာ လာနေတယ်၊ ဖွဲ့ အသည်းစဆုံးပဲသိလား သန်၊ သူတို့အိမ်ရဲ့ စည်းကမ်းချက် တွေကို ဖောက်ဖျက်ပြီတော့မယ်လေ"

ဖွဲ့ ဖုန်းကပျာကယာ ဝိတ်ပစ်လိုက်ရလေသည်။ အပြင်မှာ အန်တီညဏ်သာရောက်နေ၏။ ဖွဲ့ကို အခန်းတံခါး ဖွင့်ခိုင်းနေသည်။

"ဖွဲ့လေး အိပ်ပြီလား၊ တံခါးဖွင့်ပါဦး"

သူမ ထလိုက်သည်။ တံခါးဖွင့်ပေးလိုက်၏။ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာ့လက်ထဲမှာ ခွက်ဖူးတစ်လုံးနှင့် မုန့်တွေ ယူလာသည်။

"ဖွဲ့လေးအတွက် ကော်ဖီနဲ့မုန့်တွေ လာပေးတာပါ၊ ဖွဲ့က ညဆိုဆာတတ်တယ်လို့ သဇင်က ပြောသွားတယ်လေ"

"မဆာတတ်ပါဘူး၊ ကော်ဖီဆို ဖွဲ့က ပိုမသောက်ပါဘူး၊ အိပ်လို့မပျော်လို့ အန်တီလေးက ဘာတွေပြောသွားလဲ မသိပါဘူး"

ဖွဲ့ တမင်ဆန့်ကျင်ဘက် လုပ်နေတာ ဒေါ်ဉာဏ်သာ သိသည်။ သားက ပြောပြထား၍ တစ်ဖက်ခြံက သန်းနှင့် သိကျွမ်းခင်မင်နေကြတာ သိ၍ စိတ်ပူမိ၏။ သန်းက လူရှုပ်လူပွေလေး သန်းအမေ လူစီကလည်း မကောင်းမှုဒုစရိုက်တွေအားလုံး လုပ်သူပဲ။

"ဘာပဲဖြစ်ဖြစ် အန်တီဉာဏ်သာက စေတနာနဲ့ လုပ်ပေးတာပါ၊ ဖွဲ့လေး စားချင်တဲ့အချိန်စားပေါ့"

"မထားခဲ့ပါနဲ့"

"ဘာဖြစ်လို့လဲကွယ်"

"မစားတတ်လို့ပါ၊ ဖွဲ့ အိပ်တော့မလို့"





"ကောင်းပြီလေ ဖွဲ့၊ အန်တီဉာဏ်သာ သွားတော့မယ်နော်"

"ဟုတ်ကဲ့"

"အိပ်တော့နော်...မနက်အစောကြီးထရမယ်၊ အန်တီဉာဏ်သာတို့အိမ်မှာ ဘယ်သူမှနေမြင့်အောင် မအိပ်ရဘူး၊ မနက် ၇ နာရီအရောက် မီးဖိုခန်းကို လာရမယ်နော် ဖွဲ့လေး"

"ဟုတ်ကဲ့ပါ"

"မီးပိတ်တော့၊ အန်တီဉာဏ်သာပဲ ပိတ်ပေးခဲ့မယ်၊ အိပ်တော့"

ဒေါ်ဉာဏ်သာက မီးကိုပိတ်လိုက်လေသည်။ ဖွဲ့လေး အပြောင်းညင်သာလာအောင် ဘယ်လိုလုပ်ရမလဲဟု တွေးနေမိ ... မိမိအပေါ် ဖွဲ့က အမြင်မကြည်လင်ပေ။ နေရာတကာ ... ည်းကမ်းနှင့် နေထိုင်တတ်၍ ဖွဲ့အမြင်တွင် ကြီးကျယ်သည်ဟု ... င်နေသည်။

"မေမေ"

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကော်ဖီနဲ့မုန့်တွေကို ဖွဲ့ လက်မခံဘူးလားဟင်"

"မစားတတ်ဘူးတဲ့၊ ပြန်ယူသွားပါတဲ့"

"ဒီကောင်မလေး တမင်ရှဲ့တာပါ၊ ဘယ်လိုလုပ်ကြမ

မေမေ"

"နောက်နေ့ကစပြီး ဒီကောင်မလေးကို အလျှော့ပေ

လို့မရတော့ဘူးသား၊ စည်းကမ်းပေးရမှာပဲ၊ တစ်နေ့ကြရင် မေ

တို့မေတ္တာစေတနာကို သိလာမှာပါ"

"ဖွဲ့လေး တစ်ခုခုဖြစ်သွားမှာ သား အရမ်းစိတ်ပူတာ

မေမေရယ်၊ အရမ်းစည်းကမ်းတင်းကြပ်ရင်လည်း ဖွဲ့ စိတ်ပိုညှ

သွားမလားပဲ"

"မရဘူးသား၊ ဒီကောင်မလေးက အကြောမာတယ်

မေမေ့သားက ရွေးချယ်လို့သာပါ သားဘဝလက်တွဲဖော်

စည်းစနစ်ကြီးပြီး တည်ငြိမ်အေးချမ်းတဲ့ သားရဲ့စီးပွားရေးမှာလည်

ကူညီနိုင်မယ့် မိန်းကလေးမျိုး ဖြစ်စေချင်တာပါ"

"ဖွဲ့ကို သား စောင့်ရှောက်ချင်တယ် မေမေ၊ ဘယ်

လောက်ပဲဆိုးဆိုး သား သည်းခံချင်ပါတယ်၊ ဖွဲ့ကိုပဲ သာ







သက်ထပ်မယ်"

"ဖွဲ့ကို ညီမလေးတစ်ယောက်လိုပဲ စောင့်ရှောက်ပါ

သားသားရယ်၊ မေမေလည်း ဖွဲ့လေးကို ချစ်ပါတယ်၊ လိမ္မာ

ယဉ်ကျေးလာအောင်ပဲ ပြုပြင်ပေးချင်ပါတယ်၊ သား ထပ်ပြီး

ဉ်းစားပါဦး"

နှောင်ဖွဲ့အိမ်နှင့် အဆင်ပြေပါ့မလားဟု ဒေါ်ဥဏ်သာ

ဉ်းစားနေမိသည်။ သားက အချစ်ရောပါရဲ့လား။ ယောင်္ယောဇဉ်

နှင့် စောင့်ရှောက်ချင်တာဆိုရင်တော့ သားကို ပြန်၍စဉ်းစားစေချင်

သည်။

"မဟူရာလေးက သားအတွက် စဉ်းစားသင့်တဲ့ မိန်းက

လေးပဲကွယ်၊ ယဉ်ကျေးလိမ္မာပြီး ပညာတတ်မိန်းကလေးပါ၊

စီးပွားရေးမှာလည်း ဦးဆောင်လုပ်ကိုင်နိုင်တယ်လေ"

မေမေက လက်ျာရဲ့သူငယ်ချင်း မဟူရာညနှင့် သဘော

တူနေ၍ သူက ဖွဲ့လေးကို လက်ထပ်လိုကြောင်း တောင်းဆိုခဲ့ခြင်း

ဖြစ်သည်။ ဖွဲ့ မင်းက ကိုကို့ရင်ခွင်ထဲမှာပဲ လုံခြုံအေးချမ်းနိုင်မှာ

ပါကွာ။ ကိုကို စိတ်မချဘူး။ ကိုကို့ရင်ခွင်ကလွဲပြီး မင်းဘဝလေး

အေးချမ်းမတည်ငြိမ်နိုင်ပါဘူး ဖွဲ့ရယ်။



www.burmeseclassic.com

"အချစ်ရောပါရဲ့လား၊ ငယ်သံယောဇဉ်နဲ့ စောင့်ရှောက်ချင်တာမျိုးလားကွယ်"

"ဘယ်လိုပဲဖြစ်ဖြစ် သား ဆုံးဖြတ်ပြီးပြီ၊ ဖွဲ့ကို လက်ထပ်မယ်၊ မဟူရာကိုတော့ သား သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားနိုင်တယ် မေမေ"

"အင်းလေ…အိမ်ထောင်ရေးမှာတော့ သား ရွေးချယ်တဲ့ မိန်းကလေးကိုပဲ မေမေ လက်ခံရမှာပဲလေ"

"ဖွဲ့ကို လက်ခံပေးပါ မေမေ၊ သား အရမ်းပဲ သံယောဇဉ်ကြီးပြီး ချစ်မြတ်နိုးရတဲ့ မိန်းကလေးဖြစ်နေလို့ပါ၊ ဖွဲ့ ဘာပဲဖြစ်နေဖြစ်နေ ဘယ်လောက်ပဲဆိုးဆိုး သားသည်းခံမယ်၊ စောင့်ရှောက်မယ်"

"မေမေလည်း ဖွဲ့လေးကို ငယ်စဉ်လေးထဲက ထိန်းကျောင်းလာတာပဲဟာ၊ သံယောဇဉ်ရှိပါတယ်၊ ဒါကြောင့်လည်း လက်ခံတာပေါ့ကွယ်၊ သိပ်တော့ အလိုလိုက်လို့မဖြစ်ဘူးသား၊ စည်းကမ်းနဲ့ နေတတ်အောင်တော့ ပြုပြင်ရမှာပဲ"

"ဟို…သားက ဖွဲ့ကို ရုတ်တရက်ကြီး စည်းကမ်း တွေနဲ့ မတင်းကြပ်စေချင်လို့ပါ"





"သားအသာနေစမ်းပါ၊ ဝင်မပါနဲ့၊ အလိုလိုက်ထားရင် အမိုက်စော်ကားမယ်နော်၊ မေမေ စည်းကမ်းပေးမယ်၊ သွန်သင်မယ်၊ သားအသာလေး ကြည့်နေစမ်းပါ"

"ဟုတ်ကဲ့ပါ မေမေ၊ ဖွဲ့ကို ချွေးမအဖြစ် မေမေ လက်ခံပေးတာပဲ သား ကျေးဇူးတင်နေပါပြီ"

"သားရယ်…အဲဒါ ဝဋ်ကြွေးပဲထင်တယ်၊ သားလို ယောကျ်ားတစ်ယောက်က ဖွဲ့ကိုမှ ချစ်ခင်မြတ်နိုးနေတော့လည်း ဘယ်တတ်နိုင်တော့မလဲလေ"

မေမေ စိတ်မသက်မသာနှင့်ပြောပြီး ထွက်သွားလေသည်။ ဖွဲ့ကို သူ့ဘဝတစ်သက်တာ လက်တွဲဖော်အဖြစ် ရွေးချယ်လိုက်တာ မှားသည်ပဲဖြစ်ပါစေ သူ ကျေကျေနပ်နပ် ခံယူတော့မည်ဟု ဆုံးဖြတ်ထားမိ၏။ ဖွဲ့ကို သူပဲစောင့်ရှောက်ချင်တယ်။ တစ်နေ့နေ့မှာ ဖွဲ့ကို သူ့အနားမှာထားပြီး စောင့်ရှောက်မယ်လို့ သူဆုံးဖြတ်ထားခဲ့လေသည်။ ဘယ်လိုပဲ တန်ဖိုးကြီးမားတဲ့ မိန်းမချောလေးတွေ ဘုန်းလက်ျာလေးမှာ ဝိုင်းနေပါစေ သူတန်ဖိုးထား မြတ်နိုးရတာက နှောင်ဖွဲ့အိမ်ပဲ ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၅]

"ကလင်"

"ကလင်…ကလင်"

ကျယ်လောင်တဲ့ နှိုးစက်သံကြီးကြောင့် ဖွဲ့ အထိတ်တလန့် နှင့် အိပ်ရာကနေ နိုးလာလေသည်။ သူမခေါင်းရင်းမှာ နှိုးစက်က ထမြည်နေ၏။ မျက်လုံးတွေ ပွတ်သပ်ပြီး ကြည့်လိုက်တော့ နာရီက ၆ နာရီပြနေသည်။

"ကလင်…ကလင်"

"ကလင်"

"တောက်"

နှိုးစက်ကို ဒေါသတကြီးနှင့် ပိတ်ပစ်လိုက်လေသည်





စိတ်ပျက်လိုက်တာနော် သေချင်တာပဲ။ နှိုးစက်ပေးပြီး ဖွဲ့ ခေါင်းရင်းမှာ လာထားတာ အန်တီဉာဏ်သာပဲဖြစ်ရမယ်။

"ဒုက္ခပါပဲနော်…အိပ်ချင်လိုက်တာ၊ မနက်အစောကြီး ထတဲ့အကျင့်မှမရှိတာ၊ အိပ်ချင်တယ်၊ အရမ်းအိပ်ချင်တယ်၊ ဝါး"

ဖွဲ့ ဘယ်လိုမှမထနိုင်ဘဲ ဖြစ်နေလေသည်။ မျက်လုံးတွေက ဖွင့်မရ ငိုက်မြည်းပြီး ပြန်၍လှဲချင်နေ၏။

"ဘယ်လိုလုပ်ရမလဲနော်၊ ဖွဲ့ အမြဲတမ်း မနက် ကိုးနာရီ လောက်မှ ထတတ်တာပဲ"

ညက အိပ်မပျော်တာလည်း ပါနေသည်။ ဟိုတွေး သည်တွေးနှင့် အိပ်မရပေ။ ညထဲက မနက်အစောကြီး ထရမည့် အရေးကို စိတ်လေးပြီး ဖွဲ့ သေချင်လောက်အောင် စိတ်ညစ်နေမိ သည်။ ဗိုက်ကလည်း ဆာနေ၏။ ညသန်းခေါင်လောက်ဆို ဖွဲ့က ကော်ဖီနှင့်မုန့်ကို စားနေကျပါ။ အန်တီ ဉာဏ်သာကို အမြင်ကတ်ပြီး မြေထိုးခိုင်းလိုက်တာ မှားသွားသည်။ ဗိုက်ဆာတာကတစ်မျိုး မထနိုင် ဘူး။ စိတ်ညစ်တယ်။ အရမ်းအိပ်ချင်တာပဲနော်။

"မနှောင်ဖွဲ့အိမ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မနှောင်ဖွဲ့အိမ် နိုးနေပြီလား၊ ကြီးကြီးဉာဏ်သာက မေးခိုင်းလို့ပါ"

"အင်း"

"ထတော့နော် ကြီးကြီးဉာဏ်သာက စည်းစနစ် အရမ်းကြီးတယ်၊ မမလေးထပါတော့"

မထဘူး...မထဘူး။ ဘာလုပ်ချင်လဲ။ ဖွဲ့က အစောကြီးထပြီး အိမ်မှုကိစ္စတွေ လုပ်ရမှာလား။ လုံးဝဝါသနာမပါဘူး။

"ထရမှာပဲ...ထရမှာပဲ၊ ဒုက္ခပါပဲနော်"

ဖွဲ့ ဆက်ပြီးအိပ်မနေနိုင်တော့ဘဲ ထလိုက်ရလေသည်။ ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်၏။ ရေချိုးသည်။

"မမလေး"

"ဒေါက်...ဒေါက်"

"မမလေး"

ဖွဲ့အပြင်မှ တံခါးခေါက်နေတဲ့ ချစ်စုအား ဒေါသဖြစ်လာရသည်။ ရေချိုးနေတာတောင် ကောင်းကောင်းမချိုးရဘူး။





ရေချိုးတာကိုရပ်ပြီး အပြင်ထွက်လာခဲ့သည်။

"ဘာဖြစ်လို့လဲ"

"ကြီးကြီးဉာဏ်သာရော အစ်ကိုကြီးရော စောင့်နေတယ်၊ မနက်စာစားဖို့တဲ့"

"စားနှင့်လို့ပြောလိုက် ချစ်စု၊ မမလေးက မနက်စောစော ရေချိုးရမှလို့၊ အဝတ်အစားတောင် မလဲရသေးဘူးလို့"

"မမလေး"

"ဘာလဲ"

"ကြီးကြီးဉာဏ်သာက နာရီအချိန် အရမ်းတိကျလို့ပါ"

"မတတ်နိုင်ဘူးလေ၊ ဒီမှာ နင်မတွေ့ဘူးလား၊ ငါ ရေတောင်မသုတ်ရသေးဘူး၊ သွားတော့"

ချစ်စု ထွက်သွားလေသည်။ ဖွဲ့ ရေသုတ်ပြီး မျက်နှာပြင်လေးအား ပြင်ဆင်နေမိ၏။ အဝတ်အစားလဲလိုက်သည်။ စိတ်ထဲမှာ ကသိကအောက်ကြီး ဖြစ်နေရ၏။ မနက် (၆)နာရီ ကျော်မှ ဖွဲ့ စားသောက်ခန်းထဲ ရောက်သွားသည်။

"မင်း ဘာဖြစ်လို့ အချိန်မတိကျရတာလဲ နှောင်ဖွဲ့အိမ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရေချိုးနေလို့ပါ"

"ညည်းကို နှိုးစက်ပေးထားတာပဲ"

"၆ နာရီတော့ နိုးပါတယ် အန်တီဘာဏ်သာ၊ ဒါပေမယ့် ဖွဲ့က မနက်တိုင်း ရေချိုးတတ်လို့ပါ"

"ဟိုမှာနေတုန်းက ညည်းလေး မနက်တိုင်း ဘယ်အချိန်ထလဲ"

"ထချင်တဲ့အချိန်မှ ထတာပါ အန်တီဘာဏ်သာ၊ ဖွဲ့က အပျင်းထူတယ်၊ အိမ်မှုကိစ္စတွေလည်း လုပ်ရတာ လုံးဝ စိတ်မပါဘူး"

ဖွဲ့ တမင်အရွဲ့တိုက်ပြောနေမှန်း ဒေါ်ဘာဏ်သာ သိသည်။ ဒီကောင်မလေး တော်တော်မလွယ်တာပဲ။ သားအတွက်တော့ ရင်လေးမိ၏။ မဖြစ်ဘူး၊ စည်းကမ်းတကျ နေတတ်အောင် မိမိကြိုးစားပြုပြင်ရမှာပဲ ဖြစ်သည်။

"ဖွဲ့က အန်တီဘာဏ်သာ ချွေးမဖြစ်တော့မယ်၊ ကလေးမဟုတ်တော့ဘူးလေ၊ အရင်က အမူအကျင့်တွေကို ပြင်ရမယ် မပြင်လို့တော့မရဘူး"





"ဖြည်းဖြည်းချင်းပဲ ဖွဲ့ ပြင်လို့ရမယ်ထင်တယ်"

"အင်းလေ…ဖြည်းဖြည်းချင်းတော့ ပြင်ရမှာပဲပေါ့၊ ဒါပေမယ့် ကြိုးစားပါ"

ဖွဲ့ မျက်နှာလေး မသာမယာနှင့် ထိုင်နေမိလေသည်။ ရှေ့မှာရှိနေတဲ့ အစားအသောက်တွေက ဖွဲ့ မကြိုက်တာတွေပဲ ဖြစ်နေ၏။

"ဖွဲ့ စားလေ"

"ဖွဲ့ကို ကော်ဖီနဲ့မုန့်ပဲ ပေးပါ"

"ဒီနေ့မနက်စာက မုန့်ဟင်းခါးပဲ၊ တစ်နေ့တစ်မျိုး ချက်စားကြတယ် ဖွဲ့၊ စားကြည့်ပါ၊ အန်တီဘာဏ်သာ့လက်ရာလေ၊ …က်ဆို ဖွဲ့ကိုပါ သင်ပေးရမယ်၊ သားက အိမ်မှာချက်တဲ့ မုန့်ဟင်းခါးကို အရမ်းကြိုက်တယ်"

သူ့သားကြိုက်တာနဲ့ ဖွဲ့က လိုက်ပြီးကြိုက်ရမလား။ ဘာဆိုင်လို့လဲ၊ ဖွဲ့က မုန့်ဟင်းခါးဆို မကြိုက်ပေ။

"ဖွဲ့ ငယ်ငယ်လေးထဲက မုန့်ဟင်းခါးမစားဘူး၊ မုန့်…ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ရယ်…မုန့်ဟင်းခါးဆိုတာ မြန်မာလူမျိုးတိုင်း ကြိုက်နှစ်သက်တာပဲ"

"ဖွဲ့မကြိုက်ဘူး"

"ကဲပါ…ဖွဲ့ မကြိုက်ရင်လည်း ချစ်စု ကော်ဖီနဲ့ မုန့်ပဲ စီစဉ်ပေးလိုက်ပါ"

ကိုကိုဘုန်းလကျာ်က ဖွဲ့အကြိုက်ကို ဝင်ပြောလိုက်၍ ကျေနပ်သွားရလေသည်။ ဒီလိုမှပေါ့ ဖွဲ့ အနိုင်ရလိုက်တာပဲ။

"နေစမ်းပါ သားရယ်၊ ဖွဲ့အကြိုက်လိုက်နေလို့ မဖြ ပါဘူး၊ ဖွဲ့ စားတတ်အောင် လေ့ကျင့်၊ မိန်းမဆိုတာ ယောကျ် အကြိုက်ကို သိထားရမယ်၊ ဒါမှ စီစဉ်ပေးနိုင်မှာလေ"

အန်တီဉာဏ်သာက လက်မခံဘဲ ပယ်ချလိုက်လေသည် ဖွဲ့ နှုတ်ခမ်းသားလေးတွေ ရှုတွင်းသွားရ၏။ ဖွဲ့ မကြိုက်နှစ်သက် အစားတစ်ခုကိုတော့ မစားဘူး။

"ဖွဲ့ မစားဘူး"

"ညည်းက လူကြီးကို ကလန်ကဆန်လုပ်ချင်တာ နောင်ဖွဲ့အိမ်"





"မဟုတ်ပါဘူး အန်တီဉာဏ်သာ၊ ဖွဲ့က မကြိုက်တာ ဘယ်တော့မှ မစားတတ်လို့ပါ"

"စားစမ်း"

ဒေါ်ဉာဏ်သာ လေသံက မာထန်နေသည်။ ဒီကောင် လေးကို လုံးဝအလျှော့မပေးနိုင်ဘူး။ သားနဲ့လက်ထပ်ရမယ့် ာလေးက ဒီလိုဗရမ်းဗတာ မိန်းကလေးမျိုး မဖြစ်စေရပါဘူး။

"စားစမ်း နောင်ဖွဲ့အိမ်၊ ဒီအိမ်မှာနေရင် ဒီအိမ်စည်းကမ်း ိုင်းပဲနေရမယ်၊ ညည်းအရွဲ့တိုက်ဖို့ မကြိုးစားနဲ့နော်၊ လူကြီးတွေ နေတာက ညည်းလေး ကောင်းစားရေး အတွက်ပဲ"

ဖွဲ့ မပြောချင်တော့သဖြင့် မုန့်ဟင်းခါးကို စားလိုက် ည်။ ကောင်းသားပဲ၊ တစ်ကြိမ်တစ်ခါမှ မစားဘူးတဲ့ မုန့်ဟင်း ို ဖွဲ့ ကြိုက်သလိုဖြစ်သွားရ၏။ ဖွဲ့ ငယ်ငယ်လေးထဲက ဲ့အန်တီလေးကို အရွဲ့တိုက် ဆန့်ကျင်တတ်ပြီး ဒါကျွေးလျှင် ားမယ်ဟု ချိုးများတတ်သည်။

"မိန်းကလေးဆိုတာ စည်းကမ်းရှိမှ တန်ဖိုးကြီးမားတာ ဲ့အိမ်၊ ပေါ့ပျက်ပျက်နေတတ်တာ အရမ်းရုက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုယ့်ယောကျ်ားကိစ္စကိုလည်း စိတ်ဝင်စားတတ်အော
ကြိုးစားရတယ်၊ အိမ်မှုကိစ္စတွေလည်း နိုင်နင်းမှ အိမ်ရှင်
တစ်ယောက်ဆိုတာ အိမ်တစ်အိမ်မှာ အဓိကကျတယ်လေ၊
ခန့်ခွဲအုပ်ချုပ်နိုင်ရမယ် သိရဲ့လား"

စိတ်ညစ်ညစ်နှင့် စားလိုက်တာ မုန့်ဟင်းခါးတစ်ပွဲ အ
လေးကုန်သွားလေသည်။ ထပ်ပင်ထည့်ပြီး စားချင်လာရ၏။
ဘုန်းလကျ်ာကတော့ ဖွဲ့ကို သနားသလို ဂရုတစိုက်မျက်လုံးတွေ
လှည့်ကြည့်နေသည်။ ဖွဲ့ နှုတ်ခမ်းလေးတွေကို တွန့်ကွေးရှု
လိုက်၏။ ဖွဲ့ မနှစ်သက်တဲ့ပုံစံလေးပါ။ အဟက်…ကိုကို
လကျ်ာက မျက်နှာငယ်လေးနှင့် တောင်းပန်တဲ့မျက်ဝန်းတွေ
ပြန်ကြည့်လာသည်။

"သွားကြမယ်၊ ဈေးဝယ်ရမယ်၊ သား မင်းခဏေ
နေနော်၊ မေမေတို့ဈေးဝယ်ပြီး ပြန်လာတာနဲ့ မင်း ဖွဲ့ကို ကျ
ခေါ်သွားပါ"

"ဟုတ်ကဲ့ မေမေ"

ဖွဲ့ကတော့ မကြည်မလင် မျက်နှာလေးနှင့် လိုက်





ည်။ အန်တီဉာဏ်သာက ဖွဲ့ရဲ့ငယ်ကြောက်ပဲ။ ငယ်ငယ်
က အန်တီဉာဏ်သာက ဟော့ဆိုရင် ဖွဲ့ အရမ်းကြောက်ပြီး
သွားတတ်၏။ ဘာဖြစ်လို့လည်းဆိုတော့ အန်တီဉာဏ်သာ
ရိုက်တတ်လို့ပါ။ ကိုကိုဘုန်းလကျ်ာကိုလည်း စည်းကမ်း
နေလျှင် ပြင်းထန်စွာ ဒဏ်ပေးတတ်လေသည်။

"ဖွဲ့"

"ရှင်"

"ဈေးဝယ်နေတာကို လိုက်ကြည့်ထား၊ မိန်းမဆိုတာ
ဝယ်တတ်ရတယ်"

"ဟုတ်ကဲ့"

"အန်တီဉာဏ်သာက ညည်းကို အလိုလိုက်မှာ မဟုတ်
ည်းလေး ခေါင်းကြောမာဖို့ မကြိုးစားပါနဲ့"

ဖွဲ့ ငြိမ်သက်စွာဖြင့် အန်တီဉာဏ်သာ နောက်ကနေ
ခဲ့သည်။ ရဲထော်သော နှုတ်ခမ်းလေးက မကြည်မလင်နှင့်
လေးတွေက ဆတ်တောက်ဆတ်တောက်နှင့် ဘယ်လို
လဲဆိုတာပဲ ဖွဲ့ စဉ်းစားထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့"

"ဟင်...သစ်"

"ဈေးလာတာလား"

"အင်း"

"ဖွဲ့ ထွက်လာတာတွေ့လို့ ကိုယ် အနောက်က

လာတာလေ"

"ဟိုမှာ"

ယောက္ခမလောင်းကြီး အန်တီဥဏ်သာ့အား မ

မျက်စောင်းလေး ဝဲပြလိုက်လေသည်။

"အရမ်းတွေ့ချင်တယ် ဖွဲ့ရယ်"

"အင်းပါ"

သစ်ကပြောပြီး မသိမသာ ထွက်သွားလေသည်။

ဥဏ်သာက လှည့်ကြည့်၏။

"စောစောက သိစ်မဟုတ်လား၊ ဟိုဖက်ခြံက

"ဟုတ်ကဲ့"

"ဖွဲ့နဲ့ ဘယ်လိုလုပ်ပြီး သိကျွမ်းနေရတာလဲ"





"ပြတင်းပေါက်မှာ ဆုံမိကြတာပါ၊ သူကလာပြီး

တယ်"

"အဲဒီကောင်လေးနဲ့ အရောမဝင်နဲ့၊ တစ်အိမ်လုံး အရှုပ်

"

သူများအကြောင်း မကောင်းပြောသည်ဟု ဖွဲ့ ထင်မိ

သစ်ကိုကြည့်ရတာ လူရည်သန့်ပဲဟာ။ အန်တီဥဏ်

သူများအတင်း ပြောတတ်တာပဲ။ ဖွဲ့ မကျေမနပ်နှင့်

ဏ်သာနောက်မှ လိုက်လာခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၅]

"ဖွဲ့"

"ဟင်"

"စိတ်ညစ်နေလား"

"အင်း"

"ကိုကို ဘာလုပ်ပေးရမလဲ"

"သေပေး"

"ဟာကွာ"

ဖွဲ့ နှုတ်ခမ်းလေးတွေ စူထော်ပြီး ပြောပစ်လိုက်ေ

အန့်တီဉာဏ်သာက ကိုကိုနှင့် ကုမ္ပဏီကို ထည့်လိုက်

နဲ့နဲ့ စိတ်သက်သာရာ ရသွား၏။





"လောလောဆယ်တော့ ဖွဲ့ကို ကွန်ပျူတာပဲ သင်ပေးမယ်၊ ဖွဲ့ ကြိုးစားပြီးသင်နော်"

"အိမ်မှုကိစ္စတွေတော့ ဖွဲ့ မလုပ်ချင်တာအမှန်ပဲ၊ အန့်တီဉာဏ်သာက ခေတ်နောက်ကျနေပြီ"

"ကဲပါ ဖွဲ့ရယ်၊ ကိုကို့လုပ်ငန်းတွေမှာ စိတ်ဝင်စားရင်ပေါ်ပြီကွာနော်၊ ကဲ ရုံးသွားမယ်"

ဈေးကပြန်လာပြီး အန့်တီဉာဏ်သာရဲ့ သွန်သင်ဆုံးမမှုတွေကို ခံယူရသေးသည်။ သခ်နဲ့ မပတ်သက်ဖို့ ကင်းကင်းရှင်းရှင်းနေဖို့ ပြောနေ၏။ ဖွဲ့ အတော်လေးသည်းခံပြီး နားထောင်နေရသည်။ အန့်တီဉာဏ်သာ ပြောနေ၍ သခ်လိုပင် ပိုစိတ်ဝင်စားလာရ၏။ သခ်နှင့် စကားပြောရတာပင် ဖွဲ့ စိတ်သက်သာသလို ဖြစ်နေရသည်။ ဒီအိမ်ကြီးထဲမှာ မွန်းကြပ်နေ၏။

"သားရေ"

"ဗျာ…မေမေ"

"မဟူရာ ဖုန်းဆက်တယ်လေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

မဟူရာက သူ့လက်ကိုင်ဖုန်းကို မဆက်ဘဲ အိမ်ဖုန်းကို ဆက်နေသည်။ သူအပြင်ထွက်မည် ပြင်ပြီးမှ ဖုန်းသွား ပြောရ၏။

"ဖွဲ့"

"ရှင်"

"မဟူရာက အရမ်းကို စံတင်လောက်တဲ့ မိန်းကလေးပဲ ညည်းလေး အတုယူသင့်တယ်"

ဘယ်က မဟူရာလဲ။ ဒီလောက်စံတင်လောက်တဲ့ မိန်းမဖြစ်နေရင်လည်း ဘာဖြစ်လို့ အန့်တီဉာဏ်သာက ချွေးမအဖြစ် မရွေးချယ်ရတာလဲ။ ကိုကိုနှင့် ထွက်သွားခါနီးမှ ဖုန်းဝင် ပြောနေရသေးသည်။ ကိုကို ပြန်ထွက်လာ၏။

"မဟူရာက ဘာပြောတာလဲ သား"

"ကုမ္ပဏီကို ကီစ္စတစ်ခုနဲ့လာမယ်လို့ ပြောတာပါ မေမေ"

"အေး…အေး ဖွဲ့ကိုလည်း မဟူရာနဲ့ မိတ်ဆက်ပေးလိုက်ဦးနော်"

"ဟုတ်ကဲ့ မေမေ"





"ဖွဲ့ကိုတော့ မင်းသိပ်ပြီး အလျှော့မပေးနဲ့နော်၊ စည်းကမ်းတကျ နေတတ်အောင် လေ့ကျင့်ပေးနေတာလေ"

"ဟုတ်ကဲ့ပါ မေမေ"

ဖွဲ့ ကားလေးပေါ် ဝင်ပြီးထိုင်လိုက်လေသည်။ အန့်တီဉာဏ်သာက ဖွဲ့ကို မလွဲသာမရှောင်သာ၍များ ချွေးမအဖြစ်သက်ခံလိုက်တာလား။ ကိုကို့ကြောင့်လား၊ ဖွဲ့ ငယ်ငယ်လေးထဲက ခန့်မဲရိုက်နှက် ဆူပူနေတတ်တဲ့ အန့်တီဉာဏ်သာ့အပေါ် မချစ်နှစ်သက်ခဲ့ပေ။ မုန်းတီးနေမိခဲ့သည်။

"ဖွဲ့"

"ရှင်"

"နှုတ်ခမ်းကြီးကို စူထော်မထားစမ်းပါနဲ့ကွာ၊ တော်ကြာ ကုမ္ပဏီမှာရှိတဲ့ ဝန်ထမ်းတွေက ကိုကိုနဲ့ လက်ထပ်မယ့် မိန်းကလေးက အရုပ်ဆိုးလိုက်တာလို့ ပြောနေဦးမယ် နော်"

"ကျွန်မ ကိုကိုနဲ့ လက်ထပ်မယ်လို့ ဘယ်တုန်းကမှ သဘောမတူသေးပါဘူးနော်"

"ကိုကိုတို့ စေ့စပ်တော့မယ်၊ မကြာခင် လက်ထပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ကိုကို့ဆန္ဒပဲ"

"ဖွဲ့"

"ဟင်"

"ကိုကို့ကို မချစ်ဘူးလား"

"ဟင့်အင်း"

"ဟာကွာ"

"ကိုကို့ကို ဖွဲ့ ဘယ်တုန်းကမှ မချစ်ဘူး၊ ငယ်ငယ်လေးထဲက ဖွဲ့ အမုန်းဆုံးက ကိုကိုပဲ"

ဘုန်းလကျော်ကတော့ ဖွဲ့ ဘာတွေပဲပြောပြော ခွင့်လွှတ်နားလည်ပေးဖို့ ဆုံးဖြတ်ထားလေသည်။ ဖွဲ့က ငယ်ငယ်လေးထဲက ဆိုးသွမ်း၏။ မိခင်အပေါ် မကျေနပ်၍ အရွဲ့တိုက်ဆန့်ကျင်တဲ့ နေရာမှာ နှစ်ယောက်မရှိပေ။ မိခင် နောက်အိမ်ထောင်ပြုတာကို ထောက်ခံလိုက်တဲ့ မေမေ့အပေါ်လည်း ဖွဲ့က အမြင်မကြည်လင်တော့။ အဲဒီတုန်းထဲက ဖွဲ့အပေါ် ကိုကို စိုးရိမ်ပူပန်မှုတွေ ရှိနေခဲ့ရလေသည်။

"ကိုကို"





"ဟင်"

"မဟူရာဆိုတာ ဘယ်သူလဲ"

"ကိုကို့မိတ်ဆွေပါ၊ ကိုယ်ပိုင်ကုမ္ပဏီထောင်ထားပြီး စီးပွားရေးမှာ အောင်မြင်နေတယ်လေ"

"အဲဒါ စံတင်လောက်တဲ့ အမျိုးသမီးလား"

"မဟူရာက ယဉ်ကျေးတယ်၊ မိန်းမပီသတယ်၊ စီးပွားရေးမှာ အောင်မြင်တယ်၊ ပညာတတ်တယ်"

"ချီးမွမ်းခန်းတွေ များပြားလှချည်လားဟင်၊ ဒီလို မိန်းမတစ်ယောက်ကို ကိုကို ဘာဖြစ်လို့ ဘဝလက်တွဲဖော် ဇနီးမယားအဖြစ် မရွေးချယ်ရတာလဲ"

"ကိုကိုက ငယ်ငယ်လေးထဲက ဖွဲ့ကိုပဲ ရွေးချယ်ထားတာလေ"

"အဟက်"

"မရယ်နဲ့"

"ကိုကိုက ဖွဲ့ကို ရွေးချယ်ထားတာ ဒီလောက်ဆိုးကောင်မလေးကို နိုင်ကွပ်မယ်ဆိုတဲ့သဘော မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ဆိုတဲ့ ကောင်မလေး ဒီလောက်အထိ ဆိုးသွမ်းနေ
ာ ဘယ်လိုယောကျ်ားမျိုးနဲ့မှ မဖြစ်ဘူးဆိုပြီး ကိုကို အမြဲ တမ်း
်နေရတာလေ"

ကိုကိုသည် ချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်
်နေသည်။ မိန်းကလေးတွေက အထင်တကြီး စိတ်ဝင်စား
်ဆိုရင်လည်း စိတ်ဝင်စားမှာပဲလေ။ ဖွဲ့ကတော့ ကျူးကြပ်နေရ
ကို မကြိုက်ပေ။

"ဖွဲ့ကတော့ စည်းကမ်းတွေ၊ အစဉ်အလာတွေ၊ ကျင့်ဝတ်
ကို လိုက်နာရတာ စိတ်ညစ်တယ်နော်"

"မေမေက ဖွဲ့ကို သံယောဇဉ်ကြီးပါတယ်ကွာ၊ ကိုကို
င်းဆိုတော့ ချက်ချင်းပဲ လက်ခံတာပဲ"

အန်တီညာဏ်သာက ဖွဲ့အပေါ် သံယောဇဉ်ရှိတာ မှန်ပေ
် စည်းကမ်းတင်းကြပ်တာကြီးကိုမှ ဖွဲ့ မနှစ်သက်တာပဲဟာ။
တော့ မဟူရာဆိုတဲ့ မိန်းမကို ဘာဖြစ်လို့ ချီးမွမ်းရတာလဲ။
ကျနပ်လိုက်တာ။ အန်တီညာဏ်သာကတော့ ဖွဲ့ကို ချစ်မှာမဟုတ်
ဘူး။





"ဖွဲ့"

"ဟင်"

"မဟူရာနဲ့ တွေ့သွားရင် ဖွဲ့ သဘောကျသွားမှာပါ
ကိုကိုက မိတ်ဆွေအနေနဲ့ပဲ ခင်မင်တာပါ၊ ကိုကိုချစ်တဲ့ ကောင်မ
လေးက ဖွဲ့လေ"

ဖွဲ့လက်လေးကို ဆုပ်ကိုင်အားပေးလိုက်တော့ ဖွဲ့က
ဆတ်ခနဲ ရုန်းပစ်နေလေသည်။ မင်းလေးရင်ထဲမှာ ကိုကို့ကို ဘာ
ဖြစ်လို့များ အမုန်းတွေရှိနေသေးတာလဲ။ ကိုကိုက အဲဒါကို မလိုချင်
ဘူး။

"ကုမ္ပဏီဝန်ထမ်းတွေက ဖွဲ့ကို အရမ်းစိတ်ဝင်စား
နေကြတာလေ၊ ဖွဲ့က အရမ်းလှတယ်၊ အားလုံးက သဘောကျကြမှာ
ပါ"

"ဖွဲ့ကို လက်မခံကြလည်း ဖွဲ့က ဂရုမစိုက်ပါဘူး၊
ကွယ်ရာမှာ ကဲ့ရဲ့အတင်းပြောကြရင်တော့ ဖွဲ့နဲ့ အကြီးအကျယ်
ပြဿနာတက်မှာ"

ဘုန်းလကျာကတော့ ဖွဲ့ ပုံစံလေးကို သဘောကျစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြီး ကြည့်နေမိသည်။ ကလေးဆန်နေဆဲပင် ဖွဲ့ကို အပြစ်မတင်ရက်။ ငယ်စဉ်လေးထဲက မိခင်က နောက်အိမ်ထောင်ပြုခြင်းအပေါ် မကျေမနပ်ဖြစ်နေရသူပါ။ ဘုန်းလက်ျာ အပြစ်မမြင်မိပေ။

ကုမ္ပဏီကိုရောက်တော့ အားလုံးက ဝမ်းပန်းတသာ ကြိုဆိုနေလေသည်။

"ဒါက ဆရာ့ချစ်သူပဲ၊ မကြာခင်လက်ထပ်ကြတော့မယ့် မိန်းကလေး၊ ဆရာ့ငယ်ချစ်ဦးလေ"

ဖွဲ့ကတော့ မျက်နှာလေးတည်တည်လေးနှင့် ပြုံးရုံလေးသာ ပြုံးပြ၍နေလေသည်။ သူတို့တွေ ဟန်ဆောင်နေကြတာပါ။ ဖွဲ့လို ဘာအရည်အချင်းမှ မရှိတဲ့ မိန်းကလေးကို သဘောတူကြမလား။ ဖွဲ့ ရှက်နေမိသည်။

"ဖွဲ့"

"ဟင်"

"ဖွဲ့က ဒီနေ့ကစပြီး ကိုကို့ရဲ့ အတွင်းရေးမှူးမလေး ဖြစ်သွားပြီနော်"





ကိုကို့ရဲ့ အရေးတယူရှိမှုတွေကတော့ ဖွဲ့ ကျေနပ်လောက်နေသည်။ နဲနဲတော့ စိတ်ပြေသွားရ၏။ ကိုကိုက လုပ်ငန်းတွေအကြောင်း ရှင်းပြနေတုန်း မဟူရာဆိုတဲ့ အမျိုးသမီး ရောက်လာ၏။

"လက်ျာ လက်ထပ်မယ့် မိန်းကလေး ရောက်လာပြီဆို"

"ဟုတ်တယ် မဟူရာ၊ ဒီမှာလေ နောင်ဖွဲ့အိမ်တဲ့"

မဟူရာဆိုတဲ့ မိန်းကလေးက နာမည်နှင့်ဆန့်ကျင်စွာ ဖြူဖွေးအိစက်နေလေသည်။ လှချွန်သိက္ခာကြီးမား၏။ အရမ်းလှပနေသည်။ ကိုကို ဘာဖြစ်လို့များ မရွေးချယ်ရတာလဲ။

ကိုကိုဘုန်းလက်ျာရဲ့ မျက်ဝန်းတွေက ကျေနပ်ပီတိ တွေနှင့် ရဲရဲဝံ့ဝံ့ မိတ်ဆက်ပေးနေ၍ ဖွဲ့ ကျေနပ်သွားရလေ သည်။

"အရမ်းချောတယ်နော် လက်ျာ၊ ဒါပေမယ့် ငယ်လွန်းတယ်"

ဘာဖြစ်လို့ငယ်ရမှာလဲ။ ကျွန်မ အသက်ဆယ့်ရှစ်နှစ်ကျော်နေပြီပဲ၊ အဲဒီလို ဝေဖန်တာ မကောင်းပါဘူး၊ ဖွဲ့ကတော့ ပြုံးမရယ်လေး ခပ်တည်တည်နှင့် လက်ပိုက်ကာ ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"နောင်ဖွဲ့အိမ်က တက္ကသိုလ်တက်နေပြီလား၊ ဘယ်မှာလဲ"

"ဖွဲ့က စာအရမ်းညံ့ပါတယ် မမ၊ ရိုးရိုးစာပေးစာယူပါ၊ ငယ်ငယ်လေးထဲက စာကျက်ရတာ အရမ်းပျင်းတယ်၊ ဆယ်တန်းတောင် နှစ်နှစ်လောက် ဖြေယူရတယ်လေ၊ ဒါတောင် အမှတ်လေးဆယ်တွေနဲ့ ကပ်အောင်တာပါ"

"ဟင်"

ဖွဲ့လည်း စပ်စုနေတဲ့ မဟူရာကို အမြင်ကတ်ကတ်နှင့် သူမအသုံးမကျတာတွေပဲ ပြောလိုက်သည်။

"လက်ျာက အရမ်းတော်တာနော်၊ ထက်မြက်တယ်၊ အလုပ်တစ်ခုကို အောင်မြင်အောင် လုပ်နိုင်တယ်၊ နောင်ဖွဲ့အိမ် လိုက်မှီအောင် ကြိုးစားသင့်တယ်"

"မတတ်နိုင်ဘူးလေ မမ၊ ဖွဲ့ကိုယ်တိုင်က ညံ့ဖျင်းနေတာပဲ၊ အပျင်းမလေးလေ၊ ကိုကိုက သိသိကြီးနဲ့ ရွေးချယ်ခဲ့တာပဲ မတတ်နိုင်ဘူး"





မဟူရာရဲ့ မျက်ဝန်းတွေထဲမှာ နှမြောတွန့်တိုမှု အရိပ်
လွှမ်းနေတာ ဖွဲ့ သိလိုက်သည်။ ကိုကို့အား သနားသွားပုံပင်။
ကြောင်း ဘာမှဆက်မပြောတော့ဘဲ လုပ်ငန်းတွေ အကြောင်း
ပြောနေသည်။

"ဖွဲ့က ကိုယ့်ရဲ့အတွင်းရေးမှူးလေ မဟူရာ၊ ဖွဲ့နဲ့လည်း
လို့ရပါတယ်၊ နောက်ဆို ကိုယ်က အားလုံးလွှဲအပ်တော့မှာ"

မဟူရာက နှုတ်ဆက်ပြီး ပြန်ထွက်သွားတော့သည်။

"ကိုကို"

"ဟင်"

"ဒီမိန်းမကို ဘာဖြစ်လို့ မရွေးချယ်ရတာလဲ"

"မချစ်လို့"

"ဖွဲ့ကိုရော"

"ချစ်လို့"

"ဟား...ဟား...ဟား"

ဖွဲ့ သဘောကျစွာ အော်ဟစ်ရယ်မောလိုက်တော့ ကိုကို
တလန့်နှင့် မျက်လုံးပြူးကြီးတွေနှင့် ကြည့်သည်။ ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ အရယ်မရပ်။ ကိုကို့အချစ်တွေကို ဖွဲ့ စမ်းသပ်ကြည့်ချင်လာရသည်။ ဘယ်လောက်အထိ သည်းခံနိုင်မလဲလို့ပေါ့။

## အခန်း [၉]

ဖွဲ့ရဲလက်ကိုင်ဖုန်းလေး မြည်လာ၍ ကမန်းကတန်း ဖွင့်၍ ...ိုက်တော့ တာစ်ဖက်ခြမ်း သခ်ဖြစ်နေသည်။ ဖွဲ့ နားထောင် ...

"ဟဲလို"

"ဖွဲ့"

"ပြော သခ်"

"ကိုယ် ပြတင်းပေါက်မှာ ရပ်နေတယ်လေ၊ ထွက် ...ာ"

"အင်း"

...န်းနားထောင်ရင်း ပြတင်းပေါက်မှာ ထွက်ရပ်ကြည့်




www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ သခ်ံရပ်နေသည်။ ဖွဲ့ အပြုံးလေးနှင့် နှုတ်ဆက်လိုက်

"ဖွဲ့"

"ဟင်"

"တွေ့ချင်တယ်"

"အင်း"

"ထွက်ခဲ့ပါလား"

"မရဘူး"

"အကြောင်းတစ်ခုခုပြပြီး ထွက်ခဲ့ပါလားကွာ၊ ကို့ အ
တွေ့ချင်နေတယ်၊ လွမ်းလည်းလွမ်းတယ်၊ ရင်ထဲမှာ ပြောစရာ
အများကြီးပဲ ပွတ်သိပ်နေပြီ၊ ခဏလေးပါ၊ လမ်းထိပ်ကနေ စော
မယ်"

"မရဘူးထင်တယ် သခ်ံ၊ တို့ကို အန်တီဉာဏ်
မျက်ခြေမပြတ် စောင့်ကြည့်နေတာ"

"ဖွဲ့"

"ဟင်"

"ဒီကို ဖွဲ့ ဘာဖြစ်လို့လာရတာလဲကွာ"





သခ်ံကတော့ ဖွဲ့ဆိုတဲ့ ကောင်မလေးကို စိတ်ဝင်စားနေ
သည်။ ငွေကြေးချမ်းသာတဲ့ ကောင်မလေးပုံစံပဲ။ ကိုကို
လကျော်နဲ့ ဘယ်လိုပတ်သက်နေလဲဆိုတာပဲ သခ်ံ အသိချင်
ဖြစ်နေသည်။ နှောင်ဖွဲ့အိမ်က အရမ်းပဲ ချောမောလှပလွန်း
မိန်းကလေးတစ်ယောက်ပဲ။ သခ်ံတောင် စိတ်ထဲမှာ အရမ်း
နှစ်သက်နေမိ၏။

"ပြောလေ ဖွဲ့၊ ဒီကို ဘာကိစ္စရောက်လာရတာလဲ"

"ပြောပြီးပြီပဲ၊ မေမေနဲ့ အန်တီလေး နိုင်ငံခြားသွားလို့
သွားခဲ့တာပါလို့"

"တကယ်ပြောတာနော် ဖွဲ့"

"တကယ်ပါ"

ကိုကိုဘုန်းလကျော်နဲ့ လက်ထပ်မယ့် မိန်းကလေး
ယောက်တော့ မဖြစ်နိုင်ပါဘူး။ ဖွဲ့လို ကျွတ်ဆတ်ဆတ်
င်မလေးတစ်ယောက်ကို လက်ထပ်မှာ မဟုတ်ပေ။

"ဖွဲ့ ထွက်ခဲ့ပါကွာ၊ ခဏလေးပါ၊ ကိုယ် အရမ်းတွေ့
နေလို့ပါ၊ လမ်းထိပ်ကနေ ကိုယ်စောင့်နေမယ်နော် ဖွဲ့၊ အခုပဲ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ ဖွဲ့ မလာမချင်း ပြန်မဝင်ဘဲ ကိုယ်စောင့်နေမှာနော်"

ဖုန်းချသွားလေသည်။ ဖွဲ့ ဘယ်လိုလုပ်ရမလဲ။ ဂ ဘုန်းလက်ျာနှင့် ကုမ္ပဏီကနေ ပြန်လာပြီး ရေချိုးအဝတ်အ လဲနေတုန်း သခ် ဖုန်းဝင်လာတာပါပဲ။ ညနေစောင်းနေပြီ ညစာ စားတော့မည်။ မဖြစ်ဘူး အန်တီဉာဏ်သာက ထမင်းပွဲပြင်ဆ အမြန်ဆင်းလာခဲ့လို့ မှာထားသည်။

"ဟိုဘက်ခြံက သခ်ကို မပတ်သက်နဲ့နော်၊ သား နှစ်ယောက်လုံး အရှုပ်တွေ"

သခ်ကို တွေ့ရမှာ ဖွဲ့ ကြောက်ရွံ့နေမိလေသည်။ မိသားစုတွေကို အရွဲ့တိုက်ချင်တာကလွဲပြီး ယောကျာ်းလေးတွေ ပတ်ပတ်သက်သက် ရှုပ်ရှုပ်ထွေးထွေးမနေခဲ့ဘူးပေ။ ဖွဲ့ စာမ တာ ပြောချင်တာပြောတာ၊ နေချင်သလို နေပစ်လိုက်တာပဲ ချစ်သူရည်းစားလည်း မထားခဲ့။ ယောကျာ်းလေးမိတ်ဆွေပင် မရှိပေ။

"မမလေးဖွဲ့"

"ဟင်"





"ကြီးကြီးဉာဏ်သာ ခေါ်နေပါတယ်"

"အင်း"

"ဖုန်းပြောနေတာလား"

သူမ ဘာမှမဖြေဘဲ အပြင်ထွက်လာဖို့ ပြင်နေလေသည်။ အိမ်ဖော်ကောင်မလေးက စပ်စုနေ၍ သူမ ခပ်တည်တည်နှင့် ကြည့်ပစ်လိုက်၍ ချာခနဲ ထွက်သွား၏။ ဘယ်လို လူတွေမှန်းကို သိပါဘူး။ မုန်းလိုက်တာ။ ဖွဲ့ကို ကြည့်ကြတဲ့ မျက်ဝန်းတွေက ယုံသင်္ကာနှင့် ဂရုတစိုက် စောင့်ကြည့်နေကြပုံရလေသည်။

ဖွဲ့ အောက်ထပ်ဆင်းလာခဲ့၏။ အလုပ်ပင်ပန်းရတဲ့အထဲ အိမ်မှုကိစ္စတွေက သင်ယူရသေး၏။ ဖွဲ့က ယောကျာ်းယူပြီး ကျွန်တစ်ယောက်လို ပြုမူနေထိုင်ရမှာလား။ ခိုင်းစေစရာ အလုပ်သမား တွေ အများကြီးရှိနေပါလျက်နှင့် ဖွဲ့ကိုပဲ ခိုင်းနေချင်၏။ တမင်ပညာ ပေးနေတာပါ။ အန်တီဉာဏ်သာက ဖွဲ့နှင့် ကိုကို လက်မထပ်ဖြစ် အောင် နည်းပရိယာယ်တွေ သုံးနေတာလားမှ မသိတာပဲ။ အောက်ထပ်သို့ ဆင်းလာခဲ့၏။ သခ်ဆီ စိတ်ရောက်သွားတော့ စောင့်နေပြီဟု တွေးမိပြီး ထွက်သွားတွေ့ချင်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဖွဲ့…လာလေ ကြာလိုက်တာကွယ်၊ ဒီမှာ အန်တီ ဉာဏ်သာ စောင့်နေတယ်လေ"

အန်တီဉာဏ်သာက ဖွဲ့ကို ခပ်တည်တည်ပင် ဆက်ဆံ တတ်လေသည်။

"တစ်နေ့ကြရင် လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာကို သိလာတဲ့တစ်နေ့ အန်တီဉာဏ်သာကို မင်းကျေးဇူးတင်လာ လိမ့်မယ် ဖွဲ့"

ညနေစာပြင်ဆင်ဖို့အတွက် ပန်းကန်တွေက အသင့်ဖြစ်နေ လေသည်။ ဒီအဆင့်အထိ ဖွဲ့ သင်ဖို့လိုအပ်လို့လား။ ဖွဲ့ကို ပညာပေး နေတာပါ။ ခေါင်းမာလွန်းတဲ့ ဖွဲ့ကို နှိပ်ကွပ်နေတာပါ။

"ဖွဲ့"

"ရှင်"

"ညည်း စောစောက ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ ညည်းမှာ ဖုန်းရှိတာမှမကြာသေးဘဲ၊ ဘယ်သူနဲ့လဲ"

"မဆက်ပါဘူး"

"ဘာဖြစ်လို့ လိမ်ညာချင်ရတာလဲဖွဲ့၊ ညည်းဖုန်းပြော နေတာ တွေ့တဲ့လူက တွေ့ခဲ့တာပဲ"

"အဲဒါ ဖွဲ့ရဲ့ ကိုယ်ရေးကိုယ်တာပါ အန်တီဉာဏ်သာ၊ ဒီအိမ်မှာရှိနေတဲ့ အလုပ်သမားကတောင် ဝင်စွက်ဖက်ချင်လို့လား"

"ပြောစမ်းပါ ဖွဲ့၊ စောစောကဖုန်းပြောနေတာ သခ် လား"

ဖွဲ့ မဖြေပေ။ သခ်ဆိုတာ သိရင် အန်တီဉာဏ်သာ အရမ်း ဒေါသထွက်မှာ သေချာလေသည်။ သခ် လမ်းထိပ်မှာ စောင့်နေပြီ။

"ပြောလေ ဖွဲ့"

"သူငယ်ချင်းဆီပါ၊ ပြင်ဦးလွင်က"

"မလိမ်နဲ့နော်"

"ဖွဲ့ကို လူလိမ်တစ်ယောက်လို့ ထင်နေတာလား၊ အန်တီ ဉာဏ်သာက ဘာဖြစ်လို့ မယုံမကြည်ဖြစ်နေရတာလဲ"

ဒေါ်ဉာဏ်သာကတော့ ဖွဲ့ကို အလျှော့မပေးလိုပေ။ မျက်နှာထားတည်တည်နှင့်ပဲ ဆက်ဆံခဲ့သည်။ ဒီကောင်မလေး ညည်းမဲ့ကမ်းမဲ့ နေတတ်တဲ့အကျင့်စရိုက်တွေကို မကြိုက်ပေ။ ပြုပြင် ရမယ်။ စောစောက သခ်နဲ့ စကားပြောနေတာပဲဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ ဖွဲ့မပြောလည်း ရတယ်၊ မင်းရဲ့ ခေါင်းမာကျောမှုတွေက နောက်ဆုံး မင်းပဲခံစားရမှာနော် ဖွဲ့"

ဖွဲ့စိတ်တွေက လမ်းထိပ်မှာစောင့်နေမည့် သခ်ထံပဲ ရောက်နေသည်။ သခ်စောင့်နေပြီ။ ဖွဲ့စိတ်တွေ ကျဉ်းကြပ်လွန်းနေ၍ သခ်နှင့် တွေ့ချင်နေ၏။ စကားတွေ ပြောချင်လာသည်။

"ကဲ…ထမင်းပန်းကန်တွေထဲ ထမင်းဟင်းတွေ ထည့်တော့ ဟင်းထည့်ရင် အများကြီးမထည့်ရဘူး၊ သင့်တော်ရုံပဲထည့်၊ အကျန်ဖြစ်သွားရင် မကောင်းဘူး"

ဖွဲ့ စိတ်မပါ့တပါနှင့် ဟင်းတွေထည့်နေလေသည်။ ဖွဲ့ အိမ်မှုကိစ္စတွေကို စိတ်မဝင်စားပေ။ တီလေးကလည်း မနိုင့်တတ်။ ဖွဲ့ကို ပျော်သလိုနေစေသည်။

"ကိုယ့်မှာ ငွေကြေးရှိလို့ မလုပ်ချင်ရင်တောင် နားလည်ထားတော့ စီမံခန့်ခွဲနိုင်တယ်ဖွဲ့၊ မဟူရာဆို ငွေကြေးချမ်းသာတာပဲ၊ ဒါပေမယ့် အိမ်မှုကိစ္စတွေအားလုံး နိုင်နင်းတယ်၊ အစားအသောက်မျိုးစုံလည်း ချက်ပြုတ်ပြင်ဆင်တတ်တယ်လေ"

အန်တီဉာဏ်သာက မမဟူရာကို အတော်လေး ချီးမွမ်းနေ





တတ်တာပဲ။ ချေးမတော်ချင်နေမှာပါ။ ဖွဲ့ကိုတော့ ကိုကိုဘုန်းလကျာ ကြောင့် မလွဲသာမရှောင်သာ လက်ခံပေးတာပဲ ဖြစ်ရမည်။

"ယဉ်ကျေးသိမ်မွေ့မှုတွေက မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးပဲ ဖွဲ့၊ ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်ဖို့ အရေးအကြီးဆုံးပဲနော်"

ထမင်းဟင်းပွဲတွေပြင်ပြီးတော့ ကိုကိုဘုန်းလကျာ ရောက်လာသည်။ အန်တီဉာဏ်သာရှေ့မှာမို့ သိပ်ပြီးအရော တဝင်မနေပေ။ ဖွဲ့ကလည်း အဲဒီလိုနေထိုင်တာကို မကျေနပ်မိ။ အားမလိုအားမရ ဖြစ်သွားရသည်။ ဖွဲ့ မျက်နှာလေး တင်းနေတာ ကိုကိုကြည့်နေ၏။

"နောင်ဖွဲ့အိမ်…ဘာပဲစားစား လူကြီးမိဘနဲ့ ကိုယ့်ထက် အသက်ကြီးတဲ့သူတွေရှိနေရင် ဦးချရတယ်လေ"

ဖွဲ့က ဟင်းကိုခပ်ထည့်ဖို့ ပြင်လိုက်စဉ် အန်တီဉာဏ်သာက လှမ်းပြောလိုက်၍ လက်တွန့်သွားရသည်။ ဖွဲ့က လက်မြန်ခြေမြန် စားတတ်၏။ အိမ်မှာလည်း ဖွဲ့က ကလေးတစ်ယောက်လို နေထိုင်တတ်သည်။

"ဖွဲ့ နေရာတကာမှာ ယဉ်ကျေးသိမ်မွေ့အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ညည်းလေး အပြုအမူတွေ အများကြီး ပြုပြင်စရာတွေရှိသေးတယ်"

ကိုကိုကတော့ ဖွဲ့ကိုပဲ အရိပ်တကြည့်ကြည့် ဖြစ်နေလေသည်။ တောင်းပန်နေတဲ့ မျက်ဝန်းအရိပ်တွေ ပြည့်နေ၏။ ဖွဲ့ ထသွားချင်လာသည်။ သူများအိမ်မှာဖြစ်နေ၍ ငြိမ်သက်နေရ၏။

"စားလေဖွဲ့…ကိုကို ဦးချပြီးပြီ"

ဖွဲ့ စိတ်ကမပါတော့ အသေးအဖွဲ့ကစ စည်းကမ်းပေးနေသည်။ ဖွဲ့ ထမင်းစားပြီး ထလိုက်၏။ အရသာလည်း မရှိပေ။

"ကျွန်မ အနားယူတော့မယ်"

ဖွဲ့ ထလာခဲ့သည်။ သန် ဖုန်းဆက်နိုင်၏။ လမ်းထိပ်မှာပဲလား၊ အပြင်ထွက်ဖို့အတွက် အခြေအနေက မပေးပေ။ ဒီအိမ်မှာ အလုပ်သမားကအစ ဖွဲ့ကို စောင့်ကြည့်နေသည်။ စိတ်တွေ ဘယ်လောက်အထိ ကျဉ်းကြပ်နေရလဲ။ မုန်းလိုက်တာနော်။ စိတ်ပျက်တယ်။ အိပ်ရာပေါ်မှာ ဖွဲ့ စိတ်ပျက်လက်ပျက် ထိုင်နေစဉ် သူမ ဟမ်းဖုန်းလေး မြည်လာသည်။ သန်ပဲ။

"ဖွဲ့"





"ဟင်"

"ကိုယ်စောင့်နေဆဲပဲနော်"

"မရဘူး သန်၊ ဖွဲ့ ဘယ်လိုမှထွက်လာလို့ မရဘူးနော်၊ အိမ်က မျက်ခြေမပြတ် စောင့်ကြည့်နေတာပါ"

"ခဏလေးပဲဖြစ်ဖြစ် ထွက်လာလို့မဖြစ်သေးဘူးလား ဖွဲ့ရာ"

"ဟင့်အင်း"

"ဘယ်တော့တွေ့မလဲ"

"တစ်နေ့နေ့ပေါ့"

"ဖွဲ့ ကိုယ့်ကို တကယ်ပဲတွေ့ချင်နေတာလား"

"အင်း"

"အခွင့်အရေးရတာနဲ့ ကိုယ့်ဆီ ဖုန်းဆက်နော် ဖွဲ့၊ သန်လေ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူး၊ ဖွဲ့ကိုမြင်တော့ အရမ်းကို ခင်မင်ချင်လာတယ်၊ စကားတွေအများကြီး ပြောချင်နေတယ်၊ တွေ့ချင်လိုက်တာကွာ"

"ဒါပဲနော် သန်"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ ဖုန်းလေးကို ပိတ်ထားပစ်လိုက်လေတော့သည်။ ဒီအိမ်ကလူတွေ အပြင်မှာချောင်းပြီး နားထောင်နေမှာပါ။ အိပ်လို့မရ။ ဖွဲ့ ဘာဆက်လုပ်ရမှန်းတောင်မသိတော့။ မေမေ နှင့်တီလေးဆီက လည်း အဆက်အသွယ်မလုပ်။ ဖွဲ့ကို ပြစ်ထားတာလား။ ငယ်စဉ် လေးထဲက ဖွဲ့ကို ဥပေက္ခာပြုထားတဲ့ မေမေပါ။ အခန်းထဲ လှူဝင်မှာ စိုးရိမ်ပြီး ဖွဲ့ အခန်းမီးကို ပိတ်ပစ်လိုက်လေတော့သည်။



# အခန်း [၁၀]

မနက်အစောကြီး ထရတဲ့အလုပ်ကို ဖွဲ့ စိတ်အပျက်ဆုံး င်။ မထရင်မရ။ သူတို့က အချိန်နှင့်စား၊ အချိန်နှင့်လုပ်နေ ကြသည့်လူတွေပါ။ ဖွဲ့ စိတ်ညစ်ညစ်နှင့် ဘနေရ၏။ စားသောက်နေ နိုင်တာကအစ စည်းစနစ်ရှိလွန်းနေသည်။ ဖွဲ့ မကျေနပ်ဆုံးက သူရာပဲ။ အိမ်ကို မကြာခဏ လာတတ်ပြီး ဖွဲ့ကို ဆုံးမသွန်သင်နေ တတ်ခြင်းပင် ဖြစ်လေသည်။

"ဖွဲ့…ကွန်ပျူတာသင်ရမယ်နော်၊ သင်လည်းသင်ရမယ်၊ ပွားရေးလည်းလုပ်တဲ့နေရာမှာ မသင်မဖြစ်သင်ရမယ့် ပညာတွေ အများကြီးပဲလေ"

ဖွဲ့ကို စေတနာထားနေတာလား၊ ဆရာလုပ်နေတာလား



www.burmeseclassic.com

www.burmeseclassic.com



အန်တီဥာဏ်သာက မဟူရာမှ မဟူရာ ဖြစ်နေသည်။ အရေးတယူ ရှိလွန်းနေ၏။ မဟူရာလို မိန်းမတစ်ယောက်ကို ဘာဖြစ်လို့များ မရွေးချယ်ရတာလဲ။ ဖွဲ့ကိုမှ ရွေးချယ်တာ ဘာသဘောလဲ။ ကိုကို ဘုန်းလကျာ်ကြောင့်ပဲ ဖြစ်နိုင်သည်။

"လကျာ်က နန်းကြီးသုပ်ကို အရမ်းကြိုက်တယ်လေ ဖွဲ့၊ မမဟူရာ သင်ပေးထားမယ်၊ လကျာ်နဲ့ မမက ကောင်းနေဘက်တွေဆိုတော့ လကျာ် ဘာကြိုက်လည်းဆိုတာ အကုန်သိထားတယ်လေ"

"ဟုတ်တယ် ဖွဲ့၊ အမြဲတမ်း မဟူရာက သားအကြိုက်တွေ လုပ်ကျွေးနေတာလေ"

ဖွဲ့ မကျေနပ်တာက မဟူရာကို ချီးမွမ်းခန်းတွေ ဖွင့်နေတာကိုပဲ။ မဟူရာကို ဘာဖြစ်လို့ ချွေးမအဖြစ် မရွေးချယ်ရတာလဲ။ ကိုကို့ကြောင့် မဟုတ်လား။ အန်တီဥာဏ်သာက ဖွဲ့ကို ငယ်ငယ်လေးထဲက အထင်သေးလွန်းသည်။

"ဖနီးမယားကောင်းဆိုတာ ကိုယ့်လင်ယောကျာ်းရဲ့ လိုအပ်ချက်တွေကို သိနားလည်အောင် ကြိုးစားရမယ် ဖွဲ့ရဲ့၊





မဟူရာရဲ့ မျက်ဝန်းတွေထဲမှာ နှမျောတွန့်တိုမှု အရိပ်တွေ လွှမ်းနေတာ ဖွဲ့ သိလိုက်သည်။ ကိုကို့အား သနားသွားပုံပင်။ အကြောင်း ဘာမှဆက်မပြောတော့ဘဲ လုပ်ငန်းတွေ အကြောင်းသာ ပြောနေသည်။

"ဖွဲ့က ကိုယ့်ရဲ့အတွင်းရေးမှူးလေ မဟူရာ၊ ဖွဲ့နဲ့လည်း ပြောလို့ရပါတယ်၊ နောက်ဆို ကိုယ်က အားလုံးလွှဲအပ်တော့မှာ"

မဟူရာက နှုတ်ဆက်ပြီး ပြန်ထွက်သွားတော့သည်။

"ကိုကို"

"ဟင်"

"ဒီမိန်းမကို ဘာဖြစ်လို့ မရွေးချယ်ရတာလဲ"

"မချစ်လို့"

"ဖွဲ့ကိုရော"

"ချစ်လို့"

"ဟား...ဟား...ဟား"

ဖွဲ့ သဘောကျစွာ အော်ဟစ်ရယ်မောလိုက်တော့ ကိုကို အထိတ်တလန့်နှင့် မျက်လုံးပြူးကြီးတွေနှင့် ကြည့်သည်။ ဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်လေးထဲက သိနေသည်။ ဒီကောင်မလေးကိုတော့ အ
ပေးလို့ လုံးဝမဖြစ်ဘူး။ ခပ်တင်းတင်း အုပ်ချုပ်မှုဖြစ်မည်

"ဖွဲ့ရာ ငယ်ငယ်လေးထဲက ဆိုးတယ်လေ၊ အ
ဉာဏ်သာသိပါတယ်၊ အခုတောင် မလွဲသာမရှောင်သာလို့
တွေ့ဆုံအရ ကိုကိုဘုန်းလက်ျာနဲ့ လက်ထပ်ဖို့ သဘောတူ

"ဟဲ့"

ကိုကိုဘုန်းလက်ျာက အပေါ်ထပ်မှာပါ။ မ
မျက်လုံးပြူးကြီးတွေနှင့် ကြည့်နေသည်။ ဖွဲ့ ဘယ်သူ့ကိုမှ
တော့ မဆီမဆိုင် မဟူရာကပါ ဆရာလာလုပ်နေ၍ အမြင်
မိလေသည်။ ဟုတ်တယ်၊ ဖွဲ့ အရွဲ့တိုက်ချင်လာရ၏။

"ဝါး"

"ဟဲ့"

"အိပ်ချင်တယ်၊ ဒီထမင်းဟင်းတွေ ချက်ပြုတ်
သင်နေရတာကိုက စိတ်မဝင်စားတာပဲ၊ ဝါး"

"ဟဲ့…နှောင်ဖွဲ့အိမ် ညည်းက ပြောလေကဲ
လား၊ လူကြီးကို မရိုမသေနဲ့၊ ငယ်ငယ်ကအကျင့်တွေ





သေးဘူး"

ဖွဲ့ ထွက်သွားဖို့ပြင်လိုက်တော့ အန်တီဉာဏ်သာက
လက်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

"ထိုင်စမ်း"

"ဒီနေ့တော့ သင်တန်းဆက်မတက်နိုင်တော့လို့ပါ အန်တီ
ဉာဏ်သာ၊ ဖွဲ့ ခေါင်းတွေကိုက်လို့ သေတော့မယ်"

"မရဘူး… ထိုင်စမ်း၊ ညည်းတော်တော်ဆိုးပါလား
ချုပ်ကို ခေါင်းမာဖို့ မကြိုးစားနဲ့နော်"

ဖွဲ့ ငယ်ငယ်လေးထဲက အန်တီဉာဏ်သာ ခပ်ကြမ်းကြမ်း
ပြောဆိုဆုံးမတတ်လေသည်။ တစ်ခါတစ်ရံ တီလေး ဘယ်လိုမှ
ပြောမရဆိုမရ ဂျီတိုက်လွန်းနေလျှင် အန်တီဉာဏ်သာ နာမည်
ခေါ်ပြီးတိုင်လိုက်လျှင် တုတ်ကိုင်ပြီး လာရိုက်တတ်လေသည်။
မေမေကလည်း အန်တီဉာဏ်သာထံ အပ်ထား၏။ ငယ်စဉ်လေး
ထဲက ဖွဲ့ရင်ထဲမှာ နာကြည်းမှုတွေက အစိုင်အခဲတစ်ခုလို ရှိနေခဲ့
သည်။

"မဟူရာကို ကြည့်စမ်း ဘယ်လောက်ယဉ်ကျေးသိမ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ အဖက်ဖက်ကနေ ပြည့်စုံနေတယ်၊ ညည်း အတုယူသင့်တယ် နော်၊ အရွဲ့တိုက်လို့ ညည်းမှာ ဘာအကျိုးကျေးဇူးရှိမှာလဲ နှောင်ဖွဲ့ အိမ်၊ ပြောစမ်း''

ဖွဲ့ ငြိမ်သက်စွာဖြင့် ထိုင်နေမိလေသည်။ ဖွဲ့က အန်တီ ဉာဏ်သာ့ကို ယောက္ခမ လိုက်တော်နေတာမှ မဟုတ်တာပဲ၊ ဒီလောက်အသုံးမကျတဲ့ ချွေးမလောင်းတစ်ယောက်ကို ချွေးမအဖြ သဘောတူလက်ခံတာပဲ အန်တီဉာဏ်သာ မှားနေတာပါ။

''မရဘူး၊ ညည်း ခေါင်းကြောမာဖို့ လုံးဝမစဉ်းစားနဲ့ နော် နှောင်ဖွဲ့အိမ်၊ ကန့်ကော်သမီးက ကျုပ်သမီးပဲ''

အန်တီဉာဏ်သာဆီမှာ ဖွဲ့ မနေချင်ပါဘူး။ မေမေ ဘာဖြ လို့များ ဖွဲ့ကို အပ်ခဲ့ရတာလဲ။ ဘဝတစ်သက်လုံး စိတ်သောကဖြ ခံစားနေရအောင် ကိုကိုဘုန်းလကျ်ာနဲ့ လက်ထပ်ပေးလိုက်တာ လားဟင်။ ဖွဲ့ အံသွားလေးကို တင်းကြပ်စွာ ဖိကိုက်ထားမိသည်။

''မဟူရာ…သမီးလေးလက်ရာ နန်းကြီးသုပ်ကို သာ အရမ်းကြိုက်တယ်၊ နှောင်ဖွဲ့အိမ်ကို သင်ပေးလိုက်စမ်းပါကွယ်''

ဒေါ်ဉာဏ်သာကတော့ ဖွဲ့ မခံချင်စိတ်နှင့် ကြိုးစားမလား





ာ မဟူရာအား စံပြထားခြင်း ဖြစ်လေသည်။ ဒီကောင်မလေးက ါင်းမာလွန်းတယ်။ ငယ်ငယ်လေးထဲက ပေကပ်ကပ်နဲ့ တုတ်ပါမှရ တ်တဲ့ ကောင်မလေး။

နှောင်ဖွဲ့အိမ်ကို စည်းကမ်းတကျနှင့် နေထိုင်တတ်စေ ် လေ့ကျင့်သင်ကြားပေးနေမိသည်။ သားကိုလည်း ဖွဲ့က မချစ် ၊ စည်းကမ်းတကျ နေထိုင်တတ်တဲ့ အကျင့်ကိုမရှိဘူး။ ဘယ်လို န်သင်ဆုံးမရမလဲ။ ဖွဲ့ ငယ်ငယ်လေးထဲက ဒေါ်ဉာဏ်သာနှင့် သွားရ၏။ စည်းကမ်းမပေးလိုက်ရပေ။ ဖွဲ့အမေ ကန့်ကော်နှင့်က အစ်မရင်းတွေလို ချစ်ခင်ကြလေသည်။ ဖွဲ့ကိုလည်း အပ်ထားတာ ဟုတ်လား။

''ဒီအိမ်မှာရှိနေသရွေ့ အန်တီဉာဏ်သာ့စကားကို ထောင်ရမယ်ဖွဲ့ ဒါပဲ''

''စိတ်ညစ်တယ်၊ စိတ်ညစ်တယ်၊ ဖွဲ့ ခေါင်းတွေ တအား တ်နေပြီ၊ သေချင်တယ်၊ ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာနော်''

ဖွဲ့ ခေါင်းကိုကုတ်ပြီး အော်ဟစ်ညီးညူလိုက်လေသည်။ မပါဘဲ ဘာဖြစ်လို့များ အတင်းအကြပ် လုပ်ချင်ကြရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့က ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာနော်ဟု ပြောလိုက်၍ အန်တီ ဉာဏ်သာ နဲနဲတော့လန့်သွားသည်။

"ဖွဲ့...သွားတော့ ညည်းကိုပြောရတာ ကျုပ်အသက် တိုမယ်ထင်တယ်၊ ညည်း နေချင်သလိုသာ သွားနေတော့"

ဒေါ်ဉာဏ်သာက စိတ်ပျက်ပျက်နှင့် ပြောလိုက်တာ ဖြစ်ေ မယ့် ဖွဲ့က ထသွားလေသည်။ အမလေး စိတ်မောလိုက် တာနော် ကန့်ကော်ရယ် နင့်သမီးက ဒီလောက်အကြောတင်းမယ်လို့တော် မထင်မိပါဘူး။

"အန်တီဉာဏ်သာ"

"ဟင်"

"မလွယ်ဘူးနော်... လက်ျာလိုယောကျ်ား တစ်ယော ဒီလိုမိန်းကလေးက မသင့်တော်ဘူးထင်တယ်"

မဟူရာကတော့ လက်ျာရဲ့ အိမ်သူသက်ထားအဖြ မျှော်မှန်းပြီး အန်တီဉာဏ်သာ နှစ်သက်သဘောကျတဲ့ ပုံစံ အောင် လေ့ကျင့်နေထိုင်လာခဲ့လေသည်။ နှောင်ဖွဲ့အိမ်ဆို ကျုတ်ဆတ်ဆတ် ကောင်မလေးကိုမှ လက်ျာက ဘာဖြစ်





ယ်ရတာလဲ။ လက်ျာရဲ့ ငယ်ချစ်ဦးလား။ ဘယ်လိုကောင် သဲ။ မဟူရာ စနစ်တကျ ကြိုးပမ်းမှုတွေက အလကား းသည်။

"အန်တီဉာဏ်သာ စိတ်ပင်ပန်းပါ့မယ်၊ အသက်ကြီး မဟူရာ စိတ်ပူတယ်၊ ကြည့်ပါဦး အန်တီဉာဏ်သာ့ မျက်နှာ ရဲနေပြီ၊ စိတ်ကို ငြိမ်ငြိမ်လေးထားပါနော်၊ သွေးဆေးယူ မဟူရာ သွားယူလိုက်မယ်၊ ငြိမ်ငြိမ်လေး ထိုင်နေနော်၊ ဒေါ်သဲနု"

"ရှင်"

ရေချိုးခန်းထဲမှာ အဝတ်လျှော်နေသော ဒေါ်သဲနု တ်လာလေသည်။

"ဒီမှာ အန်တီဉာဏ်သာကို ခဏကြည့်ထားပေးပါနော်၊ ဆေးသွားယူမလို့၊ သေသေချာချာကြည့်ထားနော်"

"ဟုတ်ကဲ့"

"စိတ်ကို ငြိမ်ငြိမ်လေးထားပါနော်၊ မဟူရာ အရမ်း ာသဲ"



www.burmeseclassic.com

www.burmeseclassic.com

မဟူရာ အပေါ်ထပ်သို့ တက်လာခဲ့ပြီး လက်ျာ အ...
ဝမှာ ရပ်လိုက်သည်။

"လက်ျာ"

"ဟင်···မဟူရာ"

"အန်တီဉာဏ်သာ ခေါင်းနဲနဲမူးသွားလို့ မဟူရာ ...
လာယူတာလေ"

"ဟင်···မေမေ ဘာဖြစ်လို့လဲ"

"နောင်ဖွဲ့အိမ်ဆိုတဲ့ ကောင်မလေးက ကျွတ်ဆတ်...
လုပ်နေလို့ပါ၊ ဘာမှတော့ စိတ်မပူရပါဘူး၊ မဟူရာ ဆေး...
တာပါ"

"ကိုယ်သွားလိုက်မယ်"

မဟူရာ နှုတ်ခမ်းလေးတွေက တွန့်တွန့်လေး ပြုံး...
ရလေသည်။ လက်ျာက ထွက်သွား၏။ အန်တီဉာဏ်သာ အ...
ဝင်ပြီး သောက်နေကျ နှလုံးဆေးကို ယူလိုက်သည်။ နောင်...
ညည်းလေးက မဟူရာ့လက်ထဲက ဘုန်းလက်ျာကို ဘယ်...
အပိုင်ရယူသွားဖို့ မကြိုးစားစမ်းပါနဲ့။ ဘုန်းလက်ျာက မဟူရာ့...





ပဲ ဖြစ်စေရမယ်လေ။ ဆေးယူပြီး မဟူရာ ပြန်လာခဲ့သည်။

"အန်တီဉာဏ်သာ နေသာရဲ့လားဟင်၊ ဆေးလေး သောက်လိုက်ပါနော်"

"အန်တီ ဘာမှမဖြစ်ပါဘူး၊ ရပါပြီကွယ်"

အန်တီဉာဏ်သာ ကိုယ်လေးအား နွေးနွေးထွေးထွေး ပွေ့ထားပြီး နှလုံးဆေးလေး တိုက်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ် မဟူရာရယ်၊ ညည်းလေး အန်တီ ဉာဏ်သာ့အနားမှာ ရှိနေလို့သာပေါ့၊ တကယ့်ကို စိတ်နှလုံး အေးချမ်းမှု ပေးနိုင်ပါတယ်"

မဟူရာကတော့ ပီတိတွေ တသိမ့်သိမ့်ဖြာဝေသွားရကာ အန်တီဉာဏ်သာ့လက်လေးကို ဖွဖွညင်သာ ဆုပ်နယ်ပေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၁]

မဟူရာဆိုတဲ့ အမျိုးသမီး သည်းသည်းလှုပ်နေတာကို ဖွဲ့ နဲနဲမှ ကြည့်မရပဲ အမြင်ကတ်နေမိလေသည်။ ဖွဲ့စိတ်တွေ အရမ်းညစ်နေမိ၏။ ဒီအိမ်မှာ ဘယ်လိုနေရမလဲ။ အန်တီဥာဏ်သာ မူးလို့တဲ့။ ဖွဲ့ကြောင့်ပဲ ဖြစ်မယ်။ ကိုကို့ကို ဖွဲ့ လက်မထပ်ချင်ပါဘူး။ ငြင်းမယ်၊ ဒီအတိုင်း ဘယ်လိုနေမလဲ၊ မေမေနဲ့ တီလေးကတော့ ဖွဲ့အပေါ် ဥပေက္ခာပြုထားရက်သည်။ ဖွဲ့ကို မချစ်ကြဘူး။ ရက်စက်တယ်၊ ကိုကိုဘုန်းလက်ျာကို ဖွဲ့ ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး၊ သိသိကြီးနှင့် လက်ထပ်ပေးဖို့ အတင်းအကြပ် စီစဉ်ကြသည်။ အန်တီဥာဏ်သာ ကိုယ်တိုင်ကလည်း ဖွဲ့ကို ချွေးမတော်ချင်ပါ့မလား။





"ဖွဲ့"

"ဟင်"

"မျက်နှာကြီးက ဘာဖြစ်လို့ ရှုတင်းနေရတာလဲကွာ၊ စိတ်ကျဉ်းကြပ်နေလို့လား၊ ရုတ်တရက်တော့ ဖွဲ့ အနေရအထိုင် ခက်ခဲမယ်ဆိုတာ ကိုကိုနားလည်ပါတယ်"

"ဟုတ်တယ်၊ ဖွဲ့ကို အတင်းအကြပ်ကြီး စည်းကမ်းပေးတာမျိုး ဖွဲ့ မကြိုက်ပါဘူး"

ဖွဲ့လေးကို လက်ျာ စိတ်မဆိုးနိုင်ဘဲ ခွင့်လွှတ်နေမိလေသည်။ ချစ်စရာကောင်းလွန်းပြီး ညှို့မျက်ဝန်းတောက် တောက်လေးတွေကို ငေးစိုက်ကြည့်ဖြစ်သွား၏။ ဖွဲ့က ရှုတင်းတင်းလေးနှင့် မျက်တောင်ကော့လေးတွေက ဖျတ်ဖျတ်ခပ်ကာ ကြည့်နေသည်။

"ကိုကိုတောင်းပန်ပါတယ်ကွာနော်"

"ကိုကို"

"ပြော"

"မဟူရာက ကိုကိုတို့အိမ်မှာ ဒီလောက်အရေးပါနေတာ ကိုကိုဘာဖြစ်လို့ လက်မထပ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်လို့"

"ဟင်"

"ဖွဲ့ကိုတော့ ကိုကိုချစ်လို့ ရွေးချယ်ခဲ့တာလေ"

"ဖွဲ့က အသုံးကျမှာမဟုတ်ဘူး၊ ကိုကို အမြဲတမ်း စိတ်ညစ်နေရမှာနော်၊ ဖွဲ့ အကျင့်အတိုင်းပဲ ဖွဲ့နေမှာပဲ"

ဖွဲ့က ကျွတ်ဆတ်ဆတ် မာကျောကျောလေး ပြောနေ၍ သူ ချစ်မြတ်နိုးစွာဖြင့် ဖွဲ့လက်လေးကို ဆွဲယူလိုက်သည်။

"လွှတ်ပါကိုကို"

"မလွှတ်ဘူးကွာ၊ ဖွဲ့က ကိုကိုချစ်မြတ်နိုးရတဲ့ ကောင်မလေး၊ ပြီးတော့ ကိုကို့ဇနီးလောင်း"

"ကိုကိုနော်"

ဖွဲ့က သူ့မလက်လေးကို အတင်းအကြပ် ရုန်းကန်ဖယ်ပစ်နေပေမယ့် လက်ဉာကတော့ မလွှတ်ပေ။ ဖွဲ့ ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်ထားမိလေသည်။

"လွှတ်ပါ ကိုကို၊ ဖွဲ့ မကြိုက်ဘူး၊ ကိုကိုနဲ့ လက်ထပ်ဖို့ ဘယ်သူက လက်ခံသဘောတူသေးလို့လဲ၊ လွှတ်ပါ၊ မဖြစ်ဘူး…





ဖြစ်ဘူး၊ ဂွဲ့ဘက်က စဉ်းစားရဦးမယ်၊ လက်ခံချင်မှ လက်ခံမှာပါနော်"

ရုန်းကန်ဖယ်ရှားပစ်နေတဲ့ ဖွဲ့ကို သူကတော့ ခပ်တင်းတင်းလေး တုံ့ပြန်ပွေ့ဖက်ရင်း ဖွဲ့ ခန္ဓာကိုယ်လေးမှာ သူ့လက်တွေက မြွေတစ်ကောင်လို ရစ်ပတ်ထားနေသည်။

"လွှတ်နော် ကိုကို၊ ဖွဲ့ကို အဲဒီလို ပိုင်စိုးပိုင်နင်း မဆက်ဆံပါနဲ့"

ကိုကိုဘုန်းလက်ဉာ ရင်ခွင်ထဲမှာ ဖွဲ့ကိုယ်လေး နစ်မြုပ်နေရက်စိတ်တွေက ဖွဲ့သွေးတွေကို ပူနွေးလိုက်ခါလာစေလေသည်။ အလေး ဖွဲ့ ယောကျ်ားတစ်ယောက်နဲ့ ဒီလိုတရင်းတနှီး ဘယ်တုန်းကမှ မနေခဲ့ဘူးပါဘူးနော်။ ရင်တွေ တဒိန်းဒိန်းတုန်ရီနေရသည်။ ဖွဲ့ ကိုကို့ကို မချစ်ပါဘူး၊ လက်ထပ်ဖို့လည်း မစဉ်းစားမိဘူး။ ဖွဲ့ ရှက်ရှက်နှင့် ရုန်းဖယ်ဖို့ပဲ ကြိုးစားနေမိလေသည်။

"ဖွဲ့…ကိုကို့ရင်ခွင်ထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းလေးနေပါ ကိုကို့ လက်တွဲဖော် ပါရမီဖြည့်ဖက်အနေနဲ့ ကိုကို့လိုအင်ဆန္ဒတွေကို ဖြည့်စွမ်းပေးပါလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဘုန်းလကျ်ာရဲ့ ရီဝေစိုစွတ်နေတဲ့ မျက်ဝန်းတွေကို ဖွဲ့ အထိတ်တလန့် ကြည့်မိနေလေသည်။ အချစ်တွေ၊ အဲဒါ အချ တွေလား။ ယောကျ်ားတစ်ယောက်ရဲ့ မျက်ဝန်းထဲမှာ ရှိနေတဲ့ အကျ တွေကို ဖွဲ့ တစ်ကြိမ်တစ်ခါမျှပင် မတွေ့ကြုံဖူးခဲ့။ တီလေးသ အပေါ် ဆိုးနွဲ့ပြီး ဂျစ်တိုက်ဖို့ကလွဲပြီး ဘာကိုမှ စိတ်မဝင်စားခဲ့ ဖွဲ့ နှလုံးသားတွေ တလှပ်လှပ် တုန်ရီနေသည်။ ခန္ဓာကိုယ်လေးထဲ သွေးတွေ ပွက်ပွက်ဆူလာသလို ပူနွေးလာ၏။

"ဖွဲ့ကိုချစ်တယ်၊ မြတ်နိုးတယ်၊ ဖွဲ့ကို စိတ်မချဘူး၊ ကို ထာဝရစောင့်ရှောက်ချင်တယ်၊ ကိုကို့ရင်ခွင်ထဲမှာပဲ ငြိမ်းချမ်း နေပေးပါလား ဖွဲ့ရယ်"

ကိုကို့မျက်နှာက ဖွဲ့ရဲ့မျက်နှာလေးပေါ် အုပ်မိုးကျ သည်။ နှုတ်ခမ်းသားလေးတွေ ပူနွေးတင်းကြပ်သွားရ၏။ အထိတ်တလန့် ရုန်းမိသည်။ ဘယ်လိုဖြစ်ရတာလဲ။ ကိုကို ပိုင် ပိုင်နိုင် လုပ်နေတာပဲ။ ဖွဲ့က ချစ်တယ်လို့ပြောသေးလို့လာ လက်ထပ်ပါ့မယ်လို့ ပြောမိလို့လားဟင်။

"ဖွဲ့ကိုလွှတ်...ကိုကို အဲဒီလို အနိုင်ကျင့်တာ ဖွဲ့





မကြိုက်ဘူးနော်၊ လွှတ်ပါ...လွှတ်"

ဖွဲ့က ရုန်းဖယ်ပစ်လေ ကိုကို့လက်တွေက ပို၍တင်းကြပ်စွာ ရစ်သိုင်းဖက်လေ ဖြစ်နေသည်။ အနမ်းမိုးလေးတွေ ရွာတော့ ဖွဲ့ အလွန့်အမင်း ရှက်ကြောက်စွာဖြင့် အသက်ရှူပင် မဝအောင် ဖြစ်လာရသည်။

"လကျ်ာ"

"ဟင်"

"အို"

တံခါးက ရုတ်တရက် ပွင့်လာပြီး မဟူရာ ရပ်နေလေသည်။ ဖွဲ့ တမင်တကာပဲ ကိုကို့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားလိုက်၏။

"ဖွဲ့လေး စိတ်ကောက်သွားလို့ မဟူရာ လိုက်ချော့နေတာပါ၊ ကိုကိုက ဒီရောက်နေတာကိုး၊ ဆောရီးနော် သွားပြီ"

ဟွန်း...မဟူရာက ဟမင်လာပြီးတော့များ ချစ်သူချင်း ဘာဖြစ်ဖြစ်ပဲ။ သူများအခန်းကို အသံမပေးဘာမပေးနဲ့ ဖွင့်တယ်။

"မဟူရာက တမင်ဖွင့်တာပါ ကိုကို၊ ဘာဖြစ်လို့ အသံ



www.burmeseclassic.com

www.burmeseclassic.com



မပေးရတာလဲ''

''မဟူရာက အဲဒီလိုစိတ်ဓာတ်မျိုး မရှိပါဘူး ဖွဲ့ရယ်၊ စိတ်ထားနူးညံ့ပါတယ်၊ ဖွဲ့ကို လာချော့တာနေမှာပါ''

''ကိုကိုကလည်း မဟူရာဘက်ကပဲ၊ ဟန်ဆောင်နေတာ၊ ဒီမိန်းမ ဟန်ဆောင်နေတာပါ''

''ဖွဲ့''

''အလကား လူအထင်ကြီးအောင်လုပ်နေတာ''

''ထားလိုက်ပါ ဖွဲ့ရယ်၊ ကဲ အခု အလှအပတွေ ပြင်တော့၊ ကိုကိုတို့ ကုမ္ပဏီကို သွားကြမယ်''

မဟူရာပါ လိုက်မည်ဖြစ်၍ ဖွဲ့စိတ်ထဲမှာ အတော်လေး ကသိကအောက် ဖြစ်နေရလေသည်။ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထားမိ၏။

''ဖွဲ့ မလိုက်ဘူး''

''ဘာဖြစ်လို့လဲ ဖွဲ့ရယ်''

''မလိုက်ချင်လို့''

''မရဘူး''





ဖွဲ့ မျက်ဝန်းတင်းတင်းလေးတွေက ကိုကိုဘုန်းလကျာ ထံ ဆတ်ခနဲ ရောက်သွားသည်။ ဖွဲ့က စက်ရုပ်လား၊ ဘာလဲ သံပတ်ပေးရတဲ့ စက်ရုပ်လား။ ဓာတ်ခဲအားနဲ့ စက်ရုပ်လား။ မလုပ်နိုင်ဘူး၊ ဖွဲ့ ဆန္ဒမပါဘဲ ဘာမှမလုပ်နိုင်ဘူး။

''ကုမ္ပဏီလည်း စိတ်မဝင်စားဘူး၊ ဘာစီးပွားရေးမှလည်း လုပ်နိုင်ဘူး၊ အိမ်မှုကိစ္စတွေ သင်နေတာလည်း ဖွဲ့ကို ညှင်းပန်းနှိပ်စက်နေတာပဲ''

''ဖွဲ့...အဲဒီလိုမတွေးပါနဲ့ကွာ၊ မေမေက စေတနာနဲ့ပါ၊ ဖွဲ့ကို ချစ်ပါတယ်၊ ငယ်ငယ်လေးထဲက သမီးအရင်းလေး တစ်ယောက်လို သံယောဇဉ်တွယ်ခဲ့ရတာပါ၊ ယုံပါကွာနော်''

ဖွဲ့ အံသွားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထားမိလေသည်။ အန်တီဉာဏ်သာက ဖွဲ့ကို အမြဲတမ်း ဆူပူကြိမ်းမောင်းနေတာပဲ။ တစ်ခါတလေ တုတ်နဲ့ ခြောက်သလိုနဲ့ တကယ်ရိုက်ခဲ့တာပဲ။

''မိန်းကလေးဖြစ်ပြီး ဒီလောက်ဆိုးသွမ်းပေကပ်ချင်တာ ဆိုမလိုက်နဲ့နော် သခင်၊ ဆုံးမထားမှဖြစ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



အန့်တီဥဏ်သာက ဖွဲ့ကို မချစ်ပါဘူး။ ဘာသံယော
ကြီးရတာလဲ။ အလကားပါ၊ ရိုက်နှက်ဆူပူ အော်ဟစ်ဖို့ပဲ လုပ်
တာ။ အခု ချွေးမအဖြစ် လက်ခံတာက ကိုကိုဘုန်း လက်ျာကြောင့်
ဖွဲ့ကို တကယ်ချစ်ရင် ညင်ညင်သာသာ ဆက်ဆံသင့်တယ်
မဟုတ်ဘူးလားလို့။

"ထပါဖွဲ့ရယ်…အလှအပတွေပြင်လိုက် ကိုကိုနဲ့ ကုမ္ပ
ကို လိုက်လာရင် စိတ်ကြည်သွားမှာပါ"

"ဖွဲ့ကိုလိုက်စေချင်ရင် ဟိုမိန်းမကို မခေါ်နဲ့"

"အဲဒီလိုမပြောနဲ့လေ ဖွဲ့၊ မဟူရာက ကိုကိုလုပ်ငန်း
ကူညီနေတာပါ၊ အမြဲတမ်းလည်း မလာနိုင်ပါဘူး၊ သူ့မှာလည်
စီးပွားရေးလုပ်ငန်းတွေ ရှိနေတာပဲလေ"

"ဟင့်အင်း…သူ့ကို ဖွဲ့မုန်းတယ်၊ သူနဲ့ နှိုင်းယှဉ်
တာကို ဖွဲ့မကြိုက်ဘူး"

"ထပါ ဖွဲ့ရယ်၊ ဂျစ်မတိုက်စမ်းပါနဲ့၊ ကလေးမ
စမ်းပါနဲ့ကွာ၊ အရေးကြီးတာက ကိုကို့စီးပွားရေးလုပ်ငန်းမှာ
နားလည်ပြီး ကူညီနိုင်ဖို့ပဲ၊ ဒါမှ ကိုကိုတို့ မွေးဖွားလာတဲ့ ရင်





းတွေအထိ အနာဂတ်လှပမှာလေ"

ကိုကို့စကားကြောင့် ဖွဲ့ မျက်နှာလေးပွပြီး ရှက်သွားမိ
ည်။ ဘာကလေးတွေလဲ၊ ဘာအနာဂတ်လဲ။ သူ အော်ဟစ်
ချင်ပေမယ့် နှုတ်ခမ်းသားလေးတွေက စေ့ကပ်နေလေသည်။
ပ်ရှားဍပင်မရ။

"အလှတွေပြင်နော်၊ ခဏနေရင် ကိုကိုလာခေါ်မယ်၊
မ်းလှလှလေးပြင်ထား ကိုကို့ဝန်ထမ်းတွေအားလုံး ရင်သပ်ရှုမော
ကြည့်သွားရအောင်လေ"

ဖွဲ့ ပါးပြင်လေးအား ခပ်ဖွဖွနမ်းရှိုက်ပြီး ကိုကိုဘုန်း လက်ျာ
က်သွားလေသည်။ ဖွဲ့ မလှုပ်မယှက်ရပ်နေဆဲပင်။ မဟူရာ
နေတာကိုပင် ဖွဲ့ ဘယ်လိုမှ သဘောမကျနိုင်ဘဲ ဒေါသထွက်
င်နေ၏။ မလိုက်ဘူး၊ ကိုကိုနဲ့ လုံးဝကိုမလိုက်ဘူး။ မဟူရာကို
ထင်ကြီးနေကြ။ ဖွဲ့က အလကားကောင်မလေးပါ။ အထင်မကြီး
ပါနဲ့။ ရင်ထဲမှာ ဒေါသတွေနှင့် ပေါက်ကွဲချင်နေမိသည်။

အားလုံးမတရားဘူး။ ဖွဲ့ကို ပညာပေးချင်နေကြတာ။
း ဖွဲ့ပဲဟာ၊ တစ်ယောက်တည်း ဒေါသတွေထွက်ပြီး မငြိမ်



www.burmeseclassic.com

www.burmeseclassic.com



မယှက် ထိုင်နေမိလေသည်။

"ဖွဲ့"

အခန်းတံခါးကို ဖွင့်မပေးဘဲ ပေကပ်ထိုင်နေမိသည်။ မလိုက်ဘူးဆို မလိုက်ဘူးပဲ။

"ဖွဲ့ တံခါးဖွင့်ပါကွာ၊ ကိုကို ပြောစရာရှိလို့ပါ"

ကိုကို့အသံက ခပ်အုပ်အုပ်နှင့် အန်တီဉာဏ်သာ ကြား မှာကြောက်၍နေပုံပင်။ ဖွဲ့က မဖွင့်ပေးပေ။ ခေါင်းမာမာနှင့်ပဲ ထိုင်နေ လိုက်သည်။

"ဖွဲ့လေးရယ်...ကိုကိုတောင်းပန်ပါတယ်ကွာ၊ သွား ကြရအောင်ပါ၊ ဖွဲ့လေး မပြင်ရသေးရင်လည်း ကိုကိုစောင့်နေ မယ်နော်"

"မလိုက်ဘူး၊ ပြဿနာ ပိုကြီးသွားချင်ရင် ဖွဲ့ကို မခေါ်နဲ့ ကိုကိုတစ်ယောက်တည်းပဲသွား"

ဖွဲ့ကို အနိုင်မကျင့်ရဲအောင် ခေါင်းမာထားမှဖြစ်မှာမို့ မလိုက် ဖို့ ဆုံးဖြတ်ထားလိုက်လေသည်။



## အခန်း [၁၂]

"ဖွဲ့...ခဏလေးပဲဖြစ်ဖြစ် ထွက်လာခဲ့ပါကွာ၊ သန်း တွေ့ချင်လို့ပါ"

"သန်း"

"ဟင်"

"ဖွဲ့ ထွက်ခဲ့မယ်၊ လမ်းထိပ်ကနေ စောင့်နော်"

"တကယ်လား ဖွဲ့၊ သန်း စောင့်နေမယ်နော်"

"အင်း"

သန်း ဖုန်းဆက်သည်။ ဖွဲ့ အခန်းထဲမှာ တစ်ယောက် တည်းနေရင်း အရာအားလုံးကို မကျေမနပ်ဖြစ်ကာ ဒေါသတွေ ထွက်နေ၏။ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ ဖိကိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားရင်း သခ်ဲ ဖုန်းဆက်လာ၍ အမြင်ကတ်ကတ်နှင့် သွားနေ
ဖို့ ဆုံးဖြတ်လိုက်မိသည်။ ဒီလောက် စိတ်ကျဉ်းကြပ်စွာ နေထိုင်
မယ့် ကိုကိုဘုန်းလက်ျာနှင့် လက်မထပ်လိုတော့ပေ။ စိတ်ညစ်တာ
သခ်ဲနဲ့ လက်ထပ်လိုက်တာမှ ကောင်းဦးမယ်။ မုန်းလိုက်တာ အ
ဉာဏ်သာ အထင်ကြီးတဲ့ မဟူရာနဲ့ပဲ ကိုကိုဘုန်းလက်ျာ လက်
ပါစေ။

ဖွဲ့ ပြင်ဆင်ပြီး အပြင်ကို ထွက်လာခဲ့လေသည်။
အောက်ထပ်မှာ တိတ်ဆိတ်နေ၏။ အန်တီဉာဏ်သာလည်း မ
တစ်အိမ်လုံး ဘယ်ရောက်နေကြပြီလဲ။ ခြံထဲဆင်းလာ ပြီး ခြံတံ
ဖွင့်ကာ ထွက်လာခဲ့လေသည်။ သခ်ဲနဲ့ တွေ့လိုက်ရင် ဖွဲ့စိတ်
ပေါ့သွားနိုင်၏။ တွေ့မယ်၊ ဘာဖြစ်လဲ သခ်ဲက လက်ထပ်မ
ရင်တောင် ဖွဲ့ လက်ထပ်ပစ်လိုက်မယ်။ မုန်းလိုက်တာ၊ ဖွဲ့
လောက် အကျဉ်းအကြပ်ထဲမှာ မနေနိုင်ပါဘူး။ လမ်းထိပ်ရော
တော့ သခ်ဲကို တွေ့ရသည်။

"ဖွဲ့ ကားပေါ်တက်လေ"

"သခ်ဲ ဘယ်သွားမလို့လဲ၊ ဖွဲ့ အကြာကြီးနေလို့မ





"ရပါတယ်၊ ခဏလေးပါကွာ၊ မကြောက်နဲ့ဖွဲ့ရယ်"

သခ်ဲကတော့ ဖွဲ့ကားပေါ် ရောက်သည်နှင့် မောင်းထွက်
သွားခဲ့လေသည်။ ချောမောလှပနုထွတ်နေတဲ့ ကောင်မလေးဖြစ်
နေ၍ သခ်ဲရင်ကို ထိနေရတာတော့ အမှန်ပင်။ ပြီးတော့ ဖွဲ့အမေက
ပင်ခြားမှာတဲ့။ လူရှင်းတဲ့နေရာလေး ရောက်တော့ ကားကို ရပ်ပစ်
လိုက်သည်။

"သခ်ဲ ဖွဲ့ အကြာကြီးနေလို့မရဘူးနော်၊ လူကြီးတွေ
မသိအောင် တိတ်တိတ်လေး ထွက်လာခဲ့တာပါ"

"ဖွဲ့"

"ဟင်"

"သခ်ဲ အရမ်းတွေ့ချင်နေတာပါကွာ၊ ဖွဲ့ကို အမြဲတမ်း
တွေ့ချင်နေတယ်၊ သခ်ဲ နှလုံးသားတွေကို ဖွဲ့က စိုးမိုးလွှမ်းနေတယ်၊
အမြဲတမ်း သတိရတမ်းတနေတယ်၊ ဖွဲ့ရော"

"ဖွဲ့ဘဝက မလွတ်လပ်ဘူး၊ သူများအိမ်မှာနေရတာလေ
အချိန်သိပ်မရှိဘူး"

"ကိုကိုဘုန်းလက်ျာနဲ့ ဘယ်လိုမှ မပတ်သက်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့၊ အမှန်အတိုင်းပြောစမ်းပါကွာ၊ သန် အရမ်းပဲသိချင်တယ်"

"အင်း...ဖွဲ့ အမှန်အတိုင်းပဲ ဝန်ခံမယ်နော်၊ တကယ်တော့ ဖွဲ့ မမေနဲ့ တီလေး နိုင်ငံခြားက ပြန်လာရင် ဖွဲ့နဲ့ ကို ဘုန်းလကျ်ာတို့ လက်ထပ်ရတော့မှာပါ"

"ဟင်"

"နောက်လဆို ရောက်လာကြလိမ့်မယ်"

"ဖွဲ့ကိုလက်ထပ်ဖို့ ကိုကိုဘုန်းလကျ်ာက တောင်း တာလား၊ လူကြီးတွေ စီစဉ်တာလားဖွဲ့"

"ကိုကိုက တောင်းဆိုတာပါ သန်ရယ်"

"ဟာ...မဖြစ်နိုင်တာပဲ ကိုကိုဘုန်းလကျ်ာက တိ ပြီး အရမ်းစည်းကမ်းကြီးတယ်၊ ပြီးတော့ မဟူရာဆိုတဲ့ မိန်း လေးနဲ့ တွဲနေတာမဟုတ်ဘူးလား ဖွဲ့"

"မသိဘူး"

"မမဟူရာကို အန်တီဉာဏ်သာရဲ့ ချွေးမလောင်း တောင် ပြောနေကြတာလေ"

သန် တမင် ဖွဲ့အထင်လွဲအောင် ပြောလိုက်လေသ





ဖွဲ့မျက်ဝန်းတွေက တင်းမာနေ၏။ ဖွဲ့ မင်းလေးကိုတော့ သန် လက်လွှတ်မခံနိုင်တော့ဘူး။ ကိုကိုဘုန်းလကျ်ာက ဒီကောင်မလေးကိုမှ ရွေးချယ်တာ အံ့သြစရာပဲ။ ငယ်သံယောဇဉ်ကြောင့်ပဲ ဖြစ်မှာ။ မရဘူး၊ ဖွဲ့ကိုတော့ သန် မရရအောင်ယူရမှာပဲ။

"သန် ပြန်ကြရအောင်နော်၊ ဖွဲ့ နိုးထွက်လာခဲ့တာ"

အန်တီဉာဏ်သာကိုတော့ ငယ်ကြောက်ဖြစ်နေ၍ ဖွဲ့ နဲ့ကြောက်ရလေသည်။ လူကသာ ဆန့်ကျင်ချင်နေပြီ။ စိတ်ထဲမှာ ကြောက်နေမိ၏။ သန်နှင့် စကားပြောရတာလည်း စိတ်မသက်သာဖြစ်နေရသည်။ စိတ်ပေါ့ပါးသွားမယ် ထင်မိတာပါ။

"ဖွဲ့"

"ဟင်"

"ဖွဲ့ကိုချစ်တယ်"

"ဟင်"

"သန် မေမေ့ကိုတောင် ပြောပြီးပြီ၊ မေမေက သဘောတူနေတယ်၊ မေမေကတော့ ဒီခြံကြီးရော အမွေတွေ အားလုံး ကိုယ့်ကိုလွှဲပြီး ရိပ်သာဝင်ချင်နေပြီ"

www.burmeseclassic.com



အန်တီဉာဏ်သာနဲ့ ကိုကိုဘုန်းလကျာ်က ပြောတော့ သဉ်အမေက ကိုယ်ကျင့်တရားမကောင်းဘူးတဲ့။ သူတို့ကိုက ကြီးကျယ်ခမ်းနားပြီး လူတွေကို အထင်သေးနေကြတာပဲ မဟုတ်လား။

"ကိုကိုဘုန်းလကျာ်က မမဟူရာနဲ့ ဒီလောက်နီးစပ်နေတာ ဖွဲ့ကိုမှ ရွေးချယ်တယ်ဆိုတော့ အံ့သြစရာပဲ၊ ဖွဲ့ကရော ကိုကိုဘုန်းလကျာ်ကို ချစ်လို့လား"

"ဟင့်အင်း…ဖွဲ့ ဘယ်တုန်းကမှ မချစ်ပါဘူး၊ ငယ်ငယ်ကဆို အရှိမ်းမုန်းတာပဲ"

"ဒါဆို ဖွဲ့ လက်ထပ်လည်း တစ်သက်လုံး စိတ်သောကတွေ ခံစားနေရမှာလေ၊ သဉ်ကတော့ ဖွဲ့ကိုတွေ့မှ ဘယ်လို စိတ်ထိန်းလို့မရအောင် ချစ်နေမိတယ် ဖွဲ့၊ သဉ်နဲ့ပဲ လက်ထပ်ပါကွာ ဖွဲ့ကို ပျော်ရွှင်အောင်၊ စိတ်ချမ်းသာအောင် ထားပေးမှာပါ"

ဖွဲ့လက်လေးကို သဉ် မသိမသာ ဖမ်းယူဆုပ်ကိုင်ထား လိုက်သည်။ ဖွဲ့က ခဏလေးငြိမ်သက်နေပြီးမှ ရုန်းထွက်လိုက်

"ဖွဲ့ ပြန်တော့မယ်၊ သဉ်ကိုတော့ ဖွဲ့ စဉ်းစားပေးချင် ပါတယ်၊ ကိုကိုဘုန်းလကျာ်နဲ့တော့ တကယ်ပဲ လက်မထပ်ချင်





တာ သဉ်ရယ်"

"ကောင်းပါပြီဖွဲ့ရယ်…ပြန်ကြရအောင်နော်၊ ဖွဲ့ မျက်နှာလေးညှိုးနေရင်တောင် သဉ် မနေတတ်တာပါ၊ ဖွဲ့ ဘာမှအားမငယ်နဲ့နော်၊ သဉ်ရှိတယ်၊ ဘယ်လိုအချိန်မျိုးပဲဖြစ်ဖြစ် သဉ်ဆီ အကူအညီလှမ်းတောင်းနိုင်တယ်"

"အင်း"

BURMESE CLASSIC

သဉ်က ဖွဲ့လက်လေးကို ဆုပ်ကိုင်ထားတော့ ဖွဲ့ မရုန်းမိ။ ကိုကိုဘုန်းလကျာ်ကို ဖွဲ့ လက်မထပ်ချင်ဘူး။ စည်းကမ်းတွေ တင်းကြပ်လွန်းတဲ့ သားအမိနှင့် ဖွဲ့ တစ်နာရီတစ်စက္ကန့်တောင် နေလို့မရနိုင်ပါဘူး။

"ပြန်မယ်နော် ဖွဲ့၊ မျက်နှာလေးညှိုးမနေစမ်းပါနဲ့ကွာ"

သဉ်က နှစ်သိမ့်အားပေးနေ၍ ဖွဲ့ နဲနဲတော့ စိတ်သက်သာရာရသွားသည်။ ကျေးဇူးပါပဲ သဉ်ရယ်။ ဖွဲ့ သေချင်လောက်အောင် စိတ်ညစ်နေရတာပါနော်။

အိမ်ကိုပြန်နေတဲ့လမ်းတွင် ကိုကိုဘုန်းလကျာ်ထံမှ ဖုန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ဖွဲ့"

"အင်း"

"မင်းဘယ်ရောက်နေတာလဲ၊ ကားသံကြားရတယ်၊ မင်း ဘယ်သူနဲ့လဲ၊ အပြင်မှာလား ဖွဲ့"

"ဘာမှမဟုတ်ပါဘူး ကိုကို အိမ်ထဲမှာပါပဲ"

ဖွဲ့ ဖုန်းကိုပိတ်ပစ်လိုက်လေသည်။ ကိုကိုဘုန်းလကျ်ာ စိတ်ပူအောင် လုပ်လိုက်ရ၍ ကျေနပ်သွားရသည်။

"ကိုဘုန်းလကျ်ာလား"

"အင်း"

"ဖွဲ့ကို သနားလိုက်တာကွာ၊ စိတ်တွေအရမ်း ကျဉ်းကြပ် နေမှာပဲ၊ ကိုကိုဘုန်းလကျ်ာတို့ သားအမိက တကယ့်ကို စည်းစနစ် ကြီးကြတယ်၊ သခ်တော့ စိတ်အရမ်းကျဉ်းကြပ်တာပဲ"

လမ်းထိပ်မှာ ကားလေးရပ်တော့ ဖွဲ့ ဆင်းလိုက်သည်။ အိမ်ထဲကို ဘယ်လိုပြန်ဝင်ရမလဲ။ အန့်တီဉာဏ်သာ သိသွားလျှင် အရမ်းဒေါသဖြစ်မှာပဲ။ ဖြစ်ပါစေ ဖွဲ့အခွင့်အရေးပဲ။ ခြံထဲဝင်မည်





လုပ်တော့ အန့်တီဉာဏ်သာ ရပ်နေသည်။

"နှောင်ဖွဲ့အိမ်…ညည်း ဘယ်ကနေပြန်လာတာလဲ"

"စိတ်ကျဉ်းကြပ်လို့ လမ်းထွက်လျှောက်တာပါ အန့်တီ ဉာဏ်သာ"

"ဘာ"

"ဖွဲ့ အိမ်ထဲမှာပဲနေရတာ စိတ်ညစ်လို့"

"ကုမ္ပဏီကို ဘာဖြစ်လို့ လိုက်မသွားရတာလဲ"

"ပျင်းလို့"

"ဘာ"

ဖွဲ့ အိမ်ထဲဝင်ဖို့ ပြင်လိုက်သည်။

"နေဦး"

အန့်တီဉာဏ်သာက ရှေ့မှပိတ်ရပ်လိုက်သည်။ ဖွဲ့ ရင်ဆိုင် ယ်၊ မတရားဆူပူကြိမ်းမောင်းနေတာ ငြိမ်ခံနေရအောင် ဖွဲ့က ငယ်နှပ်စားလေး မဟုတ်ပေ။

"ညည်းဘဝမှာ ပျင်းတာပျော်တာက သိပ်အရေးပါ သား နှောင်ဖွဲ့အိမ်၊ တကယ်လို့ အပြင်ထွက်ရင်တောင် ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ကျုပ်ကို အသိပေး ခွင့်တောင်းရမယ်လေ''

''အန်တီဥာဏ်သာ အိပ်နေတယ်ထင်လို့ပါ''

''ဖွဲ့…ညည်း ဒီအိမ်ကိုရောက်လာတာ ဘာအတွက်လဲဆိုတာ သိတယ်မဟုတ်လား''

''သိပါတယ်''

''ဘာဖြစ်လို့ နိုးကြောင်နိုးဝှက် ထွက်သွားရတာလဲ''

''ဖွဲ့ ကလေးမဟုတ်ပါဘူး၊ လမ်းလေးဘာလေးတောင် ထွက်ပြီးလျှောက်ခွင့် မရှိတော့ဘူးလား''

''အထဲဝင်စမ်း''

ဖွဲ့ တိုက်ကြီးထဲကို ဝင်လိုက်လေသည်။

''ဒီမှာထိုင်ဦး''

ဧည့်ခန်းမှာ ဝင်ထိုင်လိုက်သည်။ ဖွဲ့ကို ဘယ်လိုအပြစ်ဒဏ်ပေးမလဲ။ ငယ်ငယ်က ဆိုးပေလွန်း၍ ထမင်းမကျွေးပဲ ထားဘူးသည်။ မေမေနှင့် တီလေးကလည်း အန်တီဥာဏ်သာ သဘောအတိုင်းပဲ။

''နှောင်ဖွဲ့အိမ်…ကျုပ်ကတော့ ဒီလိုစည်းကမ်းမဲ့လု





ဘာကို လက်မခံနိုင်ဘူး၊ ညည်း တမင်အရွဲ့တိုက်နေတယ်ဆိုတာ သိတယ်၊ မရဘူး၊ ကလေးတုန်းကတောင် ခွင့်လွှတ်နိုင်သေးတယ်၊ အသက်ကြီးလာတာနှင့်အမျှ စည်းကမ်းမဲ့တာကို လုံးဝခွင့်မလွှတ်နိုင်တော့ဘူး''

ဖွဲ့ကတော့ အေးစက်စက် ပေကပ်ကပ် ထိုင်နေမိလေသည်။ ပေးလေ ဘယ်လိုအပြစ်ဒဏ်မျိုး ပေးမလဲ။ ဖွဲ့ အံလေးကြိတ်ထားလိုက်၏။

''တစ်ပတ်တိတိ အိမ်သန့်ရှင်းရေး လုပ်ရမယ်၊ အဝတ်ဘွလျှော်ရမယ်၊ ထမင်းဟင်းတွေ ချက်ရမယ်''

''အလုပ်ကြမ်းတွေ ဖွဲ့မလုပ်နိုင်ဘူး၊ ငယ်ငယ်ကလိုခင်းပဲ အငတ်ထားလိုက်ပါ''

''မရဘူး…ကျုပ်ခိုင်းတာ ညည်းကို ဒီထက်ပြင်းထန်အပြစ်ဒဏ်ပေးရမယ်၊ ညည်း ဘယ်လိုမိန်းကလေးလဲ နှောင်ဖွဲ့ လူကြီးတွေကို ဘာဖြစ်လို့ စိတ်ဆင်းရဲအောင် လုပ်ချင်ရတာလဲ။ ကြီးမိဘတွေဟာ ညည်းကို လိုလေသေးမရှိအောင် ကျွေးမွေးစောင့်တ်ထားတာပဲ မဟုတ်လားအေ့''



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ ထိုင်နေရာကနေ ထလာခဲ့လေသည်။ ရတယ်လေ ဘယ်လိုအပြစ်ဒဏ်ပဲပေးပေး ဖွဲ့ ခံယူမယ်။ ဒီလိုအပြစ်ဒဏ်မျိုး ကို အန့်တီဥာဏ်သာက ပေးချင်နေတာမဟုတ်လားလို့။ လုပ်ပြမယ်၊ သေတဲ့အထိ လုပ်ပြမယ်။ ဖွဲ့ရင်ထဲမှာ နာကျင်နေလေသည်။



## အခန်း [၁၃]

အိမ်မှုကိစ္စတွေ လုပ်ရတာ ဖွဲ့ ပင်ပန်းနွမ်းနယ်နေရလေ ...။ ကိုကိုကလည်း အန့်တီဥာဏ်သာကို ကြောက်ရ၍ ဖွဲ့အနား ... ကပ်ရဲ။ မုန်းလိုက်တာနော်၊ ဖွဲ့က အစေအပါးလား။ ကျွန်လား။ ...သူမှ မကူညီကြ။ လုပ်ပြမယ်၊ ကျွန်မ ဘယ်လောက်အထိ ...ကြာမာကြောင်း ပြရမယ်၊ အဝတ်တွေလျှော်၊ ထမင်းဟင်းတွေ ... သန့်ရှင်းတွေလုပ်နေမိသည်။ ညဆို တစ်ကိုယ်လုံး ကိုက်ခဲ ...ချင်နေတာပဲ။ လက်တွေလည်း ပေါက်နေပြီ။ ကိုကိုလက်ပွာနှင့် ...တည်းနေရပြီး လူချင်း မဆုံကြ။ ရက်စက်လိုက်တာ ဖုန်းပင် ... သခ်ိက ဖုန်းဆက်သည်။

"ဖွဲ့ ဘာတွေဖြစ်နေလဲ၊ ကိုယ် စိတ်ပူလိုက်တာ၊ အပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်တာ အိမ်ကသိသွားလား"

"ဘာမှမဖြစ်ပါဘူး သခ်၊ အေးဆေးပဲ စိတ်မပူပါနဲ့၊ တစ်ပတ်လောက်တော့ အပြင်မထွက်သေးဘူးလေ"

"ဖွဲ့...ကိုယ့်ဆီဖုန်းဆက်နော်၊ လိုအပ်တဲ့အကူအညီ ရှိရင်ပြော၊ မမေကတော့ ဖွဲ့ကို အရမ်းသနားနေတယ်၊ ဖုန်း ပြောမလား"

"ဟင့်အင်း...မပြောဘူး၊ အလုပ်ရှိနေလို့ ဒါပဲနော်"

"ခဏလေးပါ ဖွဲ့ရယ် မမေနဲ့ပြောလိုက်ပါ"

သခ်က အတင်းပြောနေ၍ သခ်မမေနှင့် ဖုန်းပြော သည်။

"သမီးလေး နေကောင်းဖွဲ့အိမ်လား"

"ဟုတ်ကဲ့"

"မမေကတော့ သမီးလေးကို အဝေးကနေမြင် ချစ်နေတာပါကွယ်၊ အရမ်းချစ်စရာကောင်းတာပဲ၊ မမေက တစ်ဦးတည်းသောသားလေး သခ်ကို အမွေတွေပေးပြီး စိတ် တစ်ခုခု ရှာချင်တယ်ကွယ်၊ အသက်ကြီးလာတော့ သေရေးအ





စဉ်းစားရမယ်လေ"

သခ်မမေရဲ့ အသံက အန်တီဉာဏ်သာနဲ့ လုံးဝမတူ အေးချမ်းနေသည်။ တရားပြည့်ဝနေ၏။

"ဒေါ်ဉာဏ်သာတို့က စည်းကမ်းကြီးတယ်၊ စနစ်ကျ ယ်၊ အရမ်းကို နေထိုင်တတ်တာပဲကွယ်၊ အန်တီလည်း သဘော တယ်၊ မောင်ဘုန်းလကျ်ာဆိုရင် တကယ့်ကို အားကျလောက်တဲ့ င်လောက်တဲ့ ယောကျ်ားတစ်ယောက်လေ၊ သားသခ်ကို မြဲတိုင်း စံပြထားရတာပါ"

ကြည့်စမ်းပါဦး သခ်မမေက အန်တီဉာဏ်သာတို့ အိမ်ကို ချီးမွမ်းနေလိုက်တာ။ သူများမကောင်းကြောင်း မပြော တ်ပါဘူး။ အန်တီဉာဏ်သာနဲ့တော့ တခြားစီပဲ။

"သမီးလေး လိုအပ်တဲ့အကူအညီရှိရင် ပြောနော်၊ င်ဘုန်းလကျ်ာက မိန်းကလေးတစ်ယောက် ရွေးချယ်သင့် ယောကျ်ားပဲကွယ်၊ သမီးလေး ကံကောင်းပါတယ်"

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ် အန်တီရယ်၊ ဖွဲ့က ကမ်းတကျ မနေတတ်တော့ စိတ်ကျဉ်းကြပ်နေတာပါပဲ၊ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဖွဲ့ ငယ်ငယ်လေးထဲက မချစ်တာပါ''

''မဟုတ်တာကွယ်...အန်တီသိရသလောက်တော
မောင်ဘုန်းလကျာ်ကို စိတ်ကူးယဉ်နေကြတဲ့ မိန်းမချောလေး
အများကြီးပဲကွယ်၊ သမီးလေး ကံကောင်းတာပါ၊ စိတ်ကူးမလွဲ
နဲ့နော်''

''ဖွဲ့နဲ့ ဖြစ်မှာမဟုတ်ပါဘူး၊ စိတ်ညစ်တယ်''

''သမီးလေးရှေ့ရေးပါကွယ်၊ မောင်ဘုန်းလကျာ်
မိန်းကလေးတစ်ယောက် လက်ထပ်သင့်တဲ့ ယောကျာ်းပါ''

သခ်မေမေကိုတော့ ဖွဲ့ လေးစားသွားရလေသည်။ ကို
ဘုန်းလကျာ်ကိုတောင် ချီးမွမ်းနေသေးတယ်။

''ဖွဲ့ အားမငယ်နဲ့နော် သခ်ရှိပါတယ်၊ ဖွဲ့ကိုအ
ချစ်တယ်ကွာ''

သခ်က တိုးတိုးလေးပြောပြီး ဖုန်းချသွားလေသည်။

''သခ်ရယ်...ဖွဲ့ အရမ်းပဲမွန်းကြပ်နေတယ်၊ ကြ
တမ်းရက်စက်တဲ့ ပြစ်ဒဏ်ကို တစ်ပတ်တိတိခံယူရဦးမယ်၊
ပေးသင့်တဲ့ပြစ်ဒဏ်လား''





ဖွဲ့ ရှူးသွပ်စွာဖြင့် အော်ဟစ်ချင်လာမိသည်။ အပြစ်
ထဲက တစ်ရက်ပဲရှိသေးတယ် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲ
နေတာပဲ၊ သေတော့မယ်။ ကိုကို ကျွန်မက ရှင်နဲ့လက်ထပ်မယ့်
မိန်းကလေးလေ။ ရှင်ချစ်တယ်ဆို။ ဘာဖြစ်လို့ အနားကနေ ဖေးမ
ညှိမပေးနိုင်ရတာလဲ။ ရှင်မချစ်လို့ဘဲ မဟုတ်လား။ ဘာဖြစ်လို့များ
ကို လက်ထပ်မယ်လို့ တောင်းဆိုရတာလဲ။ အကိုက်အခဲပျောက်
ဆေးလည်း မသောက်ဘူး။ အသေခံမယ်။

''ကိုကို ကျွန်မကို ဘာဖြစ်လို့ နမ်းရတာလဲ၊ သခ်တောင်
ဘက်လေးပဲကိုင်တာ၊ ဖွဲ့ကို ညှင်းပန်းနှိပ်စက်ဖို့မဟုတ်လားလို့''

ဖွဲ့ ဒေါသတွေ ပေါက်ကွဲစွာ အော်ဟစ်ပစ်ချင်လာရသည်။
မေမေရော တီလေးရော ဖုန်းပင်မဆက်။ အန်တီဥဏ်သာလက်ထဲ
အပ်ထားခဲ့ကြသည်။ ရက်စက်လိုက်ကြတာ၊ ဖွဲ့ကို လူသား
တစ်ယောက်လိုမှ ထင်ကြသေးရဲ့လား။ ကိုကို ဘုန်းလကျာ်ဆီမှ
အဆက်အသွယ် မလုပ်တာ ဒေါသအဖြစ်ဆုံးပင်။ တစ်အိမ်ထဲ
နေပြီး လာပင်မတွေ့ရဲပေ။ အမေကို အရမ်းကြောက်တဲ့ ယောကျာ်း
တစ်ယောက်နဲ့ ဖွဲ့ လက်မထပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"မမလေးဖွဲ့"

အိမ်ဖော်ကောင်မလေး အသံဖြစ်သည်။ ဖွဲ့ မထူးပေး

"မမလေး…တံခါးခဏဖွင့်ပါ၊ မေမေကြီးက ဆေးပေ

နိုင်းလို့ အကိုက်အခဲပျောက်ဆေးလေ"

"မသောက်ဘူး"

"သောက်လိုက်ပါ မမလေးရယ်၊ အန်တီဉာဏ်သာ

စိတ်ဆိုးလိမ့်မယ်"

"မသောက်ဘူး၊ ငါဘာမှမဖြစ်ဘူးလို့ ပြောလိုက်၊ မလို

မသောက်တာပဲ ပြန်ယူသွား"

"ဟုတ်ကဲ့"

အိမ်ဖော်မလေး ပြန်ထွက်သွားလေသည်။ ဆေးမ

လိုက်မိတာပဲ မှားသွားပြီလား။ ကိုက်ခဲနေတာပဲ။

"ကျွတ်…ကျွတ် နာလိုက်တာနော်၊ မသောက်ဘူ

ဘာဆေးမှမသောက်ဘူး သေပစေ"

ဖွဲ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီး အိပ်လို့ပင်မရ

ဒီလိုအလုပ်ကြမ်းတွေမှ ဖွဲ့ မလုပ်ဘူးတာပဲ။ အပြစ်ဒဏ်ပေးရအော





ဖွဲ့က ဘာလဲ၊ ကလေးလား။ တမင်နှိပ်စက်တာပဲ။ ငယ်ငယ်ကလိုပဲ

ဖွဲ့ အရမ်းကြောက်သွားမလားလို့ အန်တီဉာဏ်သာ ခြိမ်းခြောက်

ထိန်းယောက်နေတာပါ။

တစ်ခါတစ်ရံ ဆေးမယူလိုက်မိတာ မှားသွားပြီဟု ဖွဲ့

ထင်မိသည်။ အရမ်းကို နာကျင်ကိုက်ခဲနေတာပဲ။

"မောင်ဘုန်းလကျော်လို ယောကျ်ားတစ်ယောက်က

သက်ထပ်ခွင့်တောင်းတာ ညည်းကံကောင်းတယ်မှတ်ပါ ဖွဲ့၊

မဉာဏ်သာ စိတ်တိုင်းကျအောင် ညည်းနေပါ၊ ဒီအခွင့်အရေး

ဟာ ညည်းအတွက် ဆုကြီးလာဘ်ကြီး တစ်ခုပဲအေ့"

တီလေးပြောတဲ့ စကားတွေကို ကြားမိပြီး ဖွဲ့ နှုတ်ခမ်း

လေးတွေ တွန့်မိသွားရလေသည်။ ဘာကံကောင်းတာလဲ။ ဖွဲ့ကို

ဥပေက္ခာပြုထားလိုက်တာ၊ အရေးအရာတောင် မလုပ်ဘူး။ မုန်း

တယ်၊ အရမ်းမုန်းတယ်။ ညဦးအတော်နက်မှ အိပ်ပျော်သွားလေ

သည်။

"ကလင်…လင်"

"ကလင်"


www.burmeseclassic.com

www.burmeseclassic.com

“အား”

နှုန်းစက်ကြောင့် ဖွဲ့ ဆတ်ခနဲ လန့်နိုးသွားရသည်။ သေချင်တာပဲနော်၊ ဒီနှိုးစက်ကို မုန်းလိုက်တာ။ မနက် ၆ နာရီဆို ထမြည်ပြီး နေ့တိုင်းပဲ နှိုးစက်မပေးထားလို့လည်း မဖြစ်ဘူး။ ဖွဲ့ နိုးမှာမဟုတ်၊ အပျင်းထူတဲ့ မိန်းမ၊ စည်းကမ်း မဲ့တဲ့မိန်းမလို့ အထင်မခံနိုင်လို့၊

“ဝင်ငွေကြေးတစ်ခုပဲ၊ တစ်သက်လုံး ဝင်ငွေခံနေရတော့မှာပဲနော်”

ဖွဲ့ ပါးစပ်ကနေ တညီးညီးတညူညူ ပြောပြီး ထလိုက်သည်။ ရေချိုးခန်းထဲ ဝင်လာခဲ့၏။ သေပါပြီ၊ တစ်ကိုယ်လုံး ကိုက်ခဲနေတာပဲ။

“အား…ကျွတ်…ကျွတ် နာလိုက်တာနော်၊ နောင်ဖွဲ့အိမ် တင်းထားစမ်း ငါဘယ်လောက်ကျောတယ်ဆိုတာ ပြရမယ်”

ဖွဲ့ ရေပန်းအောက်ဝင်ပြီး ရေကို တစ်ဝချိုးပစ်လိုက်လေသည်။ နန်နဲတော့ ပေါ့ပါးသွားရ၏။ ဖွဲ့ အဝတ်အစားတွေ လဲပြီး မီးဖိုခန်းထဲ ဝင်လာခဲ့၏။

“နောင်ဖွဲ့အိမ်”





“ပြောပါ”

“ညည်း ဘယ်လိုဝတ်စားလာရတာလဲ”

“ဘာဖြစ်လို့လဲ အန်တီဥာဏ်သာ၊ အလုပ်လုပ်ရမှာမို့ ပေါ့ပေါ့ပါးပါးဖြစ်အောင် ဝတ်ထားတာပါ”

ဖွဲ့က ရှော့ပင်နှံနှင့် စပို့ရှပ်ကိုယ်ကြပ်လေး ဝတ်ထားသည်။ ဘာဖြစ်လို့လဲ၊ အိမ်မှာလည်း ဖွဲ့က အဲဒီလိုပဲ ပေါ့ပါးတဲ့ အဝတ်တွေ ဝတ်ပြီး နေတာတ်သည်။

“ညည်းအဝတ်တွေ ပြန်လဲပါ”

“ဘာဖြစ်လို့လဲ အန်တီဥာဏ်သာ၊ ဖွဲ့က အလုပ်လုပ်ရတာ လွတ်လပ်အောင်ပါ၊ ဒီအိမ်မှာ မိန်းမတွေပဲရှိနေတာကို”

“ဘာပဲဖြစ်ဖြစ် ညည်းအဝတ်အစားကို ပြန်လဲပါ၊ ချုပ်မကြိုက်ဘူး”

ဖွဲ့ ဘာမှပြောမနေတော့ဘဲ ဘောင်းဘီရှည်ကို ပြန်လဲလိုက်သည်။ ခေတ်အမြင်မရှိလိုက်တာနော်၊ အလကားနေရင်း ဖွဲ့ကို ချောက်စိနှောက်နေတာပါ။ အောက်ကို ပြန်ဆင်းလာခဲ့ သည်။

“ရပြီလား”



www.burmeseclassic.com

www.burmeseclassic.com

"စောစောကထက်စာရင်တော့ တော်သေးတာပေါ့အေ၊ ဒါတောင် ဘောင်းဘီက ချက်ပြုတ်နေတယ်၊ အင်းလေ တော်ပါပြီ လုပ်စရာရှိတာလုပ်တော့"

ဒေါ်ဉာဏ်သာ အလျှော့မပေးနိုင်၍ ခိုင်းနေရပေမယ့် ဖွဲ့လေးကိုတော့ သနားနေမိသည်။ အလိုလိုက်လို့ မဖြစ်လို့သာပါအေ ညည်းလေးက ခေါင်းကြောက အရမ်းမာလို့ အန်တီဉာဏ်သာက စည်းကမ်းတင်းကြပ်နေတာပါ။ ညည်းလေးသာ မဟုတ်ရာလို လိမ္မာရေးခြားရှိရင် ဘယ်လောက်ကောင်းမလဲ။ အန်တီဉာဏ်သာလည်း ဖွဲ့လေးကို ချစ်ပါတယ်ကွယ်။ မုန်းတီးလို့မဟုတ်ပါဘူး။ စည်းကမ်းရှိစေချင်တာပါ။ ဖွဲ့လေးရဲ့ ဘဝလေးကို ဖွံ့ဖြိုးတိုးတက်စေချင်လို့ပါ။ ဖွဲ့လေးကို မခိုင်းချင်ပါဘူးကွယ်။

"မေမေ"

"ဟင်…သား"

"ဖွဲ့ကို"

"အသာနေစမ်းပါ သားရယ်"

"ဖွဲ့ကို ဒီလောက်အထိ မတင်းကြပ်စေချင်ဘူး"





"အချိန်အတိုင်းအတာ တစ်ခုခုကို စောင့်နေပါသားရယ်၊ အစတော့ ဒီလိုပဲအထင်လွဲတတ်ပါတယ်၊ အသာလေး စောင့်ကြည့်ပါ"

ဖွဲ့ကို သနားနေမိလေသည်။ လူကြီးတွေမသိဘဲ အပြင်ထွက်တာတော့ စိတ်ပူစရာပါပဲ။ ဖွဲ့ သင်္ကားပေါ်မှာရှိနေနိုင်၏။ ဒါပေမယ့် မမေးရက်။ ဖွဲ့ ငယ်စဉ်လေးထဲက မိဘတွေရဲ့ အိမ်ထောင်ရေးအဆင်မပြေမှုနှင့် မိခင် နောက်အိမ်ထောင်ပြုတဲ့ကိစ္စ မကျေမနပ်ဖြစ်နေသည်။ ကိုကိုနားလည်ပါတယ် ဖွဲ့လေးရယ်။

"သား"

"မေမေ"

"မေမေလည်း ဖွဲ့လေးကို ချစ်ပါတယ်၊ ဒါပေမယ့် ဒီအတိုင်းဆို ဖွဲ့လေး ပိုပြီးဒုက္ခရောက်လိမ့်မယ်၊ အသာလေး ကြည့်နေစမ်းပါ သားရယ်နော်"

ကိုကို အရမ်းပဲ စိတ်မကောင်းပါဘူး ဖွဲ့လေးရယ်။ မင်းကို ရင်ခွင်ထဲ ပွေ့ဖက်ပြီး အားပေးနှစ်သိမ့် ချော့မြူချင်ပါတယ်ကွာ။ ဘုန်းလကျော် အပေါ်ထပ်ကို ပြန်၍တက်လာခဲ့လေသည်။ အခုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေမှာလည်း စိတ်မဝင်စားနိုင်ဘဲ ဖွဲ့ ကိစ္စတွေပဲ စဉ်းစားနေမိ၏။ သူ ဖွဲ့ကိုချော့သင့်တယ်။ မေမေက မလုပ်နဲ့ဆို၍ ဘုန်းလက်ပွာ မလုပ်ရဲပေ။ ဖွဲ့လေး အရမ်းပင်ပန်း နေမှာပဲဟုသာ တွေးနေမိလေသည်။



## အခန်း [၁၅]

"ကိုကို သိပ်ရက်စက်တယ်၊ ဖွဲ့ကို ဘာချစ်တာလဲ၊ နှိပ်စက်ချင်လို့ လက်ထပ်တာမဟုတ်လား"

ဖွဲ့ အလုပ်တွေလုပ်နေရင်း ဒေါသတွေ ပေါက်ကွဲနေမိလေသည်။ ကြည့်စမ်းပါဦး ကိုကို မသိချင်ယောင်ဆောင်နေသည်။ ဖွဲ့ကို အားပေးနှစ်သိမ့်ဖော်ပင် မရ။ ဖွဲ့ကို လက်ထပ်ပြီး နှိပ်စက်မှာလား။ သခ်ကို သတိရမိလာသည်။ သခ်မေမေဆို ဖွဲ့ကို ဘယ်လောက်အားပေးလဲ။ တရားလည်း ပြည့်ဝတယ်။ ဟွန်း… အန်တီဉာဏ်သာနဲ့တော့ တခြားစီပါပဲ။

"မိ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မဟူရာ ကူညီပေးရမလား"

မမဟူရာ ရောက်လာ၍ ဖွဲ့ ပိုပြီး ဒေါသဖြစ်ရသည်။ ဒီမိန်းမ လာလာပြီး အမှတ်ယူနေတာပါ။ ဖွဲ့မျက်နှာလေးက တင်းမာ ရှုပုတ်ပုတ်လေး ဖြစ်နေ၏။

"ညီမလေးကို ဒီလိုအပြစ်ဒဏ်တွေ မပေးဖို့ မမပြောပါတယ်ကွယ်၊ ဒါပေမယ့် အန်တီဉာဏ်သာက စည်းကမ်းပဲတဲ့"

"ဖွဲ့ နားလည်ပါတယ်၊ အဲဒီအပြစ်ဒဏ်ကို ခံယူနေပြီပဲ၊ ဖွဲ့ ဘာမှမဖြစ်ပါဘူး၊ လုပ်နိုင်ပါတယ်"

ဖွဲ့ အလျှော့မပေးပေ။ ဒီအလုပ်တွေက ဘာခက်တာမှ မဟုတ်တာ။

"ဖွဲ့ နားပါတော့"

"တစ်ပတ်လေး၊ ကိစ္စမရှိပါဘူး မဟူရာ၊ ဖွဲ့ကို ဂရုစိုက် မနေပါနဲ့"

"မဟုတ်တာပဲ ဖွဲ့ရယ်၊ မင်းစိတ်တွေက တင်းပြီး မလုပ်ချင်လုပ်ချင်ဖြစ်နေရင် ပိုပြီးပင်ပန်းမှာပေါ့"

"ကျွန်မအပြစ်နဲ့ ကျွန်မပဲ၊ ဘာမှမလုပ်နိုင်စရာ အကြောင်း





မရှိပါဘူး ရပါတယ်"

"မမပဲ...ဟင်းတွေချက်လိုက်ပါ့မယ်"

"ရတယ်လို့ ပြောပြီးပြီပဲ၊ အပိုတွေ ကျွန်မကိုလာပြီး နှမ်းဖြူးတာ လုံးဝမကြိုက်ဘူးနော်"

"မမက စေတနာနဲ့ပါ"

"ဘာစေတနာလဲ၊ အလကား ဖွဲ့ကိုသနားသလိုနဲ့ လာရိနေတာ"

ဖွဲ့ ဒေါသတကြီးအော်ပစ်လိုက်စဉ် ကိုကိုက ရောက်လာသည်။ ဟုတ်တယ်လေ ဘာဖြစ်လဲ၊ ဖွဲ့ကို သနားသလိုလိုနဲ့ လာပြီး ရိနေတာပဲ။

"အဲဒီလိုမပြောနဲ့လေ"

"ဖွဲ့အနားကို ဘယ်သူမှ လာတာမကြိုက်ဘူး၊ မလာကြနဲ့"

မဟူရာကို ဖွဲ့ ပိုပြီး သဘောမကျသလို ဖြစ်နေမိ သည်။ ဒီကို ခဏမပေ ဘာလာလုပ်နေတာလဲ။ ဣန္ဒြေသိက္ခာ ကြီးမားတဲ့ မိန်းမက ယောကျ်ားလေးတစ်ယောက်အိမ်ကို လာနေရလား။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့တောင် မနေချင်ပါဘူး၊ မေမေ အတင်းထားလို့ပါ။ ကိုကိုဘုန်း လကျ်ာကလည်း ဖွဲ့အတွက်တော့ ဘာမှ အထင်ကြီးစရာမရှိပါဘူး။ ကိန်းခန်းကြီးတဲ့ယောကျ်ားကို ဖွဲ့ လက်မထပ်ချင်ပါဘူး။

"ဖွဲ့လေးကို ပေးတဲ့အပြစ်ဒဏ်က ကြီးလေးပါတယ် လကျ်ာရယ်၊ မဟူရာတောင် မကြည့်ရက်ဘူး၊ အနိဌာရုံဘာ ကို ဖျောင်းဖျပါဦး"

မဟူရာ ပါးစပ်ကသာ လူကြားကောင်းအောင် ပြောနေရတာ စိတ်ထဲမှာတော့ အကျောမာလွန်းတဲ့ နှောင်ဖွဲ့အိမ်ကို ဒီထက်ပြင်းထန်တဲ့ အပြစ်ဒဏ်တွေကို ပေးချင်နေမိသည်။ လက်ကြောမတင်းတဲ့ ကောင်မလေး။ လူကြီးတွေကို မထေမဲ့မြင်နဲ့ လကျ်ာကို လုယူမယ့် ဟာမလေး။ လကျ်ာကလည်းနော် ဒီဟာမလေးကိုမှ ဘာဖြစ်လို့များ လုယူချင်နေရတာလဲ။

"မဟူရာ"

"ပြောလေ လကျ်ာ"

"ကိုယ်တို့သွားကြစို့"

"လကျ်ာ"





"လာပါ"

မဟူရာ ဒီမှာရှိနေလျှင် ဖွဲ့ ပိုပြီးစိတ်ကျဉ်းကြပ်မှာစိုးနေသည်။ မေမေက အသာကြည့်နေတဲ့။ လကျ်ာဝင်ပြောချင်သမယ့် မေမေ့စကားကိုတော့ ဆန့်ကျင်ဘက် မလုပ်ချင်ပေ။ ဖွဲ့ရေးဆိုတာ လကျ်ာသိနေသည်။ မေမေလည်း ဖွဲ့ကို ချစ်တာပါပဲ။

"လကျ်ာ"

"ဟင်"

"လကျ်ာအတွက် မဟူရာ စိတ်မသက်သာလိုက်တာ။ မဟူရာ ကူညီချင်တယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ လကျ်ာလို အလုပ်တာဝန်တွေ များပြားတဲ့ လူတစ်ယောက်အနေနဲ့ စိတ်တွေ မပင်ပန်းချင်တာပါ"

လကျ်ာအနားကပ်ပြီး မဟူရာ ညင်ညင်သာသာလေး ပြောနေမိလေသည်။ အကြင်နာတွေ ပြည့်လျှံနေတဲ့ မျက်ဝန်း တွေနှင့် ကြည့်လိုက်၏။ လကျ်ာကြည့်ရတာ စိတ်မသက်မသာ ဖြစ်နေသည်။

"ရပါတယ် မဟူရာ၊ မင်းလည်း အလုပ်ကိစ္စတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား၊ အလုပ်ရှိရင်သွားပါ”

“လက်ျာကိုကြည့်ရတာ စိတ်မောလိုက်တာနော်၊ ကဲ အလုပ်တွေခဏထားပြီး လက်ျာဘာလုပ်မလဲ၊ ကော်ဖီသော မလား”

“နေပါစေတော့”

“မဟူရာကို အားမနာနဲ့နော်၊ လက်ျာကို အရမ်းသန တယ်၊ လက်ျာစိတ်ချမ်းသာ ပျော်ရွှင်နေတာကိုပဲ မဟူရာ ကြည့်ချင်နေတာပါ”

လက်ျာရဲ့စိတ်တွေက ဖွဲ့ဆီပဲ ရောက်နေလေသည်။ ဖွဲ့ ဒီလောက်အထိ အပြစ်ဒဏ်တွေ မပေးသင့်ဟု ထင်မိ၏။ ဖွဲ့ ပင် နေမှာပဲ။ ငယ်ငယ်လေးထဲက အိမ်မှုကိစ္စတွေကို ဖွဲ့ စိတ်ဝင် တာမဟုတ်။ မင်းလေး ပင်ပန်းနေပြီလား ဖွဲ့လေးရယ်။

“လက်ျာ”

“ဟင်”

“ဖွဲ့ကိုချစ်လား”

“ကိုယ်ဝန်ခံပါတယ် မဟူရာ၊ ဖွဲ့ကို ငယ်ငယ်လေး





က ကိုယ်သံယောဇဉ်ကြီးပြီး ချစ်ခဲ့ရတာပါ”

“ဟင်း”

မဟူရာက သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက် လေသည်။ လက်ျာရယ် ချစ်စရာရှားလို့ ရှင်နဲ့အလိုက်ဖက်ဆုံး က မဟူရာပါ။ အန်တီဉာဏ်သာ နှစ်သက်သဘောကျစေမယ့် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်တွေကို မဟူရာ လေ့ကျင့် ထိုင်ခဲ့ရတာပါ။ စိတ်တောင်မရှည်ချင်တော့ဘူး။ မဟူရာလို း မတစ်ယောက်ကို ဘာဖြစ်လို့ မရွေးချယ်ခဲ့ရတာလဲလို့။

“ဖွဲ့ကို ဒီလောက်ပြင်းထန်တဲ့ အပြစ်ဒဏ်တွေ ပေးဖို့ သင့်ပါဘူး၊ ဖွဲ့လေး အရမ်းပင်ပန်းနေတော့မယ်”

“လက်ျာ”

“ဟင်”

“နှောင်ဖွဲ့အိမ်က အရမ်းဆိုးတယ်၊ စည်းကမ်းမဲ့တယ်၊ ါမဖြစ်သင့်ဘူးလေ လက်ျာရယ်”

“ဒါကတော့ မဟူရာရယ် ဖွဲ့က ငယ်ငယ်လေးထဲက အခြေအနေမမှန်ခဲ့ဘူးလေ၊ မိတက္ကဲ ဖတက္ကဲနဲ့ ဒီကောင်မ လေးက



www.burmeseclassic.com

www.burmeseclassic.com



အချွဲတိုက်ချင်တာပဲရှိတာပါ''

''ဖွဲ့ကို အနန်တီဉာဏ်သာ လေ့ကျင့်ပေးနေတာ မှန်တယ်နော် လက်ျာ၊ ရှင်တို့ဘဝရှေ့ရေးအတွက်ပါ၊ မဟူရာကတော့ ရှင်နဲ့လက်ထပ်မယ့် မိန်းမကို အများကြီးမျှော်လင့်ထားတာ ရှင်သိလား''

မဟူရာသာ ဖွဲ့ဆိုရင် ဘယ်လောက်ကောင်းမလဲ။ မဟူရာက ယဉ်ကျေးသိမ်မွေ့ပြီး ပညာလည်းတတ်သည်။ စီးပွားရေး... လည်း ဦးဆောင်နိုင်၏။ ဖွဲ့လေးရယ် ကိုကိုစိတ်မောတယ်ကွာ မင်းကိုစိတ်ပူတယ်။ တခြားယောကျ်ားတစ်ယောက်နဲ့ဆို မင်း ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သခ်နဲ့ဆို မင်း ပိုပြီးဒုက္ခရောက်လိမ့်မယ်

''လက်ျာ''

''ဟင်''

''ရှင်ဘာတွေစဉ်းစားနေတာလဲ၊ နှောင်ဖွဲ့အိမ်... ဒီလောက်တောင်ပဲ ချစ်လားဟင်''

''ကိုယ် အရမ်းချစ်မြတ်နိုးရတဲ့ မိန်းကလေးပဲ၊ ... နှလုံးသားအထိ စူးနစ်နေအောင် သံယောဇဉ်တွယ်ရတယ် မဟူ...





''ကဲပါ လက်ျာရယ်၊ ရှင့်စိတ်တွေကို လျှော့လိုက်ပါတော့၊ ခေါင်းအေးအေးထားစမ်းပါ၊ မဟူရာ ကူညီမယ်၊ ရှင့် အလုပ်တာဝန်တွေအားလုံး မေ့ထားလိုက်''

''ကျေးဇူးပါပဲ မဟူရာရယ်''

လက်ျာစိတ်တွေ ရှုပ်ထွေးနေတဲ့အချိန်မှာ မဟူရာ အနီးကပ်ပြုစုပေးရင်း လုပ်ငန်းတွေမှာလည်း ကူညီပေးနေမိသည်။ ဖွဲ့ကို ကြာလာတာနှင့်အမျှ လက်ျာစိတ်ကုန်သွားမှာပါလေ။ ရှင့်ကို မဟူရာ ဘယ်လောက်အထိ မျှော်လင့်ခဲ့ရလဲ။ လက်ျာကို လက်လွှတ်အဆုံးရှုံးမခံနိုင်ပါဘူး။

''ဆရာကလည်းနော် မဟူရာကို ရွေးချယ်ရမှာ ဘာဖြစ်လို့ နှောင်ဖွဲ့အိမ်ကိုမှ ရွေးချယ်ရတာလဲ မသိဘူး''

''လက်ျာဆန္ဒမပါဘဲလေ ဖူးစာပေါ့၊ မဟူရာကလည်း လက်ျာကို အကူအညီပေးနေရရင် ကျေနပ်ပါပြီလေ''

ဝန်ထမ်းတွေအားလုံးကလည်း မဟူရာဘက်မှ ရပ်တည်နေကြသည်။ နှောင်ဖွဲ့အိမ်ရယ် ညည်းလေးနောက် ကောက်ကျသွားစေရမှာပါ။ မဟူရာ စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လကျ်ာ ခေါင်းတွေရှုပ်နေလားဟင်၊ ဖွဲ့လေးဆီ ဖုန်းဆက်ကြည့်ပါလား၊ ဒါမှမဟုတ် အန်တီဉာဏ်သာ့ကို ဖုန်းဆက်ပြီး ဖွဲ့လေးကို အပြစ်ဆက်မပေးဖို့ တောင်းပန်လိုက်လေ"

လကျ်ာစိတ်ထဲမှာ ဖြစ်စေချင်တာက ဖွဲ့ အပြစ်ဒဏ်က လွတ်မြောက်ဖို့ပဲဆိုတာ မဟူရာ သိလိုက်သည်။ ဒါကြောင့် အလိုက်သင့်မေးလိုက်ရ၏။

"နေပါစေတော့ မဟူရာရယ်၊ မေမေ့ဆန္ဒအတိုင်းပဲ ဖြစ်ပါစေတော့ကွာ"

မဟူရာ ဝင်ရောက်ကူညီနေ၍ လကျ်ာ အတော်လေး စိတ်သက်သာရာ ရနေလေသည်။ ကိုကိုက ဖွဲ့လေးကို မဟူရာလို မိန်းကလေးမျိုး ဖြစ်ချင်တာပါ။ ကိုကိုလည်း ဖွဲ့ကို စည်းကမ်းလိုက်နာတတ်တဲ့ မိန်းကလေးမျိုး ဖြစ်စေချင်ပါတယ်။

"လကျ်ာ"

"ဟင်"

"ဒီညနေ မဟူရာ ညစာစားပွဲတစ်ခု တက်စရာရှိနေတယ်၊ လကျ်ာလည်း အဖော်လိုက်ပေးနော်"





"ကိုယ် အိမ်ပြန်မှဖြစ်မယ်ထင်တယ် မဟူရာ၊ ဆောရီးနော် ...လေးကို စိတ်မချလို့ပါ"

"လကျ်ာ့ပဲ မိုးကောင်းကင်ကုမ္ပဏီက ဒါရိုက်တာ ...နှုန်းထွန်းနဲ့ တွေ့ချင်တယ်ဆို သူလာမယ်၊ နောက်တစ်ပတ်ဆို ...သူက အမေရိကကို ထွက်တော့မယ်တဲ့"

"ဟုတ်လား"

မိုးကောင်းကင် ကုမ္ပဏီက ဒါရိုက်တာ ကိုထွန်းထွန်းနဲ့ ...ရေးတကြီး မဖြစ်မနေတွေ့ရမယ့်ကိစ္စ ရှိနေသည်။ လကျ်ာဘက် ...ချိန်းနေတာကြာပြီပဲ။

"လကျ်ာ့အတွက် မဟူရာက ချိန်းပေးထားတာလေ၊ ...မှာတော့ သေချာတယ်နော်လကျ်ာ၊ သူက မဟူရာကို စိတ်ဝင် ...စားနေတာ"

"အင်းလေ...ကိုယ်လိုက်ရတော့မှာပေါ့၊ ဒီလူနဲ့က ...တွေ့ကိုတွေ့ရမှာ၊ ညစာစားပွဲမှာ တွေ့ရတာလည်း နဲနဲတော့ စိတ် ...တ်ပေါ့ပါးတာပေါ့လေ"

"စီးပွားရေးလည်း ဦးစားပေးပါဦး လကျ်ာရယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



တလော ရှင် ပေါ့လျော့နေတယ်၊ လုပ်ငန်းတွေ တော်တော်လေးက
ကစဥ့်ကလျား ဖြစ်သွားရတယ်နော်”

မဟူရာပြောသလိုပဲ သူ့စိတ်တွေက ဖွဲ့လေးဆီပဲ ရောက်ေ
ရပြီ။ လုပ်ငန်းလစ်ဟင်းခဲ့ရသည်။ လက်ထောက်တွေနဲ့ပဲ လွှဲထာ
ခဲ့၏။ ဖွဲ့လေးအကြောင်းပဲ စဥ်းစားနေမိပြီ။ စိတ်မောလူမောသ
ဖြစ်နေခဲ့၏။

“ဒီညနေတော့ မဟူရာနဲ့ လိုက်ခဲ့ရမယ်၊ မဖြစ်ဘူး မဟူ
ဝင်ပြီး ထိန်းရတော့မှာပဲလေ၊ ရှင့်ကိုတော့ ပစ်မထားနိုင်ပါဘူးေ
ရှင့်ရဲ့ ကျဆုံးခန်းကို လုံးဝမကြည့်ရက်တဲ့ မိန်းမပဲလေ”

မဟူရာရှိနေ၍ သူ့စိတ်တွေ နှဲနဲသက်သာသည်ဟု ထ
လာရသည်။ လက်ျာရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ မဟူရာ အမြဲတ
အကြံဉာဏ်ပေးတာတွေ၊ ဝင်ရောက်စီမံပေးတာတွေ ရှိခဲ့၍
အောင်မြင်တာလည်း ဖြစ်သည်။

အချစ်ဆိုတာဘာလဲ။ သူ့နှလုံးသားတွေထဲမှာ နော
အိမ်ပဲ ထာဝရစိုးမိုးထားနေခဲ့သည်။ ဘယ်လိုမိန်းကလေးမျိုး
အစားထိုး၍မရခဲ့။ မဟူရာပင် မိတ်ဆွေသူငယ်ချင်းတစ်ယော





ထက်မပိုခဲ့။ ဖွဲ့လေးအရိပ်တွေက သူ့နှလုံးသားတွေထဲမှာ ထာဝရ
ရှင်သန်လွှမ်းမိုးနေမှာပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၅]

ဖွဲ့အလုပ်တွေကို ခွဲနပဲနှင့်လုပ်နေရင်း နဲ့နဲ့တော့ ကျင့်သားရလာလေသည်။ အိမ်မှာ ဘာတစ်ခုမှ မလုပ်ခဲ့ရသမျှ အခုတော့ မနားမနေ အပြင်းအထန်လုပ်နေရ၏။ အန်တီဉာဏ်သာပေါ့ ဖွဲ့ကို အပြစ်ပေးရလို့ အရမ်းကျေနပ်နေမှာပဲလေ။ ကိုကိုရော ခုထိ အိမ်ကို ပြန်လာတာ မတွေ့သေးပေ။ ညစာစားတော့လည်း ကိုကို့ကိုမတွေ့ရ။ စိတ်လိုလက်ရ ဖွဲ့ ကြိုးစားပြီး ချက်ထားတဲ့ ဟင်းလေးကို စားစေချင်လို့ ဖွဲ့ ကြိတ်ပြီး မသိမသာ မျှော်နေမိတာပါ။

"နှောင်ဖွဲ့အိမ်"

"ရှင်"

"ညည်း ချက်ထားတဲ့ ကြက်သားဆီပြန်ဟင်း ချက်တဲ့





နေရာမှာ အစပ်အဟပ်ကို ချိန်ဆတတ်ဖို့ပဲလေ၊ အဲဒါ အဓိက လေ့ကျင့်ရမယ်"

ကိုကိုရော ဘာဖြစ်လို့ မရောက်လာသေးရတာလဲလို့။ နေ့က မဟူရာနဲ့ ကုမ္ပဏီကိုသွားသည်။ ဖွဲ့ အပြစ်ဒဏ်ခံနေရလို့ မလိုက်ဖြစ်ခဲ့။ အန်တီဉာဏ်သာက မဟူရာနဲ့ပဲ လက်ထပ်စေချင်မှာပါ။ ဖွဲ့ထက် အရာအားလုံး သာနေတာပဲလေ။ ကိုကိုလက်ျာနဲ့ လက်မထပ်ဖြစ်အောင် တမင်များ ဖွဲ့ကို နှိပ်စက်နေတာလားပဲ။ ကျေနပ်ဘူး။ အန်တီဉာဏ်သာကိုတော့ လုံးဝမကျေနပ်ပါဘူး။

"မေမေကြီး...အစ်ကိုလေးဆီက ဖုန်းလာပါတယ်၊ မဟူရာနဲ့ ညစာစားပွဲရှိနေလို့ နဲနဲမိုးချုပ်မယ်တဲ့"

"အေး အေး"

ဖွဲ့ ခန္ဓာကိုယ်လေးမှာ စီးဆင်းလည်ပတ်နေတဲ့ သွေးတွေ အေးခဲရပ်တန့်သွားပြီဟု ထင်မိလေသည်။ ကိုကိုက ဒီလိုလား။ ဖွဲ့ကိုချစ်တယ်ဆိုပြီး ဖွဲ့ လုံးဝကြည့်မရတဲ့ မဟူရာနဲ့ အေးအေးလူလူ ညစာစားပွဲတောင် အတူယှဉ်တွဲသွားနေတာပါပဲလား။ ဖွဲ့ ကြိုးစားပြီးစား ချက်ထားသော ဟင်းတွေက ဘာလုပ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



''နောင်ဖွဲ့အိမ် အပြစ်ဒဏ်ကိုတော့ ညည်းခံယူရမယ်၊ ငါကတော့ ငါချမှတ်ထားတဲ့ စည်းကမ်းကို ဘယ်တော့မှ လျှော့ပေး မပေးတတ်ဘူး၊ နောက်ဆို အပြစ်တစ်ခုခု မလုပ်မိအောင် ပြုမူနေထိုင်ပါ''

''ဟုတ်ကဲ့...ဖွဲ့ကလည်း အပြစ်ဒဏ်တွေကို ခံယူပါ့မယ် လျှော့ပေးဖို့လည်း ဘယ်တော့မှ တောင်းဆိုမှာမဟုတ်ပါဘူး''

ညည်းတော်တော် အကြောမာတဲ့ ကောင်မလေးပဲ နောင်ဖွဲ့အိမ်။ နဲနဲမှ အမှားကို မတောင်းပန်ချင်ဘူး။ အန်တီ ဉာဏ်သာကတော့ ညည်းကို ရင်ထဲမှာပဲ ချစ်နိုင်မယ်လေ။ ညည်းလေးဘ ရှေ့ရေးအတွက်ပါ။ အန်တီဉာဏ်သာ ချွေးမထက် ညည်းလေး ကျူပ် မမွေးရုံတမယ်ပါပဲ။ ငယ်စဉ်လေးထဲက သခင်နဲ့အတူ ကျ လည်း ကျွေးမွေးစောင့်ရှောက်ခဲ့တာပါ။ ကျွန်းမာရေးချို့တဲ့ပြီး ချ လွန်းတဲ့ နောင်ဖွဲ့အိမ်လေးအား ဒေါ်ဉာဏ်သာကိုယ်တိုင် ချီပွေ့ ဆေးခန်းကို မကြာခဏပြ ခဲ့ရသည်။ တစ်ခါတရံ ညလုံးပေါ မအိပ်ရဘဲ စောင့်ကြည့်ခဲ့ကြရ၏။ အဲဒါ ညည်းလေးသိရဲ့လာ တဖြည်းဖြည်း အသိတွေဝင်လာပြီး ဂျိကျဆိုးပေ၍သာ ဒေါ်ဉာ



သာ ခြိမ်းခြောက်အော်ငေါက် ရိုက်နှက်တာတွေ ရှိခဲ့ရသည်။

''နောက်တစ်ခု ညည်းလေးကို ပြောချင်တာက မဟူရာကို ရန်စွယ်ငေါငေါ မဆက်ဆံပါနဲ့၊ မဟူရာက ဒီမိသားစုကို အကူအညီ ပေးနေတာပါ၊ သားရဲ့ စီးပွားရေးအောင်မြင်မှုမှာ မဟူရာရဲ့ အကူ အညီတွေ အများကြီးပါတယ်နော်''

ဖွဲ့ ထမင်းစားပွဲကနေ ထလာခဲ့လေသည်။ မဟူရာကို ဒီလောက်အထင်ကြီးနေရင်လည်း ဘာဖြစ်လို့ ဖွဲ့နဲ့ ကိုကိုလက်ချာကို လက်ထပ်ဖို့ သဘောတူခဲ့ရတာလဲ။ ကိုကို့ကြောင့်လား၊ မေမေနဲ့ တီလေးတို့ အတင်းအကြပ် တောင်းဆိုလို့ပဲလားဟင်။ ဖွဲ့ အိပ်ခန်းထဲ ပြန်ရောက်လာသည်။ စိတ်ရောလူ ရော မောပန်းနွမ်းနယ်နေရ၏။

''တောက်...အရမ်းမုန်းစရာကောင်းတာပဲ၊ မုန်းတယ်''

ဖွဲ့ကို လက်ထပ်မယ်လို့ ဘာဖြစ်လို့ တောင်းဆိုခဲ့ရတာလဲ ကိုကို။ ဖြေရှင်းစမ်းပါ၊ နှိပ်စက်ဖို့လား၊ ဒုက္ခပေးချင်လို့လား၊ ပညာ ပေးမလို့လားဟင်။ တစ်ယောက်တည်း ဒေါသတွေ ဖြစ်နေမိသည်။ ဖွဲ့ လက်မခံပေဘူး။ မဟူရာဆိုတဲ့ မိန်းမနဲ့ ဖောက်ပြန်နေတာကို ခုန်းတယ်။ လက်မခံနိုင်ဘူး။ ကြည့်စမ်း ဖွဲ့နဲ့လက်မထပ်ရသေးဘာ

www.burmeseclassic.com

တောင်ရှင်က တတွဲတွဲ လုပ်နေတယ်၊ ဖွဲ့ကို ဘာဖြစ်လို့ နမ်းသွားခဲ့ရတာလဲ။ ဒီလို အနမ်းမျိုးကို ဖွဲ့က ချစ်ဦးသူကိုပဲ ပေးချင်တာပါ။ ဖွဲ့ လက်ကိုင်ဖုန်းမှအသံလေး မြည်လာသည်။ ကိုကိုထင်ပြီး ဝမ်းသာအားရ ဖွင့်ကြည့်လိုက်တော့ သန်ဖြစ်နေ၏။

"ဖွဲ့"

"ဟင်"

"ဖွဲ့ အပြစ်ဒဏ်ခံနေရတုန်းပဲလား"

"အင်း"

"ကိုယ်အပြင်မှာရှိတယ်၊ ပြတင်းပေါက်မှာ ရပ်နေတာလေ၊ ဖွဲ့ ထွက်ရပ်နော်"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ဖွဲ့ရယ်၊ သန် အရမ်းပဲတွေ့မြင်ချင်လို့ပါကွာ"

"ဖွဲ့ အရမ်းပင်ပန်းနေလို့ပါ သန်ရယ်၊ ထွက်မရပ်ချင်ဘူး၊ အနားယူတော့မယ်၊ တော်ကြာ အန်တီဉာဏ်သာ တွေ့သွားရင် ဖွဲ့ ထပ်ပြီးအပြစ်ပေးခံရမှာနော်"





"ဖွဲ့"

"ဟင်"

"ဘယ်လိုလဲကွာ၊ ကိုကိုလကျာ်နဲ့ မဟူရာက တွဲနေတာလား"

"သန်တွေ့ခဲ့လို့လား"

"အင်း…ကိုယ်လည်း အသိတစ်ယောက်ဖိတ်လို့ ရောက်သွားတာပါ၊ အခု သန် အဲဒီက ပြန်လာပြီး ဖွဲ့ဆီဆက်နေတာပါ၊ ချက်ချင်းပဲ သန်ပြန်လာတာ"

"ထားလိုက်ပါ သန်"

"ဘာတွေလဲကွာ…ကိုကို ဒီလိုမလုပ်သင့်ပါဘူး၊ လူကြီးလူကောင်းတစ်ယောက်အနေနဲ့ ဒါဖောက်ပြန်တာပဲ ဖွဲ့၊ မဖြစ်သင့်ဘူး"

"ကိုကိုနဲ့ လက်ထပ်ဖို့ ဖွဲ့ဘက်က လက်မခံရသေးပါဘူး သန်၊ တော်ပြီနော် အနားယူတော့မယ်"

"နေပါဦး ဖွဲ့ရယ်၊ ပြတင်းပေါက်လေးမှာ ခဏလေး ဖြစ်ဖြစ် ထွက်ရပ်ပေးပါ"


www.burmeseclassic.com

"ဟင့်အင်း"

ဖွဲ့ ဆက်မပြောချင်တော့သဖြင့် ဖုန်းကို ပိတ်ပစ်လိုက်လေသည်။ အင်အားတွေကုန်ခမ်းသွားသလို ယိုင်ခွေကျသွား၏။

"ကိုကိုဘာလုပ်တာလဲ၊ ဖွဲ့ကိုချစ်တယ်ဆို ငယ်ငယ်လေးထဲက သံယောဇဉ်တွယ်ခဲ့ရတာဆို၊ ဖွဲ့ပါးကို ဘာဖြစ်လို့ နမ်းရတာလဲ၊ ရှင်အရူးလား၊ ကျွန်မဘဝကို ဖျက်ဆီးပစ်ချင်တာလား"

ဖွဲ့ နှုတ်ခမ်းလေးတွေက တတွတ်တွတ်နှင့် ရင်ထဲမှာ မွန်းကြပ်နေရတာတွေ ပြောနေမိသည်။

"ကိုကိုက ဖွဲ့ကို အရမ်းသံယောဇဉ်တွယ်ရတယ်ဆို တခြားယောကျ်ားတစ်ယောက်ရင်ခွင်ထဲ ဝင်သွားမှာ အရမ်းစိုးရိမ်တယ်ဆို လိမ်တာ ညာတာ"

ကိုကို့ကို အရွဲ့တိုက်ပြီး သခ်နဲ့တွဲပစ်လိုက်ရင် ကောင်းမလားပဲ။ သခ်ကမှ ဖွဲ့အပေါ် အရေးတယူနဲ့ ကြင်နာသေးပါတယ်။ ဖွဲ့ နာရီလက်တံလေးရဲ့ ရွေ့လျားမှုကို မျက်တောင်မခတ်ဘဲ စောင့်ကြည့်နေလေသည်။ ကိုကိုလက်ျာ ဘယ်အချိန်ထိနေမှာလဲ။ တကယ်ဆို ဖွဲ့ဆီ ဖုန်းဆက်ပါလား။ ဒီဖုန်းက ဘာလုပ်ဖို့ ပေးထားရ





တာလဲဟင်။ ဒေါသတွေက ပေါက်ကွဲချင်လာရသည်။ သခ်နှင့်ပင် မတွေ့ချင်တော့။ ကိုကိုဘုန်းလက်ျာက ဖွဲ့ကိုလက်ထပ်ဖို့များ ငြင်းဆန်လိုက်ပြီလား။ ကောင်းတယ်၊ အဲဒီလိုပဲဖြစ်ပါစေ။ ကိုကိုဘုန်းလက်ျာ ထက်သာတဲ့ လူကို ရှာယူပြမယ်။ ကြည့်ထား ညစာလည်း ဗိုက်ကဆာလာသဖြင့် စိတ်တိုတိုနှင့် မစားတော့ ညဆယ်နာရီအထိ ကိုကိုဘုန်းလက်ျာ ပြန်မလာပေ။

"တီ...တီ"

"တီ"

"ကိုကိုပြန်လာပြီပဲ"

မီးတွေဖွင့်ပြီး အခန်းထဲမှာပဲ ငြိမ်ငြိမ်လေး ထိုင်နေမိလေသည်။ ဖွဲ့ဆီကို လာမှာမဟုတ်ပါဘူး။ အန့်တီဉာဏ်သာက တားဆီးအားမှာပဲလေ။ တံခါးဖွင့်ပေးသံ ပြန်ပိတ်သံတွေ ကြားနေရသည်။ ကိုကိုဘုန်းလက်ျာ အပေါ်ထပ်ကို တက်လာသည့် အသံကြားရ၏။ ခြေသံက တဖြည်းဖြည်း တိုးတိတ်လာသည်။ ခြေသံခပ်အုပ်အုပ်အသံလေးက ဖွဲ့အခန်းဝရှေ့မှာ ရပ်သွားလေတော့၏။

"ကျွိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

တံခါးပွင့်သွားပြီး ကိုကိုဘုန်းလက်ျာ ဝင်လာလေသည်။

"ဖွဲ့…ကျေးဇူးပဲကွာ၊ ကိုကို့ကို တံခါးဖွင့်ပေးထားလို့ ဖွဲ့လည်းသိနေတယ်မဟုတ်လား ကိုကိုလာမယ်ဆိုတာလေ"

ဖွဲ့အနားသို့ တဖြည်းဖြည်းတိုးကပ်လာတဲ့ ကိုကိုဘုန်းလက်ျာရဲ့ မျက်ဝန်းတွေက အတော်လေး ရီဝေနေသည်။ အရက် တွေသောက်လာတာပဲ။ ဟိုမိန်းမနဲ့ အပျော်တွေလွန်ပြီး အရက် တွေသောက်လာတာ မဟုတ်လား။

"ကျွန်မအခန်းထဲ ဘာဖြစ်လို့ဝင်လာရတာလဲ ဦးဘုန်း လက်ျာ"

"ဖွဲ့ အရမ်းပင်ပန်းနေလား၊ နောက်နေ့ကစပြီး ဒီအမြ ဒဏ်ကို ဖွဲ့ လုပ်စရာမလိုတော့ဘူးနော်၊ မေမေ့ကို ပြောရမယ်"

"အခန်းထဲက ထွက်သွားပါ"

"တိုးတိုးပြောပါ ဖွဲ့ရယ်၊ မေမေမသိအောင် ကိုကိုလာ တာပါ"

"ထွက်သွား…ကျွန်မက ရှင်နဲ့ ဘာမှမဆိုင်သေးဘူး





ပိုင်စိုးပိုင်နင်းနဲ့ အနိုင်မကျင့်ပါနဲ့"

"ဖွဲ့"

"ပြန်ထွက်သွားပါ၊ ရှင့်ကို ကျွန်မ လုံးဝမမျှော်ပါဘူး၊ ပြန်ထွက်သွားနော်၊ မသွားရင် အော်လိုက်မှာပဲ"

"မလုပ်ပါနဲ့ ဖွဲ့ရယ်၊ ကိုကို အလုပ်ကိစ္စနဲ့"

"မပြောပါနဲ့တော့၊ ဘာမှမကြားချင်ဘူး ထွက်သွားပါ၊ ကျွန်မအခန်းထဲမှာရှိနေတဲ့ ပစ္စည်းတွေ ပေါက်ခွဲရိုက်ချိုး မပစ်ခင် ထွက်သွားပါ"

ဒယိမ်းဒယိုင်နှင့် အကျင့်သိက္ခာမဲ့လွန်းနေသည်ဟု ထင်မိ သာရပြီး ကိုကိုဘုန်းလက်ျာအား မုန်းတီးနာကြည်းစွာဖြင့် ကြည့်မိ နေလေသည်။

"ဘာလာလုပ်တာလဲ၊ ကျွန်မကို စော်ကားဖို့ ကျွန်မရဲ့ အပျိုစင်ဘဝကို ဖျက်စီးပစ်ဖို့လာတာလားဟင်"

"ဖွဲ့ မဟုတ်ပါဘူး၊ ကိုကို့အချစ်တွေကို သက်သေပြဖို့ပါ၊ ဖွဲ့ကို ဘယ်လောက်ချစ်မြတ်နိုးရကြောင်း ရင်ဖွင့်ပြချင်လို့ပါ"

"ကိုကို့ အရမ်းမူးနေပြီဖွဲ့ မရတော့ဘူး။ ဘာမှမပြောချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ မမေဆူရင်လည်း ဆူပါစေတော့ကွာ။ ဖွဲ့ဒုက္ခတွေကို မကြည့်ရက်လို့ပါ"

"ဖွဲ့ ကိုကိုတို့ လက်ထပ်ကြမယ်နော်၊ ဘာကိုမှ စောင့် မနေနိုင်တော့ဘူးကွာ၊ အရေးကြီးတာက ဖွဲ့နဲ့ကိုကိုတို့ ချစ်နေကြဖို့ ဖွဲ့ဘယ်လိုပဲ ဖြစ်နေဖြစ်နေ ကိုကိုကတော့ မြတ်မြတ်နိုးနိုး လက်ထပ် မှာပဲ"

ဘုန်းလက်ျာကတော့ အသိစိတ်မဲ့စွာဖြင့် ဖွဲ့ ကိုယ်လုံးလေး ကို သိမ်းကြုံးပွေ့ဖက်ထားမိလေသည်။ ရုန်းကန်တွန်းထိုးနေ ကောင်မလေးအား သူ့လက်တွေနှင့် တင်းကြပ်စွာ ပွေ့ဖက်ရစ်သိုင်း ထားပစ်လိုက်တော့၏။ မသိတော့ဘူး၊ စောင့်ထိန်းရမယ့် စည်းကမ်း တွေ၊ အတားအဆီးတွေ မရှိစေချင်တော့ဘူး။ မင်းလေး မုန်း နာကြည်းသွားမှာ ကိုကိုအကြောက်ဆုံးပဲ။

"ဖွဲ့ကို အရမ်းချစ်တယ်ကွာ၊ တခြားသူရင်ခွင်ထဲ အရောက်မခံနိုင်ဘူး၊ မင်းကို ဘယ်သူက သည်းခံနိုင်မှာလဲ၊ ကို စောင့်ရှောက်ချင်တယ်၊ ကိုကို့ရင်ခွင်ထဲမှာပဲ ငြိမ်ငြိမ်သက်သက် နေပေးစမ်းပါလား"





ဖွဲ့ ဘာတွေငြင်းပယ်နေတာလဲကွာ။ မရုန်းစမ်းပါနဲ့။ ဖွဲ့လေးကလွဲပြီး ကိုကို ဘယ်လိုမိန်းမမျိုးကိုမှ မချစ်နိုင်ပါဘူး။ သူ့ရင်ခွင်ထဲမှာ လွန့်လူးရုန်းဖယ်နေတဲ့ ဖွဲ့အား မလွတ်တမ်း သိုင်း ဖက်ထားရင်း အနမ်းမိုးလေးတွေ ချွေနေမိသည်။

"လွှတ်…လွှတ် ရှင် ရှင် ကျွန်မဘဝကို ဖျက်ဆီးမလို့ပဲ၊ အသိမဲ့နေတဲ့ ရှင့်စကားတွေကို မယုံဘူး"

"ဝုန်း"

ဖွဲ့ ရှိသမျှအင်အားတွေ စုစည်းပြီး ကိုကိုဘုန်းလက်ျာ ရင်ဘတ်ကြီးကို ဆောင့်တွန်းပစ်လိုက်လေသည်။

"အား"

အခန်းထဲမှာရှိနေတဲ့ ပစ္စည်းတွေ ထိခိုက်ပြိုလဲသံတွေ အတူ အန်တီဉာဏ်သာလည်း ပြေးဝင်ရောက်ရှိလာလေသည်။ များအားလုံးကို ကျော်ခိုင်းပစ်လိုက်မိ၏။ အန်တီ ဉာဏ်သာနှင့် တော်စိုးကြီးတို့က ကိုကိုဘုန်းလက်ျာအား ဆွဲခေါ်သွားကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၁၆]

"မင်းဟာ တော်တော်အရုက်ကင်းမဲ့ပြီး အဆင့်အတန်းမရှိတဲ့ အပြုအမူတွေကို ပြုမူနေခဲ့တာပဲ ဘုန်းလကျာ်"

ညက သူဘယ်လိုလုပ်ပြီး အခန်းထဲပြန်ရောက်လာမှန်းပင် မသိတော့။ မနက်မိုးလင်းတော့ ခေါင်းတွေကိုက်ခဲနေလေသည်။ တစ်ကိုယ်လုံး နာကျင်နေ၏။ မေမေ ရောက်လာသည်။

"စည်းကမ်းဆိုတာကို တန်ဖိုးထားတဲ့ မေမေက နှောင်ဖွဲ့အိမ်ရှေ့မှာ ဘယ်လိုမျက်နှာပြရမှာလဲ"

သူ့နဖူးမှာ ပေါက်ကွဲဒဏ်ရာတစ်ခု ရထားပြီး ပလာစတာကပ်ထားလေသည်။ ဖွဲ့ လက်စွမ်းပြလိုက်တာပဲ ဖြစ်နိုင်သည်။

"မေမေ အရှမ်းရှက်တယ်၊ နှောင်ဖွဲ့အိမ်လေး အထင်ကြီး





အောင် နေရမယ့်အစား မင်း ကလေးကလားလုပ်တယ်၊ စည်းမဲ့ကမ်းမဲ့ နိုင်လွန်းတယ် ဘုန်းလကျာ်၊ မေမေ လုံးဝလက် မခံနိုင်တဲ့ အပြုအမူတွေပဲ"

သူဘာမှပြောနိုင်ခြင်းပင် မရှိတော့ဘဲ ခေါင်းငုံ့နေရလေသည်။ ဖွဲ့ကို သူကိုယ်တိုင်လည်း မျက်နှာမပြရဲတော့ပေ။ ကိုယ်ကျင့်သိက္ခာ ပျက်ပြားတဲ့ အပြုအမူတွေပဲ။ ဖွဲ့လည်း သူ့ကို ရွံရှာနာကြည်းနေလောက်ပါပြီ။

"နှောင်ဖွဲ့အိမ်ကို မေမေက ဆုံးမသွန်သင်နေတာလေ၊ ဘယ်လိုလုပ်မလဲ မင်းကိုယ်တိုင်လည်း နှောင်ဖွဲ့အိမ်ကို ချစ်တယ်ဆိုရင် မဟူရာနဲ့ ဒီလောက်အထိ မတွဲသင့်တော့ဘူး"

"စီးပွားရေးလုပ်ငန်းအတွက် သွားရတာပါမေမေ၊ သားသွားတာက အရက်ကို အလွန်အကျွံသောက်မိလိုက်တာပါ"

"မင်း အရှမ်းမှားတယ်၊ ဆင်ခြင်တုံတရား ကင်းမဲ့တာပဲ၊ နှောင်ဖွဲ့အိမ်ကို မင်း ဘယ်လိုချုပ်ကိုင်မလဲ"

"သား တောင်းပန်ပါတယ် မေမေ၊ ဖွဲ့ကိုလည်း သားတောင်းပန်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဖွဲ့ကိုလည်း မေမေ အပြစ်ဒဏ်ကနေ လွှတ်ပေးလိုက်တော့မယ်၊ မင်းလည်း ဂုဏ်သိက္ခာရှိရှိနေပါ၊ တစ်ပတ်တိတိ မင်းကို မေမေ စကားမပြောတော့ဘူး၊ မင်းကို နောက်ဆုံးပြောချင်တာက ဖွဲ့နဲ့မဟူရာ နောက်ဆုံးအနေနဲ့ မင်း ပြတ်ပြတ်သားသား ရွေးချယ်ပါ”

မေမေ ပြန်ထွက်သွားလေသည်။ ဘုန်းလက်ျာ အရှက်ကြီးရှက်နေမိ၏။ ဖွဲ့ကို ဘယ်လိုရင်ဆိုင်ရမလဲပင် မသိတော့။ ဖွဲ့က သူ့ကိုမုန်းသွားပြီလား။ မဟူရာကိုတော့ ဘုန်းလက်ျာ မချစ်ပေ။ လက်ထပ်ဖို့ အစီအစဉ်လည်း မရှိပေ။ ဖွဲ့ကိုပဲ လက်ထပ်မှာပါ။ ကိုကိုရွေးချယ်တာ ဖွဲ့ပဲ။ ဘယ်တော့မှ မပြောင်းလဲနိုင်တဲ့ ရွေးချယ်မှုပါပဲ။

“အား…ကျွတ်…ကျွတ် ကိုကို တစ်ကြိမ်တစ်ခါမှ ဒီလို မသောက်ဖူးပါဘူးကွာ”

သူကြိုးစားထပြီး ရေချိုးခန်းထဲ ဝင်လာခဲ့မိသည်။ မေမေပေးတဲ့ အပြစ်ဒဏ်က သူ့ကို တစ်ပတ်တိတိ စကားမပြောဘူးတဲ့။ အဲဒီလိုအပြစ်ဒဏ်မျိုးကိုရမှာ သူအကြောက်ဆုံး ဖြစ်ခဲ့၏။ မေမေ့ကို





သူချစ်တယ်၊ လေးစားတယ်၊ အမြဲတမ်း မေမေ့အပြုံးတွေနှင့် ပြုစုယုယမှုတွေကို သူလိုလားခဲ့သည်။ စိတ်ညစ်လိုက်တာ၊ မေမေကလည်း အပြစ်ပေးပြီဆိုလျှင် ဘယ်တော့မှမပြင်တတ်။

“အား”

“ကျွတ်…ကျွတ်”

ရေချိုးလိုက်သည်။ စိတ်ကမလန်းဆန်းဘဲ တစ်မျိုးကြီးဖြစ်နေရ၏။ ဖွဲ့ဆီကို ဖုန်းဆက်တောင်းပန်ရမယ်။ ဖွဲ့ကို မေမေက အပြစ်ဒဏ်ဖျက်သိမ်းလိုက်၍ နဲနဲတော့ စိတ်သက်သာရာ ရသွားသည်။

“ဖွဲ့လား”

ဖုန်းပြန်ပိတ်လိုက်သဖြင့် သူအခက်တွေ့သွားရ၏။ ဖုန်းနှင့်ပင် လက်ခံမပြောတော့။ သူမှားတာပဲ တောင်းပန်ရမယ်။ ဖွဲ့လေး မမှားပါဘူး။ ကိုကိုမှားတာပါကွာ။ သူ အခန်းအပြင် ထွက်လာတော့ ဖွဲ့ အိမ်သန့်ရှင်းရေးတွေ လုပ်နေသည်။

“ဖွဲ့”

မထူးပေ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ဒီအပြစ်ဒဏ် ရုပ်သိမ်းလိုက်ပြီတဲ့၊ ဖွဲ့ ဘာမှ မလုပ်ပါနဲ့တော့ကွာနော်"

ဖွဲ့က နှုတ်ခမ်းလေးတွေ စူတင်းပြီး လှည့်၍ပင် မကြည့်။ အလုပ်တွေကို လုပ်မြဲလုပ်နေသည်။

"ကိုကိုတောင်းပန်ပါတယ်ကွာ၊ နောက်ကို ဖွဲ့မကြိုက်တာတွေ ကိုကိုမလုပ်တော့ပါဘူး၊ စိတ်ဆိုးပြေပါတော့ကွာ၊ ကိုကို စည်းကမ်းမဲ့သွားတယ်၊ ဖွဲ့ကိုလည်း စော်ကားသလို ဖြစ်သွားရတယ်၊ တောင်းပန်ပါတယ် ဖွဲ့ရယ်နော်"

ကိုကိုက ခခယယလေး တောင်းပန်နေ၍ ဖွဲ့ နဲနဲတော့ စိတ်ဆိုးပြေသွားရသည်။ ညက ကိုကို့ကို တွန်းချလိုက်မိ၍ ခေါင်းပေါက်သွားရတာလည်း ဖွဲ့ စိတ်မကောင်းဖြစ်နေရ၏။ ကိုကိုရယ် ဖွဲ့ အဲဒီလောက်အထိ မရိုင်းစိုင်းသင့်ပါဘူးနော်။

"ဖွဲ့ ကျေနပ်တဲ့အထိ အပြစ်ဒဏ်ပေးပါကွာ၊ ကိုကိုက အကြီးဖြစ်ပြီး မဆင်မခြင်လုပ်တာပဲ၊ တောင်းပန်ပါတယ် ဖွဲ့ရယ်နော်"

ဖွဲ့လက်ကို ဆုပ်ကိုင်လိုက်စဉ် ဆတ်ခနဲ ရုန်းပစ်လိုက်





လေသည်။ ဖွဲ့ အလျှော့ပေးလို့မဖြစ်ဘူး။ စည်းမဲ့ကမ်းမဲ့ ကောင်မလေးဆိုပြီး အထင်သေးနေတာ မဟုတ်လား။ ရင်ထဲမှာတော့ အန့်တီဉာဏ်သာကိုရော ကိုကိုဘုန်းလကျာ်ကိုရော မုန်းတီးနာကြည်းစိတ်တွေက ကိန်းအောင်းနေဆဲပင် ရှိသေးသည်။

"ဒီအလုပ်တွေ လုပ်မနေပါနဲ့တော့ ဖွဲ့ရယ်၊ ကိုကိုနဲ့ ကုမ္ပဏီကို လိုက်ခဲ့ပါနော်၊ သွား အလှတွေပြင်၊ အင်းလေ အလှမပြင်လည်း ကိုကို့ချစ်ဇနီးလောင်းလေးက လှပတာပါပဲ"

ကိုကို့ရဲ့ နောက်ရွတ်ရွတ်စကားကြောင့် ဖွဲ့ ရယ်ချင်သွားရလသည်။ ဒါပေမယ့် အလျှော့မပေးချင်။ နှုတ်ခမ်းလေးတွေကို တင်းထားလိုက်သည်။ အပြစ်ဒဏ်ကိုလည်း တစ်ပတ်ပြည့်တဲ့အထိ ခံယူမယ်။ ဖွဲ့ မလျှော့ချင်ပါဘူး။ ဖွဲ့ ဘယ်လောက်ခေါင်းကြောမာတယ်ဆိုတာ အန့်တီဉာဏ်သာ့ကို ပြရမယ်။

"ဖွဲ့ ထတော့ကွာ၊ ပင်ပန်းတဲ့အလုပ်တွေ ဆက်မလုပ်ပါနဲ့တော့၊ မေမေက ကိုကို့ကို အပြစ်ဒဏ်ပေးထားတယ်၊ တစ်ပတ်တိတိ စကားမပြောဘူးတဲ့"

အန့်တီဉာဏ်သာ အပြစ်ဒဏ်ပေးတတ်တာ ဖွဲ့ မကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ။

"ကောင်းပါတယ် ဦးဘုန်းလကျာ၊ ကျွန်မလည်း ကိုယ့်ကိုပေးထားတဲ့ အပြစ်ဒဏ်ပြည့်အောင် ခံယူရမှာပဲ"

"တော်ပါတော့ကွာ၊ မေမေက ရပ်လိုက်ပြီတဲ့"

"မရဘူး၊ ကျွန်မ ကျူးလွန်တဲ့အပြစ်ဒဏ် ကျွန်မခံယူရမှာပဲ၊ စည်းကမ်းမဲ့ပြီး တန်ဖိုးမဲ့တဲ့ မိန်းမတစ်ယောက်လို့ အသတ်မှတ်မခံနိုင်လို့ပါ"

"ဖွဲ့ရယ်"

ဖွဲ့ကို ဘယ်လိုမှပြော၍ မရနိုင်ဘူးဆိုတာ ဘုန်းလကျာ သိသည်။ တော်တော်ခေါင်းကြောမာတဲ့ ကောင်မလေးပဲ။ သူ ဘယ်တော့မှ အပြစ်မယူရက်တဲ့ နှောင်ဖွဲ့အိမ်ပဲ။ သူ ငယ်စဉ်ထဲက အမြင်ကတ်ကတ်နှင့် ရင်ထဲမှာ သိမ်းထားခဲ့တဲ့ ကောင်မလေး။

"ကျွန်မ နောက်နေ့ကစပြီး ဘယ်သူ့အနိုမ်အချုမှ မခံရအောင် ကြိုးစားမယ်၊ ကျွန်မတစ်ယောက်တည်း သင်တန်းတွေ သွားတက်မယ်၊ တတ်သင့်တဲ့ပညာရပ်တွေ အားလုံး သင်ထားမယ်"





"အမလေး…အပြင်တော့ တစ်ယောက်တည်း မထွက်ပါနဲ့ကွာ၊ ကိုကိုလိုက်ပို့မှာပေါ့"

"ရပါတယ်၊ ကျွန်မကိုယ်ကျွန်မ စည်းစနစ်နဲ့ နေတတ်အောင် လေ့ကျင့်ရဦးမယ်လေ"

"ဖွဲ့"

"ကျွန်မအလုပ် ကျွန်မလုပ်ရဦးမယ်၊ သွားပါတော့"

ဖွဲ့ ထွက်လာခဲ့လေသည်။ ကိုကိုဘုန်းလကျာ ခေါင်းမှာ ဒဏ်ရာကို သတိရလာတော့ ဖွဲ့ တာဝန်မဲ့သွားပြီလားဟု တွေးမိနေသည်။ ဖွဲ့ အလျှော့မပေးချင်ပါဘူး။ ဖွဲ့ကို အထင်အမြင်သေးလွန်းနေတာလည်း မခံချင်ပေ။

"နှောင်ဖွဲ့အိမ်"

"ရှင်"

"ညည်းမလုပ်ချင်တဲ့ အလုပ်တွေကို လုပ်စရာမလိုတော့ဘူး"

"ကျွန်မအပြစ်ဒဏ်ကို ပြည့်အောင်ခံယူပါ့မယ်၊ ကိစ္စမရှိပါဘူး အန်တီဉာဏ်သာ၊ ဖွဲ့ စည်းကမ်းမဲ့ချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ညည်းကိစ္စပဲ နှောင်ဖွဲ့အိမ်၊ မကြာခင် ကန့်ကော်နဲ့ သဇင် လာတော့မှာပါ၊ ကျုပ် ညှံ့ဖျင်းတယ်လို့ ပြောကြတော့မယ်၊ အင်းလေ ညည်းလေးက ငယ်ငယ်ကအတိုင်းပဲ ခေါင်းမာလွန်းတယ်"

ဒေါ်ဉာဏ်သာ ပြောပြီး ထွက်လာခဲ့လေသည်။ သားကိုလည်း ပြင်းပြင်းထန်ထန် အပြစ်ပေးရမယ်။ တစ်ဦးတည်းသော သားကို စည်းကမ်းတကျပဲ ကြီးပြင်းစေခဲ့၏။ သားသည် အရာရာ ပြည့်စုံထက်မြက်သော ယောကျ်ားတစ်ယောက်ပဲ ဖြစ်စေချင်ခဲ့သည်။

ရှက်စရာကောင်းလိုက်တာ နှောင်ဖွဲ့အိမ်က သားနှင့် လက်ထပ်ပါမယ်လို့ ပြောဆိုခြင်းမရှိသေးပေ။ နှောင်ဖွဲ့အိမ်နဲ့ သားတို့ရှေ့ရေးကို ရင်လေးမိလာ၏။ ဖြစ်ပါ့မလား။ နှောင်ဖွဲ့အိမ်က သားကို မုန်းတီးနေတာပဲ။

"အန်တီဉာဏ်သာ"

"ဟင်"

အခန်းဝတွင် မဟူရာ ရပ်နေလေသည်။ မြင်တွေ့ရတာ အေးချမ်းတဲ့ မိန်းကလေးပဲ။ သားနှင့် လက်ထပ်စေချင်ခဲ့တာပါ။





သားက နှောင်ဖွဲ့အိမ်ကိုပဲ။ ဒေါ်ဉာဏ်သာပင် အံ့သြရသည်။ ဘာပဲ ဖြစ်ဖြစ် သားလက်ထပ်မယ့် မိန်းကလေးအား သားကိုပဲ ရွေးချယ်စေ ချင်မိလေသည်။

"နှောင်ဖွဲ့အိမ်ကို အပြစ်ပေးထားတာ ရပ်လိုက်ပါတော့နော်၊ လက်ျာက မကြိုက်ဘူးထင်တယ်"

"အဲဒီကိစ္စကို မပြောဘဲနေကြရအောင် မဟူရာ"

"အန်တီဉာဏ်သာ နေမကောင်းဘူးလားဟင်၊ မဟူရာ ဘာလုပ်ပေးရမလဲ၊ ဆေးခန်းသွားမလား"

မဟူရာကတော့ ဒေါ်ဉာဏ်သာ့အကြိုက်ကို သိပြီးသားဖြစ်လေသည်။ ချွေးမလောင်း နှောင်ဖွဲ့အိမ်ကြောင့် စိတ်သောကတွေ အကြီးအကျယ်ရောက်နေရတာ မဟုတ်လား။

"အန်တီဉာဏ်သာ ဘာမှမဖြစ်ပါဘူးကွယ်၊ နေကောင်းပါတယ်"

"အန်တီဉာဏ်သာ့ကိုရော လက်ျာကိုပါ အရမ်းစိတ်ချမ်း[illegible]စေချင်ပါတယ်၊ မဟူရာ ဘာပဲလုပ်ပေးရလုပ်ပေးရပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ သမီးရယ်၊ အန်တီဉာဏ်သာ အနားယူချင်တယ်၊ သားရော ကုမ္ပဏီကိုသွားမယ်ထင်တယ်"

"မဟူရာသွားမယ်နော်၊ လိုအပ်တာရှိရင် ပြောပါ၊ မဟူရာကို အားနာစရာမလိုဘူးနော်၊ အန်တီဉာဏ်သာ့ကို ပြုစုပေးချင်ပါတယ်"

"ရပါတယ် မဟူရာရယ်၊ အန်တီဉာဏ်သာ နဲနဲလေး စိတ်ရှုပ်နေလို့ပါ",

"မဟူရာ သွားပြီနော်"

"အေး အေး"

နှောင်ဖွဲ့အိမ်နှင့် မဟူရာကတော့ လုံးဝဆန့်ကျင်ဘက်တွေပါပဲ။ သား ကံဆိုးပြီလား။ ဒေါ်ဉာဏ်သာကတော့ သား ရွေးချယ်မှုကို လက်ခံဖို့ ဆုံးဖြတ်ထားပြီးသားပါ။ နှောင်ဖွဲ့အိမ်ရယ် ညည်းလေးကိုလည်း အိမ်ရှင်မကောင်း ပီသစေချင်လို့ပါအေ။ ဒေါ်ဉာဏ်သာ စိတ်မသက်မသာ ဖြစ်နေရသည်။ နှောင်ဖွဲ့အိမ်ကို ဘယ်လိုသွန်သင်ဆုံးမရမလဲနော်။ အပြစ်ဒဏ်ပေးတဲ့နည်းလမ်းက ဒီကောင်မလေးရဲ့ စိတ်တွေကို ပိုပြီးများ ကြမ်းတမ်းလာစေမှာလား။





"ကန့်ကော်သမီးလေးကို ဉာဏ်သာ့လက်ထဲ အပ်ပါယ်နော်၊ မင်းကြိုက်သလိုသာ ဆုံးမပါ၊ ကန့်ကော်ကတော့ အများဆက်တိုက် ကျူးလွန်နေမိပြီ၊ သမီးလေးကို တင်းတင်းမာမာ ဆုံးမသွန်သင်နိုင်တဲ့ အင်အားတွေ မရှိတော့လို့ပါ"

သူငယ်ချင်းဖြစ်သူ ကန့်ကော်အကြောင်း ဒေါ်ဉာဏ်သာ သိဆုံးပါပဲ။ နှောင်ဖွဲ့အိမ် ရှေ့ရေးအတွက် အလုပ်တွေ ကြိုးစားရင်းအများတွေ ကျူးလွန်ခဲ့မိတာလည်း ပါနေသည်။ နှောင်ဖွဲ့အိမ်က သိဘူး။ ဒီကောင်မလေးရဲ့ အရွဲ့တိုက်ချင်တဲ့ စိတ်တွေကို ဘယ်လို ပြင်ပေးရမလဲ။ ရင်ထဲမှာ ပူလောင်နောက်ကျိနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၁၇]

ကိုကိုဘုန်းလကျာ်ကို ဖွဲ့ ချစ်လား မုန်းလား လောဆော
ဆယ်တော့ ဖွဲ့ကိုယ်တိုင် ပြတ်သားမှု မရှိသေးပေ။ တစ်ခါတ
ဖွဲ့စိတ်တွေ ပျော့ညံ့ပြီး ကိုကိုဘုန်းလကျာ်အား အဆင်ပြေ
ဆက်ဆံချင်လာရပေမယ့် တစ်ခါတစ်ရံကျတော့လည်း မုန်း
နာကြည်းမှုတွေက ဖွဲ့ရင်ထဲမှာ ပြည့်ကြပ်နေခဲ့သည်။ အန်တီဉာ
သာ သားကြောင့်ပဲ ဖွဲ့ကို အထင်သေးပြီး စည်းမဲ့ကမ်းမဲ့ ကော
လေးတစ်ယောက်အဖြစ် ရှုံ့ရှာမုန်းတီးနေမှာပါပဲ။ ဖွဲ့ ငယ်စဉ်
ထဲက အန်တီဉာဏ်သာအား မချစ်ခဲ့ပေ။ မဟူရာကြောင့်လ
ဖွဲ့ ပိုပြီး တင်းမာခံပြင်းမှုတွေ ပြည့်နှက်လာရသည်။

"ဖွဲ့ စိတ်ထဲမှာ မမဟူရာကို အရမ်းမုန်းတယ်၊ ကို





က အထင်ကြီးနေတာ မဟုတ်လား၊ လိုလားနေတာ မဟုတ်လား"

စားသောက်ခန်းထဲမှာ ဖွဲ့ အလုပ်လုပ်နေရင် မဟူရာရဲ့ အသံကို ကြားနေရလေသည်။ မုန်းလိုက်တာ အန်တီဉာဏ်သာကို အသေဖားနေ၏။ ကိုကိုဘုန်းလကျာ်ကိုပင် အမြင်ကတ်ကတ်နှင့် အမြန်ဆုံးလက်ထပ်လိုက်ရင် ကောင်းမလားပဲ။

"မမလေး"

"ဘာလဲ"

"အမလေး...လန့်သွားတာပဲ"

အိမ်ဖော်ကောင်မလေး နှင်းနှင်းက အထိတ်တလန့်နှင့် ကြည့်သည်။

"ဟဲ့...ဘာဖြစ်နေတာလဲ၊ ငါက ဒီလောက်တောင်ပဲ ကြောက်စရာကောင်းနေလို့လား"

"မဟုတ်ပါဘူး မမလေးရယ်၊ ရုတ်တရက် အော်လိုက်လို့ပါ"

မမလေး နှောင်ဖွဲ့အိမ်နဲ့ အစ်ကိုလေးသာ လက်ထပ်ရင် လွယ်ဘူးဟု နှင်းနှင်းတွေးမိပြီး ကြောက်လာရသည်။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေက တင်းမာလိုက်တာနော်။

"ဘာလဲပြောလေ"

"အဝတ်တွေ နှင်းနှင်းပဲ လျှော်လိုက်တော့မယ်လို့ ပြော လို့ပါ"

"ထားလိုက်ပါ၊ ငါ့အလုပ် ငါပဲလုပ်မယ်"

"ဟုတ်...ဟုတ်ကဲ့"

မီးဖိုခန်းထဲသို့ မဟူရာ ဝင်လာလေသည်။

"နှင်းနှင်းလေး အလုပ်တွေကို မမလေးဖွဲ့နဲ့အတူ ဝိုင်း ပေးနော်၊ ညီမလေး ဖွဲ့ ပင်ပန်းနေပါ့မယ်"

အသံချိုချိုလေးနှင့် ဝင်ပြောလိုက်သဖြင့် အိမ်ဖော်ကော လေး နှင်းနှင်းကတော့ ပြုံးရွှင်ပီတိဖြာသွားရသည်။ ဒီအိမ်မှာလာ အလံလာစိုက်နေတာပါ။ ကိုကိုဘုန်းလက်ျာကိုရဖို့ ဖွဲ့တော့ မိန်း မာနကို အထိမခံနိုင်ပါဘူး။

"ဖွဲ့"

"ပြောပါ"

"မလုပ်နဲ့တော့"





"ဖွဲ့ကိုလာမတားပါနဲ့"

"မဟုတ်သေးဘူးလေ၊ ညီမလေး အရမ်းပင်ပန်းနေမှာ ပါ၊ မမပြောလိုက်ပါပြီ"

"ဆက်လုပ်မယ်"

"အေးချမ်းသာယာနေတဲ့ အသိုက်အမြုံလေးကို မဖျက်ဆီး ချင်ပါနဲ့ ဖွဲ့ရယ်၊ အနိတ်ဉာဏ်သာရော လက်ျာရောက အရမ်း ကိုအေးချမ်းပြီး အဆင့်အတန်းရှိကြတဲ့သူတွေပါ"

ဖွဲ့ကတော့ နှုတ်ခမ်းသားလေးတွေကို တင်းတင်းစေ့ကာ လုပ်စရာရှိတဲ့ အလုပ်တွေပဲ ဆက်လုပ်နေလိုက်သည်။ ဖွဲ့ကို အစ်ပတ်တိတိ အပြစ်ဒဏ်ပေးထားတာပဲ သနားကြတာလား။ ဖွဲ့ကို ချနေကြတာလား။

"အနိတ်ဉာဏ်သာ နေမကောင်းဘူး ဖွဲ့၊ ကျန်းမာရေးချို့တဲ့ ပြီး လက်ျာလည်း စီးပွားရေးလုပ်ငန်းတွေ လစ်ဟင်းလာတယ်"

"အဲဒါ ကျွန်မကြောင့်လား"

"ဟုတ်တယ်...ဖွဲ့ကြောင့်ပဲ မင်း ဒီကလူတွေ စိတ် အနှောင့်အယှက်ဖြစ်အောင် လုပ်ဖို့နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကျွန်မကိုခေါ်ထားကြတာပါ၊ ရှင်မယုံရင် သွားမေးကြည့်လေ ကျွန်မဆန္ဒနဲ့ လာနေတာလားလို့"

"လက်ျာကို ဖွဲ့မချစ်ဘူးမဟုတ်လား"

မချစ်ဘူးဟု ခပ်ပြတ်ပြတ်ဖြေဖို့ နှုတ်ခမ်းသားလေးတွေက ပိတ်ပင်တားဆီးထားလိုက်သည်။ ထိုစကားရက ထွက်မလာပေ၊ မုန်းနေတာလား ချစ်နေတာလားမသိဘူး။

"မချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ကို နှောင်ဖွဲ့ အိမ်လက်ထပ်မလို့လား၊ အန်တီဥာဏ်သာကိုယ်တိုင် ဘယ်လိုမိန်းက လေးမျိုးကို ချွေးမအဖြစ် ရည်မှန်းထားလည်းဆိုတာ မင်းသိပါ တယ်"

"ကျွန်မကို ဘာတွေလာပြောနေတာလဲ၊ ရှင့်ရင်ထဲက ပြောချင်တဲ့စကားတွေကို အန်တီဥာဏ်သာနဲ့ ကိုလက်ျာကိုပဲ သွား ပြောပါ"

"မင်း အရမ်းရိုင်းတယ် နှောင်ဖွဲ့အိမ်၊ ယဉ်ကျေးမှု လုံး မရှိဘူး၊ လက်ျာက ညည်းကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ ငါသိရသလောက်တော့ ညည်းလေးကို ပညာပေး ချင်လို့ပဲဖြစ်

ယ်၊ ကျုပ်ကို တစ်ခါပြောဘူးတာက ညည်းက အရမ်းခေါင်းမာပြီး ရန်းဗတာ ကောင်မလေးတဲ့"

ကိုကိုလက်ျာ ဒီလိုပဲပြောခဲ့မယ်ဆိုတာ ဖွဲ့ သိပါတယ်လေ။ တ်ပါတယ်၊ ဖွဲ့က ခေါင်းမာပြီး အဆင့်အတန်းမရှိတဲ့ ကောင်ဆိုး လေးတစ်ယောက်ပါ။ ဖွဲ့ကို လက်ထပ်မယ်ဆိုတာလည်း မဟုတ်ရာ ပြောသလို ဖွဲ့ကို ပညာပေးချင်လို့ပဲမဟုတ်လား။

"လက်ျာရဲ့ အနာဂတ်ကို ညည်း ဖျက်စီးပစ်မလို့လား နှောင်ဖွဲ့အိမ်၊ ညည်းလေးအကျင့်စရိုက်နဲ့ လက်ျာလိုယောကျ်ား တစ်ယောက်ရဲ့ ဇနီးပါလို့ လူပုံအလယ်မှာ ဘယ်လိုထုတ်ပြမလဲ"

"အဲဒါ ကိုကိုဘုန်းလက်ျာပဲ ဆုံးဖြတ်ပါလိမ့်မယ်၊ သူ့အနာ တ်လေ ကျွန်မကို လက်ထပ်ဖို့လည်း သူပဲရွေးချယ်ခဲ့တာပဲ"

"ညည်းလေးဘက်က ငြင်းလိုက်ရင်ရတာပဲ၊ လူကြီး တွေဆန္ဒဆိုတာ အကြောင်းပြချက်ပဲ၊ ညည်းလေးကိုယ်တိုင်လည်း က်ျာလို ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ချင်တာ မဟုတ်လား "

"အဟက်"





ဖြိုးဖြိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ညည်းလေး ငြင်းလိုက်လေ၊ ဟိုဖက်ခြံက သခင်ကို ညည်းရွေးချယ်သင့်တယ်၊ ညည်းနဲ့ အလိုက်ဖက်ဆုံးပဲ"

"ရှင်နဲ့မဆိုင်ပါဘူး ကိုကိုဘုန်းလက်ျာကို လက်ထပ်ဖို့လည်း ကျွန်မ လုံးဝမငြင်းဘူး"

"စောင့်ကြည့်လိုက်လေ ဖွဲ့ ညည်းကို လက်ျာကိုယ်တိုင် ငြင်းဆန်စေရမယ်"

"စောင့်ကြည့်မယ်လေ ရှင်နဲ့ကျွန်မ စိန်ခေါ်ပွဲကြီး ကျင်းပရအောင်"

"နှောင်ဖွဲ့အိမ်က ကိုယ်ကိုယ်တိုင် အထင်ကြီးတာ စိန်လိုက်လေ"

မမဟူရာက ကိုကိုလက်ျာအား အတင်းအကြပ် လုယူတော့မည်ဖြစ်ကြောင်း အတိအလင်း ကြေငြာလိုက်ခြင်းပင် ဖွဲ့ တင်းသွားရသည်။ ကိုကိုလက်ျာအား လက်လွှတ်ဆုံးရှုံးရမှာကိုလည်း ဖွဲ့ အရမ်းစိုးရိမ်ပူပန်သွားမိသလိုပင်။ ဖွဲ့ ရှုံးသွားနိုင်လား ရှင်က ဟန်ဆောင်မာယာတွေ ကြွယ်ဝနေတာပဲ မဟူရာ ယောကျ်ားတစ်ယောက်ကို အရှက်မဲ့ ဟန်ဆောင်လိမ်ညာပြီး အလု





တော့မှာ မဟုတ်လား။

"ဖွဲ့လေး...မမလည်း ညီမလေးအလုပ်တွေ ဝိုင်းကူလုပ်ပေးမယ်နော်"

မဟူရာ လေသံပြောင်းသွား၍ ကြည့်လိုက်တော့ အန်တီဘဏ်သာ အနားရောက်လာသည်။

"ဖွဲ့လေး ပင်ပန်းနေတာကို မဟူရာ မကြည့်ရက်လို့ပါ၊ တော်ပါတော့ကွယ်၊ အန်တီဘဏ်သာကိုယ်တိုင် အပြစ်ဒဏ်ကလျှော့ပေါ့ပေးလိုက်ပါပြီ"

ဖွဲ့ ဂရုမစိုက်ဘဲ လုပ်စရာရှိတာတွေကို ဆက်လုပ်နေမိလေသည်။ ဟန်ဆောင်မာယာများနေတဲ့ မိန်းမတွေကို ဖွဲ့ မုန်းတယ်။ အဓိက ကိုကိုရွေးချယ်မှုပဲ။

"အန်တီဘဏ်သာ နေမကောင်းရင်လည်း နားလိုက်ပါနော်၊ ဘာစားချင်လဲဟင်၊ မဟူရာ ချက်ပေးမယ်လေ"

"မဟူရာ ကုမ္ပဏီကို သွားရမယ်မဟုတ်လားကွယ်"

"မဟူရာ လွှဲထားပါတယ်၊ ကုမ္ပဏီကို သွားရပေမယ့် အခုတလော စိတ်ကမဖြောင့်ဘူး၊ လက်ျာကိုကြည့်ရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



အားမရလိုက်တာ”

“သားကိုတော့ နဲနဲဖေးမကူညီပေးပါကွယ်၊ အန်တီဉာဏ်သာက ရပါတယ်၊ မဟူရာတို့စီးပွားရေး လုပ်ငန်းတွေမှာပဲ အာရုံစိုက်ပါ၊ စီးပွားရေးဆိုတာ အပြိုင်အဆိုင် လုပ်ကြတာပဲ”

“ညီမလေး ဖွဲ့က ငယ်သေးတယ်မဟုတ်လား၊ အလုပ်အကိုင်က မတိကျသေးဘူး သွန်သင်ဆုံးမစရာတွေ ရှိသေးပါတယ်လေ”

“မဟူရာရယ် ကိုယ့်စီးပွားရေးပဲ အာရုံစိုက်ပြီး လုပ်ပါကွယ်”

“အန်တီဉာဏ်သာရယ် မဟူရာက ကိုယ်နဲ့မဆိုင်သလို ဘယ်တုန်းက နေတတ်လို့လဲ၊ လက်ျာအတွက် စိတ်မပူပင်ရလို့ သေတော့မယ်”

ဒေါ်ဉာဏ်သာကတော့ မဟူရာနှင့် ကင်းကင်းရှင်းရှင်း နေသင့်သည်ဟု ထင်မိလေသည်။ ဖွဲ့လေးက ငယ်ရွယ်တဲ့သူပဲ။ ပြဿနာက ပို၍ကြီးထွားလာနိုင်၏။ ပြီးတော့ ဖွဲ့အပေါ် သားထားတဲ့ သံယောဇဉ်တွေက ပြတ်တောက်ဖို့မလွယ်ကြောင်း





သိလာရသည်။ မဟူရာလည်း မပြတ်တောက်နိုင်ပါဘူး။

“လက်ျာအတွက် စားသောက်စရာတွေ ပြင်ပြီး ယူသွားမယ်နော်၊ လက်ျာတစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေတယ်တဲ့၊ ကုမ္ပဏီကိစ္စတွေလည်း မဟူရာပဲလုပ်ပေးရတော့မှာပဲ”

“ကိုကိုလက်ျာအတွက် စားသောက်စရာတွေကို ကျွန်မယူသွားပါ့မယ်၊ ဒါ ကျွန်မတာဝန်ပဲ၊ မမဟူရာ အလုပ်ရှိတယ် မဟုတ်လား၊ တာဝန်ကြီးကြီး ယူထားရတဲ့အတွက် အသေးအမွှားကိစ္စလေးမှာ အပင်ပန်းမခံပါနဲ့”

ဟုတ်တယ်လေ ကိုကိုကိစ္စ ဖွဲ့ပဲလုပ်ရမှာပဲပေါ့။ ရှင်နဲ့ ကျွန်မ စိန်ခေါ်ထားကြတာလေ။ ဒီနေ့ကစပြီး ကိုကို့အနား ရှင်ကပ်ဖို့ မကြိုးစားနဲ့တော့။

“လက်ျာကို စိတ်အနှောင့်အယှက် မပေးပါနဲ့ ဖွဲ့လေးရယ်၊ အရမ်းစိတ်ခံစားပြီး ပင်ပန်းနေလို့ပါ၊ ဖွဲ့လေး ခဏလောက် ရှောင်နေပေးပါ”

“ပင်ပန်းပါဘူး ကိုကိုလက်ျာက ကျွန်မကို ချစ်ပါတယ်၊ ကျွန်မရောက်လာရင် အရမ်းဝမ်းသာမှာပါ၊ ကျွန်မပဲ သွားမယ်”၊



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ ဇွတ်ပင် ကိုကိုဘုန်းလကျ်ာအတွက် စားသောက်စရာတွေ ပြင်နေမိသည်။ ကိုကို့တာဝန်တွေကို ဖွဲ့ပဲ လုပ်ပေးချင်တာပါ။ ဖွဲ့စိတ်ထဲမှာ နောင်တတွေ ရနေခဲ့၏။ အပြိုင်လုရမှာဆိုတော့ ဖွဲ့ရှုံးမှာကြောက်လာရသည်။ ကိုကိုဘုန်းလကျ်ာကိုလည်း လက်လွှတ်ဆုံးရှုံးရမှာ ဖွဲ့ စိုးရိမ်ပူပန်နေခဲ့၏။ ဖွဲ့ ကိုယ်တိုင် နားလည်သိရှိခဲ့ရသော ခံစားမှုအသိတွေပဲ ဖြစ်လာရသည်။ ကိုကိုဘုန်းလကျ်ာ အခုကဲ့သို့ မဟူရာကပ်မှာကို မလိုလားနိုင်အောင် မနာလိုဝန်တိုဖြစ်နေရ၏။

"နောင်ဖွဲ့အိမ်"

"ရှင်"

"မဟူရာပဲသွားပို့ပေးပါစေ"

ကြားထဲကနေ မဟူရာကို ဒေါ်ဉာဏ်သာ အားနာသွားရသည်။ နောင်ဖွဲ့အိမ်က အရွဲ့တိုက်ပြီး သွားပို့ပေးမှာမဟုတ်လား။ သားစိတ်တွေကို နောင်ဖွဲ့အိမ်ကို ပိုလိုလားနေပေမယ့် မဟူရာကိုလည်း အားနာသွားရလေသည်။

"ကျွန်မပဲသွားမယ်"

"ညည်းအလုပ်တွေကို ညည်းလုပ်ရမယ်၊ ကဲပါ မဟူရာ





သမီးပဲယူသွားလိုက်၊ သား အောက်ထပ်ဆင်းပြီး လာစားမှာမဟုတ်ဘူး၊ အန်တီ ဒဏ်ပေးထားလို့လေ"

"ဟုတ်ကဲ့...မဟူရာပဲ ပြုစုပေးရမှာပဲ အန်တီဉာဏ်သာရယ်၊ လကျ်ာစိတ်ကို မဟူရာ နားအလည်ဆုံးပါ၊ နှစ်ပေါင်းများစွာ လကျ်ာရဲ့စိတ်တွေကို နားလည်ဖို့ မဟူရာ ကြိုးစားလေ့ကျင့်ထားရတာပါ"

ဖွဲ့ မကျေမနပ်နှင့် စားသောက်ခန်းထဲကနေ ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၈]

ဖွဲ့ မကျေနပ်ပါဘူး။ ကိုကိုလက်ျာကို မဟူရာက ပြုံးစရာလား။ ဘာဆိုင်လို့လဲ။ ဖွဲ့နဲ့လက်ထပ်တော့မယ့် ယောက်ျားတစ်ယောက်ကို ရှင်နဲ့ဘာဆိုင်လို့ လာပြီးပြုံးစနေရတာလဲလို့။ ဖွဲ့အခန်းထဲမှာ တစ်ယောက်တည်းထိုင်နေမိလေသည်။ ဘာလုပ်ရမလဲ၊ သောင်းကြမ်းပြရမလား။ ကိုကို့ကို ဖွဲ့ ပြဿနာမရှာသင့်တော့ပါဘူး။ ဟိုမိန်းမရဲ့ အပြုံးအယုယတွေ ကြားထဲမှာ ကိုကိုက ဖွဲ့ကို စိတ်ပျက်သွားပြီလား။ အန်တီ ဉာဏ်သာကရော ထိုမိန်းမဘက်ကပဲ။ ဖွဲ့ ကုမ္ပဏီကိုသွားမယ်၊ ဦးစီးပြမယ်၊ ဟုတ်တယ် ဖွဲ့ အိမ်မှာအညှုံ့ခံပြီး မနေသင့်ပါဘူး။ ဖွဲ့ အလှအပတွေ ပြင်လိုက်သည်။ ကိုကိုဘုန်းလက်ျာ အခန်းကို တက်သွားလိုက်၏။





"ကျွိ"

"ဟင်"

"ဟာ"

မဟူရာနှင့် ကိုကိုလက်ျာက ထမင်းလက်ဆုံ စားနေလေသည်။ ကိုကို့ကို တယုတယ ပြုံးစနေ၏။

"ဖွဲ့"

"ဖွဲ့ ကုမ္ပဏီကို လိုက်မလို့"

"မင်းအသံမပေးဘဲ တံခါးကို ဖွင့်လိုက်ရတာလဲ ဖွဲ့"

"ကိုကို့အခန်းကို ကျွန်မ ဖွင့်ခွင့်မရှိဘူးလား၊ ကျွန်မအခန်းကိုလည်း မဟူရာက အသံမပေးဘဲ ဖွင့်ခဲ့တာပဲ"

ဖွဲ့ ကလေးဆန်ဆန် လုပ်ချင်တိုင်းလုပ်နေတာကို သူစိတ်ပျက်မိလေသည်။ မဟူရာဘက်က ဖွဲ့ကို အလျှော့ပေး ဆက်ဆံနေခဲ့တာပဲ။ ဖွဲ့ မျက်ဝန်းတွေက ဒေါသတွေနှင့် တင်းမာနေသည်။

"ကိုကိုလာခဲ့မယ် ဖွဲ့၊ အောက်ကပဲ စောင့်နေပါ"

"မရဘူး"

"ဖွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အခုချက်ချင်းထပြီး ပြင်ပါ၊ မဟူရာ ဒီအခန်းထဲကနေ ထွက်သွားပါ"

"ဖွဲ့လေး ဘာဖြစ်လို့ ဒေါသဖြစ်ရတာလဲကွယ်၊ မမက လက်ျာကို ဒီလိုပဲလုပ်ပေးနေကြပါ၊ လက်ျာက ဖွဲ့လေးနဲ့ လက်ထပ်မယ်ဆိုတာ မမသိပါတယ်နော်"

ရှင့်အသံက ဘာဖြစ်လို့ ချိုသာနေရတာလဲ။ ကျွန်မနဲ့ စိန်ခေါ်ထားတယ်လေ။ ဟန်ဆောင်နေတာ၊ မာယာများနေတာပဲ။

"ဖွဲ့ မဟူရာက ကိုကို့ကို အမြဲတမ်းကူညီနေတာပါ၊ ကိုကို တောင်းပန်ပါတယ်ကွာနော်၊ အောက်ကပဲစောင့်ပါ၊ ပြီးတော့ အတူတူသွားကြမယ်"

"မရဘူး"

"ဖွဲ့"

"ကိုကိုက ကျွန်မကို လက်ထပ်ဖို့ တောင်းဆိုထားတာပဲ၊ တခြားမိန်းမတစ်ယောက်နဲ့ တရင်းတနှီးဆက်ဆံနေတာ ဖွဲ့မကြိုက်ဘူး"

"လက်ျာ ပြောပါဦးနော်၊ မဟူရာက အကူအညီပေး





တာပါ၊ အနုတ်ဗာဒ်သာ စိတ်တွေရှုပ်ထွေးပြီး ကျန်းမာရေးချို့ လာလို့ပါ၊ ပြီးတော့ လက်ျာရဲ့ စီးပွားရေးတွေလည်း လစ်ဟင်းနေ မဟူရာ ဝင်ကူနေတာပါ၊ လက်ျာ အသိဆုံးပါနော်"

"ဖွဲ့ မင်းထွက်သွားစမ်း၊ အလိုလိုက်လို့ အမိုက်မစော် နဲ့နော်၊ မင်း အရမ်းရိုင်းလာပြီ"

"ဘာပြောတယ် ကိုကို၊ ဖွဲ့ရိုင်းတာ ကိုကိုတို့နှစ်ပေါင်းများ ထဲက သိထားပြီးသားပါနော်၊ သိသိကြီးနဲ့ အခုမှ ဘာဖြစ်လို့ ဖြစ်တင်ချင်နေရတာလဲ၊ ဖွဲ့က ကိုကို့ရင်ခွင်ကလွဲပြီး တခြား ယောက်ျားတစ်ယောက်နဲ့ လုံးဝမဖြစ်ဘူးဆို၊ ကျွန်မကို စောင့်ရှောက် ချင်တယ်ဆို"

"ဖွဲ့ကွာ"

လက်ျာကတော့ မဟူရာကိုပဲ အားနာလာမိလေသည်။ လုပ်ငန်းတွေမှာရော မိသားစုကိစ္စတွေမှာပါ အားတက်သရော ညီတတ်၏။ ပြီးတော့ ဖွဲ့အပေါ်လည်း မဟူရာက ယဉ်ကျေး မိမွေ့စွာ ဆက်ဆံပြောဆိုတတ်လေသည်။ ဖွဲ့ကို ကြ ဖြည်းဖြည်းနှင့် စရိုက်တွေကြမ်းလာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး၊ မေမေပြောသလိုပဲ ဖွဲ့ကို အလိုလိုက်ထား မဖြစ်တော့ဘူး။ မဟူရာအပေါ် ဒီလိုကြမ်းကြမ်းတမ်းတမ်း ရှင်း မပြောဆို မဆက်ဆံသင့်ဟု ထင်မိလေသည်။ ဖွဲ့က ဘယ် ဆုံးမသွန်သင်လို့မရတော့။

"ကိုကို အခုပဲ ဖွဲ့နဲ့ ကုမ္ပဏီကိုသွားရမယ်၊ ဖွဲ့က တခြားမိန်းမတစ်ယောက်နဲ့ မဆက်ဆံရဘူး၊ မပတ်သက်ရ နောက်မှ ဖွဲ့ကို အဆိုးမဆိုနဲ့နော်"

"ဖွဲ့လေးရယ် မင်း အထင်မှားနေပြီနော်၊ မမက လက် ငယ်သူငယ်ချင်းဖြစ်နေလို့ အစစအရာရာ ကူညီတာပါကွယ်၊ မေ သူစိမ်းဆန်ဆန် မပြောပါနဲ့လား"

"ရှင်ဘာမှဝင်ပြောစရာမလိုဘူး၊ အခုချက်ချင်း ထွ သွားပါ၊ ကိုကိုနဲ့ကျွန်မက မကြာခင်လက်ထပ်ကြတော့မှာ နောက်ထပ်ပတ်သက် ဆက်ဆံဖို့ မကြိုးစားပါနဲ့တော့"

ဖွဲ့လည်း ဒေါသတွေ ပေါက်ကွဲပြီး ထိန်းချုပ်နိုင် တွေပင် မရှိတော့။ မဟူရာ ဟန်ဆောင်မာယာများနေ ဖွဲ့သိနေသည်။ ကိုကိုကိုလည်း လုယူသွားမှာ ဖွဲ့ စိတ်ပူလာ





ဘယ်လိုနည်းနဲ့မဆို ဖွဲ့ တားဆီးရမှာပဲ။ တားမယ်။ ရှင့်လက်ထဲကိုတော့ အပါမခံနိုင်ပါဘူး။ ဖွဲ့နဲ့ ရှင် စိန်ခေါ်ထားတယ်မဟုတ်လား။

"ကိုကိုထ…ဒီနေ့ကစပြီး ကိုကို့တာဝန်ဝတ္တရားတွေ ကျွန်မပဲလုပ်ပေးမယ်၊ ကုမ္ပဏီကိစ္စရော အားလုံးပဲ၊ ရှင်လာစရာ မလိုတော့ဘူးနော်"

"ဖွဲ့"

"ထွက်သွားလေ"

"တော်စမ်း ဖွဲ့၊ မင်းဘာတွေလုပ်နေရတာလဲ၊ ငါ့ကို စော်ကားတာလားကွ"

မဟူရာ့ကို အားနာပြီး ဒေါသတွေ ပေါက်ကွဲထွက်သွားရလေသည်။ ဖွဲ့က မဟူရာကို သက်သက်အရှက်ခွဲနေတာဟု ထင်မိ၏။ သူ့ကို ဖွဲ့ မချစ်ပါဘူး။ မဟူရာ့ကိုလည်း ငါ့ကို ဘယ်တော့မှ မချစ်ခဲ့ဘူးလို့ ပြောခဲ့တယ်မဟုတ်လား။ မင်းချစ်မှာလည်း မဟုတ်ပါဘူး။ ငါ့ကိုလည်း မုန်းနေတယ်လို့ မင်းကိုယ်တိုင်ပြောခဲ့တယ်။ ငါ ဒီလောက်အထိ အလျှော့ပေးခဲ့တာတောင် မင်း ငါ့ကိုရန်သွား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံနေတယ်။

"မင်းပဲထွက်သွားစမ်းပါ နှောင်ဖွဲ့အိမ်၊ မင်း အရမ်းရိုင်းလွန်းတယ်၊ ဘယ်လိုမှ ဆုံးမသွန်သင်လို့မရတော့ဘူး၊ မင်းငါ့ကို လက်မထပ်ချင်လို့ ပြဿနာတွေ ရှာနေတာပဲ"

မဟူရာမျက်လုံးတွေက ဝင်းလက်တောက်ပသွားပြီး ဖွဲ့ကိုအပြုံးတွေနှင့် ကြည့်သည်။ ဘယ်လိုပဲ နှောင်ဖွဲ့အိမ်ရယ်ဆိုတဲ့အမိပ္ပာယ်ပဲ။ ခါးသီးနာကြည်းစရာ ကောင်းလိုက်တာနော်၊ ဖွဲ့ရဲ့မျက်ဝန်းအကြည့်တွေကလည်း တင်းမာခက်ထန်နေ၏။

"အရင်ဆုံး မင်းထွက်သွားပါ၊ နောက်မှ မေမေနဲ့ တိုင်ပင်ပြီး ငါဘာဆက်လုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်မယ်၊ အခု မင်းပဲအရင်ဆုံးထွက်သွားပါ"

"မသွားဘူး"

"နှောင်ဖွဲ့အိမ်"

"ကျွန်မကို ရှင်လက်မထပ်လို့မရဘူးနော်၊ ရှင့်စကားတွေအတွက် ရှင်ပဲတာဝန်ယူရမယ်၊ ကျွန်မက မြောင်းထဲကဟင်းရွက်ကန်စွန်းရွက် မဟုတ်ဘူးဆိုတာ သိထားပါ"





အသံကို မာမာထန်ထန်ပြောပြီး လှည့်ထွက်သွားတဲ့ နှောင်ဖွဲ့အိမ်ကို သူစိတ်ပျက်စွာ ကြည့်နေမိလေသည်။

"လကျာ"

"ဟင်"

"ဘယ်လိုဖြစ်ရတာလဲ၊ ဒီလောက်ငယ်ရွယ်ပြီး ကျွတ်ဆတ်ဆတ်မာကျောကျော ကောင်မလေးတစ်ယောက်ကိုမှ လကျာရဲ့ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ရလား"

နှောင်ဖွဲ့အိမ်ရယ် ညည်းငယ်ပါသေးတယ်အေ။ မဟူရာနဲ့လာယှဉ်ပြိုင်လို့ ဘယ်ရမလဲ။ အခုပဲ ညည်းလေး အမောင်းထုတ်ခံလိုက်ရပြီလေ။ ကျုပ်ရှေ့မှာ လကျာကို ဘယ်လောက်ပိုင်ကြောင်းပြချင်နေတာမဟုတ်လား။ နှောင်ဖွဲ့အိမ်ကို အနိုင်ရလိုက်၍ မဟူရာပျော်ရွှင်ကျေနပ်သွားရလေသည်။ ပီတိတွေဖြစ်ရလွန်းလို့ကောင်းကင်ကြီး ပွင့်သွားအောင် အော်ဟစ်ရယ်မောပစ်လိုက်ချင်မိ၏။

"လကျာပဲ စိတ်ကိုလျှော့လိုက်ပါလားဟင်၊ ဖွဲ့လေးကငယ်သေးပါတယ်၊ မဟူရာ နဲနဲရှက်သွားတာပဲရှိတာပါ၊ စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပါဘူး"

"မဟူရာ"

"ဟင်"

"တို့ တောင်းပန်ပါတယ်၊ ဒီကောင်မလေး အရမ်းရိုင်းယ်ကွာ"

"ဖွဲ့လေးကို သောလောဆယ်တော့ ကုမ္ပဏီကို ခေါ်သွားဖို့ မသင့်တော်သေးဘူးလေ"

"ကိုယ်သိပါတယ်"

"လက်ျာရယ်…ရှင့်ကို မဟူရာ အရမ်းပဲ ပျော်ရွှင်ချမ်းမြေ့ပြီး အောင်မြင်နေစေချင်တာပါ၊ ပါရမီဖြည့်ဖက် ဇနီးမယားကောင်းတစ်ယောက်နဲ့ လက်တွဲစေချင်တာပါ၊ ရှင့်လိုအင်ဆန္ဒတွေကို အရမ်းပဲ လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးနေချင်တာပါ"

"ကျေးဇူးပါပဲ မဟူရာ၊ ထ ကိုယ်တို့ ကုမ္ပဏီကို သွားကြရအောင်"

"ဖွဲ့ရော…နှောင်ဖွဲ့အိမ်ကိုရော"

"မခေါ်တော့ဘူး"

❦ ပြီးပြီ - တာပေ ❦



"ရှင်…ရှင် လက်ျာ ရှင်ဆုံးဖြတ်လိုက်ပြီလားဟင်၊ နှောင်ဖွဲ့အိမ်နဲ့ လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူးလို့လေ"

"ကုမ္ပဏီကိစ္စပဲ ဆွေးနွေးကြတာပေါ့မဟူရာ၊ သွားကြမယ်"

ဘုန်းလက်ျာအနေနှင့် ဆုံးဖြတ်ချက်ချလောက်အောင် စိတ်က မခိုင်မာနိုင်သေးပေ။ ဖွဲ့ကို မုန်းပစ်ရမှာလား။ ကျွတ်ဆတ်ဆတ်ကျော့ကျော့ ကောင်မလေးက သူ့ဇနီးမယား မဖြစ်ထိုက်ဘူးလား။ ဖွဲ့ကို သူကိုယ်တိုင် လက်ထပ်ဖို့ ရွေးချယ်ခဲ့တာပဲဟာ ကုမ္ပဏီကိုတော့ ဖွဲ့ပါလို့မဖြစ်ဘူးဆိုတာ သူသိနေသည်။ ပြဿနာပိုကြီးသွားလာနိုင်လို့ပါ။ ကလေးဆန်လွန်းတဲ့ ဖွဲ့ကို တည်ငြိမ်ရင့်ကျက်လာအောင် အများကြီး ကြိုးစားယူရဦးမှာပါ။

"လက်ျာ"

"ဟင်"

"ကော်ဖီသောက်မလား၊ စီးပွားရေးလုပ်ငန်းတွေကို ခေါင်းထဲကနေ ခဏလောက်ဖယ်ထုတ်ထားလိုက်နော်"

"အင်း"

❦ ပြီးပြီ - တာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



"မဟူရာ ကော်ဖီသွားဖျော်မယ်၊ လကျ်ာ ပေါ့စိမ့်လေး ကြိုက်တာမဟုတ်လား၊ လကျ်ာလိုလူတော်တစ်ယောက် တွေး ယိုင်နဲ့သွားမှာ မဟူရာတကယ်ပဲ မလိုလားဘူးကွယ်"

လကျ်ာကို ရှိစေစိုလှဲ့ဝင်းပနေတဲ့ မျက်ဝန်းတွေနှင့် ရူးစိုက် ကြည့်မိနေလေသည်။ ဘုန်းလကျ်ာဆိုတဲ့ လူတော် လူချော လူခန့်ယောကျ်ားတစ်ယောက်ကို မဟူရာပဲ ပိုင်ဆိုင်သင့်တာပါ လကျ်ာရဲ့အနားမှာ မဟူရာပဲ ရှိနေခဲ့တာလေ။ လကျ်ာရဲ့ လိုအပ်ချက် တွေကို သိနားလည်အောင် ကြိုးစားပြီး အကူအညီတွေ ပေးနေခဲ့ တာလည်း မဟူရာပဲဟာ။ နှောင်ဖွဲ့ အိမ် ညည်းကဘာလဲ လကျ် ကို ဘယ်လောက်များ ညှို့ယူဖမ်းစားနိုင်မှာမို့လဲ။ စောင့်ကြည့် လိုက်လေ ညည်းလေးလို ငချွတ်မလေးတစ်ယောက်ကများ ကျူပ် လာပြီး စိန်ခေါ်နေသေးတယ်။ ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ အခန်းထဲမှာ လကျ်ာနှင့် သူမတို့ပဲ ရှိနေလေသည်။

"မဟူရာ ကော်ဖီသွားဖျော်လေ"

"လကျ်ာကို ဘယ်လိုယောကျ်ားမျိုးလည်းဆိုတာ အ တမ်း စိတ်ဝင်စားပြီး စောင့်ကြည့်နေခဲ့ရတာက မဟူရာပါ





ရှင့်မျက်ဝန်းတွေ အမြဲတမ်း တောက်ပပြီး ပျော်ရွှင်မှုတွေ ရရှိနေ အောင် ဖြည့်ဆွမ်းပေးနေခဲ့တာလဲ မဟူရာပဲမဟုတ်လား ဟင်"

လကျ်ာမျက်လုံးတွေကို မှိတ်ထားပစ်လိုက်လေသည်။ သူ့ရင်ထဲမှာ ဆုံးဖြတ်နိုင်တဲ့ အင်အားတွေ ကင်းမဲ့နေ၏။ သူ့အသိ အာရုံတွေထဲမှာ ရှိနေတာက နှောင်ဖွဲ့အိမ်ပဲ ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၉]

မဟူရာ နိုင်သွားပြီလား။ ကိုကိုလကျ်ာနှင့် မမဟူရာတို့ ကုမ္ပဏီကို အတူတူထွက်သွားကြပြီပဲ။ ဖွဲ့ကိုထားခဲ့သည်။ မဟူရာရှေ့မှာ ဖွဲ့ကို အော်ဟစ်မောင်းထုတ်လိုက်သည်။ မုန်းလိုက်တာ၊ ဖွဲ့ ရှုံးသွားပြီ။ ဖွဲ့တစ်ယောက်တည်းနေလို့မရ ထိုင်လို့မရဖြစ်နေရ၏။ ကိုကိုလကျ်ာ အနမ်းတွေနှင့် အကြင်နာအယုယတွေကို အမှတ်ရတမ်းတနေလေသည်။

"မရဘူး···ဘာဖြစ်လို့တမ်းတနေရမှာလဲ၊ ဘုန်းလကျ်ာဆိုတဲ့လူကို ငါဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ မုန်းတာ နာကြည်းနေတာ"

တစ်ယောက်တည်း ဒေါသတွေပေါက်ကွဲပြီး မကျေမနပ်





ပြောနေမိလေသည်။ မေမေရော တီလေးရော ဘာဖြစ်လို့ ဖွဲ့ကိုပစ်ထားကြရတာလဲ။ အန္တိမ်ခံဘဝနဲ့ အန်တီဥာဏ်သာ လက်ထဲအပ်ထားခဲ့ကြတယ်။ အရမ်းရက်စက်တာပဲ။

"ရှင် ကျွန်မကို ဘာဖြစ်လို့ ချစ်တယ်လို့ပြောခဲ့ရတာလဲ၊ ကျွန်မပါးကို ဘာဖြစ်လို့ နမ်းရှိုက်ခဲ့ရတာလဲဟင်၊ ကျွန်မကို လက်ထပ်မယ်လို့ ဘာဖြစ်လို့ တောင်းဆိုခဲ့ရတာလဲ၊ ဘုန်းလကျ်ာဆိုတဲ့ လူက အရူးလား"

ဖွဲ့ဘဝမှာ ဘယ်တော့မှ ပျော်ရွှင်ကျေနပ်ခဲ့တာမျိုး မရှိခဲ့ပေ။ မေမေက မေမေ့ကို ဖွဲ့ကိုယ်ဝန်နဲ့ထဲက ပစ်ပြီး နိုင်ငံခြားမှာ တခြားမိန်းမတစ်ယောက်နဲ့ သွားနေတာတဲ့။ မေမေကလည်း အလုပ်လုပ်ဖို့အကြောင်းပြပြီး ဖွဲ့ကို အန်တီလေးတို့ အန်တီဥာဏ်သာတို့နဲ့ ထားခဲ့ပြီး နိုင်ငံခြားကို ထွက်သွားသည်။ ဖွဲ့ ဆယ်နှစ်သမီးလောက်မှာ နောက်အိမ်ထောင်ပြုသွားခဲ့၏။

"မေမေ့မှာ ရပ်တည်နိုင်စွမ်း မရှိတော့လို့ အိမ်ထောင်ပြုလိုက်ရတာပါ သမီးလေးရယ်၊ ယုံပါ၊ သမီးလေးအတွက်ပါ"

မေမေ နောက်ထပ်အိမ်ထောင်ပြုလိုက်တာ ဖွဲ့ပင်မသိခဲ့ရ။



www.burmeseclassic.com

www.burmeseclassic.com



အန်တီဉာဏ်သာနဲ့ တိုင်ပင်ပြီး သင့်တော်တယ်ဆိုလို့ နောက်ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်တာတဲ့။

"ဖွဲ့ကို မေမေခေါ်လို့ မဖြစ်သေးဘူး၊ သူ့စိမ်းရှိတယ်လေ၊ တီလေးနဲ့ အန်တီဉာဏ်သာစကားကိုသာ နားထောင်ပြီး ကြိုးစားပါ"

ဖွဲ့ထံ ပိုက်ဆံတော့ ပြည့်ပြည့်စုံစုံ ပို့ခဲ့ပေမယ့် မေမေနှင့် တွေ့ဆုံခွင့်မရခဲ့ပေ။ အန်တီဉာဏ်သာက ဖွဲ့ကို စည်းကမ်းတွေပေးပြီး ပုံစံသွင်းသည်။ ဖွဲ့က မလိုက်နာ။ အရွဲ့တိုက်သည်။

"ကန့်ကော်က ငါ့ကိုအပ်ထားတာနော်၊ ညည်းလေး အကြောမမာနဲ့"

ဖွဲ့ကမရ။ အမြဲတမ်း ဆိုးပေတေပြီး ပြဿနာဖြစ်နေတက်သည်။ ဖွဲ့ ဆယ့်လေးနှစ်အရွယ်လောက်မှာ အန်တီဉာဏ်သာတို့ ရန်ကုန်ကို ပြောင်းရွှေ့သွားခဲ့၏။

"ဖွဲ့ ပြင်ဦးလွင်မှာပဲနေမယ်၊ ဘယ်မှမပြောင်းဘူး၊ အန်တီဉာဏ်သာနဲ့ ကိုကိုဘုန်းလကျ်ာကိုလည်း မုန်းတယ်"

ဖွဲ့ သောင်းကြမ်းသဖြင့် ရန်ကုန်ကို လိုက်မပြောင်းခြင်





တော့ပေ။ တီလေးကို မကြောက်ပေမယ့် မေမေ့ကိုတော့ ကြောက်၏။ ဖွဲ့ ငယ်ငယ်လေးထဲက မေမေက အန်တီဉာဏ်သာ့လိုပဲ ပြင်းပြင်းထန်ထန် အပြစ်ဒဏ်တွေ ပေးတတ်လေသည်။ မေမေ့စကားဆိုလျှင် ဖွဲ့ မငြင်းဆန်ရဲခဲ့ပေ။ ကိုကို ဘုန်းလကျ်ာနဲ့ လက်ထပ်ရမယ်ဆိုတာလည်း မေမေ့ဆန္ဒပဲ။

"မမလေးနှောင်ဖွဲ့အိမ် မေမေကြီးက မနက်စာစားဖို့ ဆင်းလာခဲ့ပါတဲ့"

"အေး"

ဆန့်ကျင်ပြီး မလာဘူးဟု ပြောမလို့ပြင်ပြီးကာမှ မပြောဖြစ်တော့။ အရင်ကလောက် အန်တီဉာဏ်သာနှင့် အတိုက်အခံ မလုပ်လိုတော့ပေ။ အောက်ထပ်ကို ဆင်းလာခဲ့ရလေသည်။ ထမင်းပွဲမှာ အန်တီဉာဏ်သာ ရှိနေ၏။

"တိုင်...နှောင်ဖွဲ့အိမ်"

ဖွဲ့ ဝင်ထိုင်လိုက်သည်။ အန်တီဉာဏ်သာ မျက်နှာကလည်း တင်းနေ၏။

"ညည်းလေးကို တစ်ခုမေးရမယ်၊ ညည်းရင်ထဲမှာ ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖြေပါ”

“ဟုတ်ကဲ့”

“သားဘုန်းလက်ျာနဲ့ လက်မထပ်ချင်ဘူးလား”

“ရှင်”

အန်တီဉာဏ်သာကို ဖွဲ့ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။ ဘာဖြစ်လို့ ခုမှမေးနေရတာလဲ။ အဖြေတစ်ခုကို တိကျစွာပေးဖို့က ဖွဲ့မှာ အဆင်သင့်မရှိသေးတာတော့ အမှန်ပါပဲ။

“ဖြေလေ”

“အန်တီဉာဏ်သာကရော ဖွဲ့ကို ချွေးမအဖြစ် လက်ခံနိုင်လို့လား”

“အန်တီဉာဏ်သာ မေးတဲ့မေးခွန်းကိုပဲ ဖြေပါ နှောင်ဖွဲ့အိမ်၊ အရေးကြီးတာက သားအပေါ် ညည်းလေး နှစ်သက်နေဖို့ပဲ အချစ်မရှိဘဲနဲ့တော့ ဘဝတစ်လျှောက်လုံး မဖြစ်နိုင်ဘူးထင်တယ်လေ”

ကိုကိုဘုန်းလက်ျာကို ဖွဲ့ ချစ်မိသွားပြီလား။ ဘဝတစ်လျှောက်လုံး အတူနေဖို့ရော ဖြစ်နိုင်ပါ့မလား။ မမဟူရာ ဆိုတာ





မိန်းမတစ်ယောက်ကရော ဘယ်အချိန်အတိုင်းအတာအထိ ကိုကိုဘုန်းလက်ျာအနားမှာ ရှိနေဦးမှာလဲ။

“ဖြေလေ ဖွဲ့”

“ဖွဲ့ စဉ်းစားဦးမယ်၊ ရုတ်တရက်တော့ အဖြေမရှိသေးပါဘူး၊ အဓိက ကိုကို့ဆီက အဖြေပါပဲလေ၊ တကယ်လို့ မဟူရာကို ရွေးချယ်မယ်ဆိုရင်လည်း ရပါတယ်လေ”

“အန်တီဉာဏ်သာသားက ဖောက်ပြန်တတ်တဲ့ အကျင့်စရိုက်တော့ မရှိပါဘူး ဖွဲ့၊ ညည်းလေးကိုချစ်တာတော့ အမှန်ပဲ ဒါကြောင့်လည်း တောင်းဆိုခဲ့တာပေါ့”

“မမဟူရာက ကိုကို့အနားမှာ ဘယ်လောက်အထိ ရှိနေဦးမှာလဲ”

“အဲဒါက လူမှုရေးကိစ္စပဲ ဖွဲ့၊ အရာအားလုံး ကွဲပြားခြားနားဖို့က အချိန်လိုအပ်ပါတယ်၊ အန်တီဉာဏ်သာကတော့ ညည်းလေးရဲ့ဆုံးဖြတ်ချက်ပဲ အရေးကြီးတယ်လို့ထင်တယ်၊ အိမ်ထောင်တစ်ခု တည်တံ့ခိုင်မြဲဖို့က အချစ်လည်းလိုအပ်သေးတယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ စဉ်းစားမယ်၊ ကိုကိုလက်ျာလည်း အဓိကဆုံးဖြတ်ပါစေ၊ ဖွဲ့ဟာ အမြဲတမ်း လူကြီးမိဘတွေကို ဆန့်ကျင် ရန်ရှာတတ်တဲ့သူတော့ မဖြစ်ချင်တော့ပါဘူး"

မနက်စာကို ဖွဲ့ ခပ်မြန်မြန်လေးစားပြီး ထလိုက်လေသည်။ ကိုကိုက ဖွဲ့ကို စတင်ရက်စက်ခဲ့တာပဲ။ မဟူရာလို မိန်းမရှေ့မှာ အော်ငေါက်စရာလား။ ဖွဲ့ဘက်က မရပ်တည်ပေးတာပဲ။ ဖွဲ့နဲ့လက်ထပ်ပြီးလည်း လူမှုရေးတွေ အကြောင်းပြပြီး ပတ်သက်ဆက်ဆံနေကြဦးမှာပဲ။ ဖွဲ့ဘက်ကပဲ ငြင်းဆန်လိုက်ရင် ကောင်းမလားပဲ။

"ဘာဖြစ်လို့ မငြင်းဆန်ချင်ရတာလဲ နှောင်ဖွဲ့အိမ်၊ ညည်း ကိုကို ဘုန်းလက်ျာကို ချစ်နေပြီလားဟင်"

ဖွဲ့ကိုယ်ဖွဲ့ မကျေမနပ်နှင့် ဒေါသတွေ ဖြစ်ချင်လာရသည်။ ကိုကို့ကို မေ့ပစ်လို့မရ။ ကိုကို့အကြင်နာတွေနှင့် အနမ်းတွေကို နာကျင်စွာ အမှတ်ရတမ်းတနေဆဲဖြစ်နေ၏။ မုန်းလိုက်တာ၊ ကိုကို ဘုန်းလက်ျာကို ဘာဖြစ်လို့ သတိရနေရတာလဲလို့။ အခုလောက်ဆိုရင် ဖွဲ့ကိုမေ့ပြီး ဟိုမိန်းမရဲ့ အယုယ အကြင်နာတွေကြားမှာ





နစ်မျောသာယာနေမှာပါလေ။

တစ်ယောက်တည်း နေလို့မရသဖြင့် ကိုကိုဘုန်းလက်ျာရဲ့ ကုမ္ပဏီကို လိုက်သွားချင်လာရသည်။ ဖွဲ့ နေလို့မရဘူး။ ကိုကို့ကို တွေ့ချင်လိုက်တာနော်။ ဖွဲ့ဘက်ကပဲ တောင်းပန်လိုက်ရင် ကောင်းမလားပဲ။

"မောင်ဘုန်းလက်ျာလို ယောကျ်ားတစ်ယောက်က လက်ထပ်ခွင့်တောင်းတာ ညည်းကံကောင်းတယ်နော် ဖွဲ့၊ ပျက်ပြယ်သွားအောင်လုပ်ဖို့ မကြိုးစားနဲ့"

ကိုကိုဘုန်းလက်ျာက မဟူရာကို ရွေးချယ်သွားရင်တော့ မေမေနဲ့ တီလေးက ဖွဲ့ကိုပဲ အပြစ်တင်ကြတော့မည်။ ဖွဲ့ကိုယ်တိုင်လည်း ကိုကို့ကို မခွဲနိုင်လောက်အောင် ချစ်မိသွားပါပြီ။ ဖွဲ့ မလိမ်ညာချင်တော့။ ကိုကိုဘုန်းလက်ျာနဲ့ ဆွေးနွေးမယ်။ ဖွဲ့ မှားတဲ့အကြောင်းတွေ တောင်းပန်မယ်။ ဖွဲ့ အပြင်သို့ ပြန်ထွက်လာခဲ့သည်။

"အန်တီညဏ်သာ ဖွဲ့ အပြင်ခဏထွက်ပါရစေ"

"သွားလေ...ဒီနေ့ကစပြီး နှောင်ဖွဲ့အိမ်ကို အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာ မချုပ်ချယ်တော့ဘူး၊ သွားနိုင်ပြီ”

အန်တီဉာဏ်သာက ဖွဲ့ကို ဘာဖြစ်လို့ မချုပ်ချယ်တော့တာလဲ။ စိတ်ကုန်သွားလို့လားဟင်။ ဖွဲ့ကို ကြိမ်းမောင်းရိုက်နှက်တစ်မျိုး အမျိုးမျိုး စည်းကမ်းတွေပေးနေခဲ့တဲ့ အန်တီဉာဏ်သာ ကိုယ်တိုင် ဖွဲ့ကို လွတ်လပ်ခွင့်ပေးနေလေသည်။

ဖွဲ့ ထွက်လာခဲ့ပေမယ့် ရင်ထဲမှာ လေးလံနေသည်။ ကိုဘုန်းလကျာ်ကို ဖွဲ့ တောင်းပန်မယ်။ နောင်တတွေရနေပါကိုကိုရယ်။ ဖွဲ့လိုကောင်မလေးကို လက်ထပ်ဖို့တောင်းဆိုဖွဲ့ကိုချစ်လို့၊ သံယောဇဉ်ကြီးလို့ဆိုတာ ဖွဲ့ နားလည်ပါပြီနော်မဆိုးတော့ပါဘူး။ စည်းကမ်းရှိရှိနဲ့ ကိုကို့အတွက် အလိုအပ်ဇနီးတစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်ပါ့မယ်။ ဖွဲ့ ကုမ္ပဏီရောက်တော့ ကိုကိုလကျာ်နှင့် မဟူရာတို့ တွဲ၍ စားသောက်ဆိုင်ဝင်သွားသည်။

“ကလေးမ ဘာလုပ်ရမှာလဲ၊ ပြန်စီးမှာလား”

“ကျသင့်ငွေ ရှင်းပေးပါ့မယ်နော်၊ ကျွန်မ ဒီမှာပဲ ဆင်းတော့မယ်”





“အေး...အေး”

ဖွဲ့ အငှားကားခပေးပြီး ထိုနေရာမှာပင် တွေဝေစွာ ရပ်နေမိလေသည်။ အထဲကို ဝင်လိုက်သွားရမလား။ ကိုကို လကျာ်က ဖွဲ့ကို မုန်းသွားပြီလားဟင်။ ဖွဲ့ ဒေါသတွေလည်း မဖြစ်ချင်တော့။ မမဟူရာက ကိုကိုလကျာ်အတွက် အသင့်တော်ဆုံး မိန်းမတစ်ယောက်ပဲလား။ နောက်ဆုံးတော့လည်း ဖွဲ့လို မိန်းကလေးတစ်ယောက်အပေါ် ကိုကိုက ဘယ်လိုမှ အထင်ကြီးနေနိုင်တော့မှာမဟုတ်ပါဘူး။

“ဖွဲ့”

“ဟင်...သန်”

“ဘာရပ်လုပ်နေတာလဲ၊ အထဲမှာ ကိုကိုလကျာ်တို့ အတွဲရှိနေတယ်၊ ဘယ်လိုလဲဖွဲ့ရယ် သန်တော့ နားမလည်နိုင်တော့ဘူး၊ ဖွဲ့ လာချောင်းတာလား”

“သန်...ဖွဲ့ကို ဒီနေရာနဲ့ အဝေးဆုံးနေရာကို ခေါ်သွားပေးပါ၊ ဖွဲ့ကို ဘာမှမပြောပါနဲ့တော့၊ ဖွဲ့ ဘာမှမကြားချင်ဘူး”

သန်ကားပေါ် တက်လိုက်ပြီး အဝေးဆုံးဆီပဲ မောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်းနေမိလေသည်။ ကိုကိုက မမဟူရာကိုပဲ ရွေးချယ်လိုက်
လား။ ဖွဲ့ကို မချစ်တော့ဘူးဆိုတဲ့သဘောပဲ။

"ဖွဲ့"

"ဟင်"

"ကမ္ဘာ့အပြင်ဘက်ရောက်တဲ့အထိ ကားကို မော
ပေးရမှာလား"

တကယ်တော့ ကိုဘုန်းလက်ျာတို့က လုပ်ငန်းကိစ္စ
တွေ့ဆုံနေကြတာ သဉ်သိနေသည်။ ဖွဲ့ကို မပြောပြဘဲ နှစ်ယော
တည်းရှိနေသလို ပြောခဲ့၏။ နှောင်ဖွဲ့အိမ်ရှယ် မင်းကတော့ သ
အတွက်ပဲ နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတဲ့ မိဘတွေရဲ့ တစ်
တည်းသော သမီးလေး နှောင်ဖွဲ့အိမ်က သာမန်အဆင့်လော
မဖြစ်နိုင်ပေ။ ကိုဘုန်းလက်ျာလို ယောက်ျားတစ်ယောက်ကသော
လက်ထပ်ဖို့ ရွေးချယ်ထားတာပဲ။

"ဖွဲ့"

"ဟင်"

"သဉ်တို့အိမ်ပဲ လိုက်ခဲ့တော့ကွာ"





"ဟင်"

သဉ်ကို ဖွဲ့ အထိတ်တလန့်နှင့် ကြည့်လိုက်မိသည်။ သဉ်
က်ခမ်းတွေက ပြုံးနေသည်။ မျက်ဝန်းတွေက အရောင်တွေ စိုလဲ့
တောက်ပလွန်းနေ၏။ မမဟူရာ ပြောသလို ဖွဲ့နှင့် အလိုက်ဖက်ဆုံး
ာ သဉ်လား။

"ညည်းလေးက ဟိုဘက်ခြံက သဉ်ဆိုတဲ့ကောင်လေး
ကိုပဲ ရွေးချယ်သင့်တယ်ဖွဲ့၊ ညည်းနဲ့ အလိုက်ဖက်ဆုံးပဲ"

ဟင့်အင်း သဉ်ကိုတော့ ဖွဲ့ ချစ်လို့မရပါဘူး။ ဘယ်တုန်း
ကမှလည်း မချစ်ခဲ့။ သူငယ်ချင်းမိတ်ဆွေ အဆင့်လောက်ပင် စိတ်ဝင်
စားခြင်းမရှိခဲ့။

"ဖွဲ့"

"ကားရပ်လိုက်ပါ သဉ်၊ ဖွဲ့ အိမ်ပဲပြန်တော့မယ်"

သဉ်က လူရှင်းတဲ့နေရာလေးတွင် ကားကို ရပ်လိုက်
သည်။ ဖွဲ့ မျက်နှာလေးကို စိုက်ကြည့်နေ၏။

"သဉ် ဖွဲ့ကိုချစ်တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ကိုဘုန်းလကျ်ာလို အရှိန်အဝါတွေ၊ စည်းတွေ ဘောင်တွေကြားမှာ စိတ်ကျဉ်းကြပ်ခံပြီး နေသွားမှာလားဖွဲ့ရယ်၊ သစ်ကိုပဲ ရွေးချယ်ပါလား၊ တို့တွေ ပျော်ရွှင်လွတ်လပ်တဲ့ ကမ္ဘာလေးတစ်ခု တည်ဆောက်ကြရအောင်လားကွာ"

"မဖြစ်ဘူး သစ်၊ ဖွဲ့ချစ်တာ ကိုကိုဘုန်းလကျ်ာပဲ၊ သစ်ကို မိတ်ဆွေသူငယ်ချင်းလိုပဲ ခင်တာပါ"

သစ်ကို ခပ်စိမ်းစိမ်းကြည့်ပြီး ဖွဲ့ ခပ်ပြတ်ပြတ်လေး ငြင်းပစ်လိုက်မိသည်။ ကိုကိုလကျ်ာနဲ့တော့ အဝေးမခံနိုင်ပါဘူး။ ဖွဲ့ ပြန်ရမယ်။ အန်တီဉာဏ်သာ့ စိတ်မပျက်အောင် စည်းကမ်းတကျ နေထိုင်တတ်တဲ့ အကျင့်စရိုက်တွေ ရလာအောင် ဖွဲ့ ကြိုးစားလေ့ကျင့်ရမယ်။ တကယ်တော့ စည်းကမ်းဆိုတာ လူ့တန်ဖိုးပါပဲ။

"သစ်...ဆောရီးပဲနော်၊ ဖွဲ့က ကိုကိုလကျ်ာနဲ့ပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားလိုက်ပါပြီ၊ ဖွဲ့ လိမ်လိမ်မာမာနေတော့မယ်၊ တကယ်တမ်း တွေးကြည့်တော့ ကိုကိုနဲ့ဖွဲ့က ငယ်ငယ်လေးထဲက အတူနေထိုင် ကြီးပြင်းပြီး သံယောဇဉ် တွယ်တာလာခဲ့ကြတာပါ"

ဖွဲ့ရဲ့ အကျင့်စရိုက်တွေ ဖွဲ့ နေထိုင်ပြုမူပုံတွေကအစ သိနေ





တဲ့ ကိုကိုဘုန်းလကျ်ာကပဲ ဖွဲ့ကို သည်းခံနားလည်ပေးပြီး သက်လုံး ပေါင်းသင်းသွားနိုင်မှာပါ။ ဖွဲ့ ကိုကိုလကျ်ာကိုပဲချစ် ယ်။ မခွဲနိုင်ပါဘူး။ မမဟူရာလက်ထဲကိုတော့ ကိုကိုလကျ်ာ ပါမခံနိုင်ပါဘူး။

"ဖွဲ့ ပြန်ရမယ်၊ ဒီနားမှာပဲ ဖွဲ့ ဆင်းတော့မယ်နော်"

ဖွဲ့က ဆင်းတော့မယ်ပြင်နေပြီး နောက်မှာလည်း ကိုကို န်းလကျ်ာနှင့် မမဟူရာတို့စီးလာတဲ့ ကားလေးက ကပ်လာနေ သည်။ သစ် သိထား၏။ ထိုကားလေး နီးလာ၍ ဖွဲ့ရဲ့ကိုယ်လုံး ကို သစ် ဆတ်ခနဲ ပွေ့ဖက်ထားလိုက်သည်။

"သစ် ဘာလုပ်တာလဲ၊ လွှတ်နော်"

"ဖွဲ့ကို အရမ်းချစ်တယ်၊ သစ် အရမ်းချစ်လို့ပါ၊ ဖွဲ့ကို နိုင်တော့လို့ပါ"

"လွှတ်နော် သစ်၊ နင့်ကိုမချစ်ဘူး၊ ဖွဲ့ချစ်တာ ကိုကိုပဲ တ်"

သစ် ရင်ခွင်ထဲမှ အတင်းအကြပ် ရုန်းကန်နေစဉ် ကား စီးက ကျွီခနဲ ထိုးရပ်လိုက်လေသည်။

www.burmeseclassic.com



"ကျွဲ"

ဖွဲ့ အထိတ်တလန့်နှင့် မော့ကြည့်လိုက်လေသည်။

❀ ❀



## အခန်း [၂၀]

"ကိုကို"

"လာစမ်း...နှောင်ဖွဲ့အိမ်၊ မင်းတော်တော်ဆိုးသွမ်းတဲ့ ကောင်မလေးပါလား၊ မေမေသာသိရင် အရမ်းစိတ်ဆိုးမှာပဲ"

သခ်ိရင်ခွင်ထဲကနေ ဖွဲ့လက်တွေကို ခပ်ကြမ်းကြမ်း ဆွဲထုတ်လိုက်သည်။ ဘေးမှာ မဟူရာ။ ဖွဲ့ ရှက်လိုက်တာ။ သရော်နေသော လှောင်ပြောင်ကဲ့ရဲ့ ရှုံ့ချနေသော မျက်ဝန်းတွေ။

"ကိုဘုန်းလကျာ် ဖွဲ့က ကျွန်တော့်ချစ်သူ၊ ခင်ဗျားကို မချစ်ဘူးတဲ့၊ ဖွဲ့ကို စိတ်သောကတွေရောက်အောင် မလုပ်ပါနဲ့"

"သခ်ိ ဘာတွေပြောနေတာလဲ၊ မဟုတ်ဘူး ကိုကို အဲဒီလို မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ မင်းပဲ အရမ်းစိတ်ညစ်လို့ ကမ္ဘာကြီးရဲ့အပြင်ဘက်အထိ ခေါ်သွားပေးပါဆို"

"ဟို…ဟို ဖွဲ့"

"လာစမ်း"

ဖွဲ့လက်ကို ဆွဲယူပြီး ကားထဲပစ်ထည့်လိုက်လေသည်။

"လက်ျာ စိတ်ကိုထိန်းစမ်းပါ၊ ဖွဲ့လေးစိတ်တွေ ညစ်နေပါ့သ်၊ ကလေးစိတ်ပဲရှိသေးတာလေ"

မမဟူရာရဲ့ အသံတွေကို ဖွဲ့ ခါးသီးနာကျင်စွာ ကြားနေသည်။ ရှင် ဟန်ဆောင်နေတာပဲ။ ကျွန်မနဲ့ စိန်ခေါ်ထားပြီး ကျွန်မက်ကနေ ဖေးမသလိုပြောနေတာ အပိုတွေပဲ။

"မဟူရာ ကားကိုမောင်းတော့၊ မြန်မြန်မောင်းကွာ"

သခ်ဆိုတဲ့ကောင်လေးရဲ့ ရင်ခွင်ထဲမှာ ဖွဲ့ကိုတွေ့လိုက်ရ၍ ချက်လုံးတွေ ပြာဝေသွားပြီး ဒေါသတွေ ပေါက်ကွဲသွားရလေသည်။ ဖွဲ့ကို မဟူရာက ပြလိုက်တာပါ။ လက်ျာလက်ထပ်မယ့် ကလေးကို ဒီလိုအခြေအနေမျိုး မဟူရာ တွေ့သွားတာ ဘယ်ာက်ရှက်စရာကောင်းလဲ။ လက်ျာရော မေမေရော ဂုဏ်သိက္ခာ





တစ်ပြားသားမှ မရှိတော့ဘူး။ အိမ်ရောက်တော့ ဖွဲ့လက်ကိုဆွဲယူပြီး အိမ်ထဲခေါ်သွင်းလာခဲ့သည်။

"မဟူရာ ပြန်တော့"

"မပြန်ဘူး၊ ဒီလိုအခြေအနေမှာ အန်တီဘာဖော်သာဘေးမှာ မဟူရာရှိနေသင့်တယ်လေ"

ဖွဲ့ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားပြီး ရင်ဆိုင်ဖို့ အဆင်သင့်ပြင်ထားလိုက်သည်။ ကိုကို ထင်ချင်သလို ထင်စမ်းပါ။ ကျွန်မ ကိုကို့ကို လက်မထပ်တော့ဘူး။ မဟူရာဆိုတဲ့ မိန်းမကြောင့်ပဲ ကျွန်မ ရှုံးချင်သလောက်ရှုံးပါစေတော့။ ကိုကိုနဲ့ ဘယ်တော့မှ လက်မထပ်တော့ဘူး။

"ဟဲ့…သား ဘာဖြစ်လာတာလဲ၊ နှောင်ဖွဲ့အိမ် ဘာဖြစ်လို့လဲဟင်"

လက်ျာကတော့ ဘယ်သူ့မှ ရှင်းပြမနေတော့ဘဲ ဖွဲ့ကို အခန်းထဲအထိ ဆွဲခေါ်လာခဲ့ပြီး သူမအိပ်ရာပေါ် ပစ်တင်လိုက်လေသည်။

"ပြောစမ်း…နှောင်ဖွဲ့အိမ်၊ မင်း အမှန်အတိုင်းပဲ သတ္တိ



www.burmeseclassic.com

www.burmeseclassic.com

ရှိရှိဖြေစမ်းပါ၊ ငါ့ကို မချစ်ဘူးမဟုတ်လား၊ မင်းက သခင်ဆိုတဲ့ ကောင်ကိုမှ ချစ်တာလား"

ဖွဲ့ မဖြေပေ။ ဘာဖြေစရာလိုလို့လဲ။ ဖွဲ့နဲ့ သခင် ဘာမှ မဆိုင်ဘူး။ ဘယ်တုန်းကမှလည်း သခင်ကို မချစ်ခဲ့ဘူး။ ဖွဲ့ချစ်တာ ကိုကိုပဲ။ ဖွဲ့နှလုံးသားတွေထဲမှာ ကိုကိုပဲရှိတယ်။ ကျွန်မသိထားရင် ပြီးတာပါပဲလေ။

"ဖြေလေ…သခင်လိုကောင်ကိုမှ မင်းက ရွေးချယ်တာလား၊ အထင်ကြီးတာလား"

ဖွဲ့ မဖြေတာကပင် လကျ်ာနှလုံးသားတွေကို ပိုမိုနာကျင်စူးရှစေလေသည်။ မင်းကို ငါအရမ်းပဲ ချစ်မြတ်နိုးပြီး သံယောဇဉ်ကြီးခဲ့ရတာကွ။ ငါ့ဘက်က အရှက်သိက္ခာတွေ စွန့်လွှတ်ပြီး မင်းကို လက်ထပ်ခွင့် တောင်းဆိုခဲ့တာလေ။

"မင်း…မင်း မဖြေနိုင်ဘူး မဟုတ်လား၊ မင်း ဝန်ခံနေတာမဟုတ်လား၊ မဟုတ်ပါဘူးလို့ ငြင်းလိုက်လေ နှောင်ဖွဲ့အိမ်၊ သခင်ကို မင်း မချစ်ပါဘူးလို့ဖြေလေ"

မဖြေဘူး။ ဖွဲ့ ဘယ်တော့မှမဖြေဘူး။ ကိုကို ဘယ်





လောက်အထိ အထင်လွဲမလဲ။ ဘယ်လောက်အထိ မုန်းမလဲ။ ကိုကို ရော အန်တီညဏ်သာပါ အလိုရှိနေတဲ့ နှစ်သက်သဘောကျနေတဲ့ မမဟူရာကိုပဲ ရွေးချယ်လိုက်ကြပါတော့။ ဖွဲ့ အံသွားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထားပစ်လိုက်လေသည်။

"ကောင်းပြီလေ…မင်းက သခင်ကို ရွေးချယ်မှတော့ ငါ နောက်ဆုတ်ပေးပါ့မယ်၊ တကယ်တော့ ငါ့ဘဝတစ်သက်တာ လက်တွဲဖော်အဖြစ် မင်းကို မရွေးချယ်သင့်ဘူး၊ ငါရွေးချယ်ရမှာက မဟူရာပဲ"

ဖွဲ့နှလုံးသားတွေကို ဆွဲကိုင်ဖျစ်ညှစ်လိုက်သလို နာကျင်မွန်းကြပ်သွားရလေသည်။ ယိုင်ခွေကျသွားတော့မတတ် ပုံစံမျက်ယွင်းလု ခန္ဓာကိုယ်လေး ထိန်းချုပ်တည့်မတ်ထားလိုက်၏။ ဟုတ်တယ်၊ ကိုကိုရွေးချယ်သင့်တာက မဟူရာပဲ။ ရွေးချယ်လိုက်ပါ။ ဖွဲ့ အရှုံးပေးလိုက်ပါပြီ။ ဖွဲ့ မျက်ဝန်းလေးတွေထဲမှာ ဝမ်းနည်းကြေကွဲမှုသင်္ကေတ မျက်ရည်တွေ ထွက်မလာစေရန် စိတ်ကို မာတင်းထားပစ်လိုက်သည်။ ဖွဲ့ မငိုဘူး။ ဟုတ်တယ်၊ ကျွန်မ ကိုကို့ကို မချစ်ဘူး။ မုန်းတယ်။ နာကြည်းတယ်။ ရွံတယ်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကို ဘယ်တော့မှ လက်မထပ်တော့ဘူး။

"မင်းကို မေမေ့လက်ထဲပဲ အပ်လိုက်မယ်၊ ငါ မင်းနဲ့ လက်ထပ်ဖို့ တောင်းဆိုမှုတွေကို ပြန်ရုပ်သိမ်းတယ်၊ မဟူရာကိုပဲ ငါလက်ထပ်မယ်၊ အမှန်တကယ် ငါရွေးချယ်ရမယ့် ဇနီးမယား ကောင်းက မဟူရာပဲဆိုတာ ငါသိလိုက်ပြီ၊ မင်းကို ငါ လက်မထပ် တော့ဘူး၊ ပတ်လည်း မပတ်သက်ချင်ဘူး၊ မင်းက ငါ့အချစ်တွေ ငါ့မေတ္တာတွေ၊ အကြင်နာတွေ၊ ငါ့နှလုံးသားတွေ၊ ငါ့ဘဝကြီးတစ်ခု လုံးကိုပါ စုတ်ပြတ်သတ်သွားအောင် စော်ကားချင်တဲ့ မိန်းမပဲ"

ဖွဲ့ကို နာနာကြည်းကြည်း ကြည့်၍ ကိုကိုဘုန်းလကျာ် ချာခနဲ လှည့်ထွက်သွားလေသည်။ ဖွဲ့ရင်ထဲမှာ ဟာခနဲ လစ်ဟာ သွားရပြီး နှလုံးသားတွေ ဖွဲ့ထုတ်သွားခြင်း ခံလိုက်သလို ဖြစ်သွား ရသည်။ ကျွန်မချစ်တာ ကိုကိုဘုန်းလကျာ်ပါ၊ ဖွဲ့အရမ်းပဲချစ်မိသွား ရတာပါ။ နောက်မှ ပြေးလိုက်ကာ အော်ဟစ်ပြောဆိုချင်မိ၏။ ဖွဲ့ ခြေလှမ်းတွေက မရွေ့။ ကိုကိုနဲ့ ဖွဲ့ လက်ထပ်လို့မဖြစ်ပါဘူး။ အန်တီဉာဏ်သာလည်း စိတ်သောကရောက်ရမယ်။ ကိုကိုဘုန်း လကျာ်လည်း ကျဆုံးရမှာပါ။ မမဟူရာကိုပဲ ရွေးချယ်ပါ။ အဲဒါ





အကောင်းဆုံးရွေးချယ်မှုပဲလေ။

"နှောင်ဖွဲ့အိမ်"

"ဟင်"

"ညည်းလေး တကယ်ပဲ ဒီလိုဖြစ်မှမျိုး ကျူးလွန်ခဲ့တာ လား"

ဖွဲ့ မဖြေပေ။ နှုတ်ခမ်းသားလေးတွေ လှုပ်ရှားလို့မရအောင် တုန်ရီလိုက်ခါနေလေသည်။ ရင်တွေကွဲအက်မတတ် နာကျင်နေရ၏။ ဖွဲ့ ငြင်းတော့ရော အန်တီဉာဏ်သာက ယုံကြည်ပေးမှာလား။ ဖွဲ့ဘက်က ရပ်တည်ပေးမှာလားလို့။

"ညည်း…ညည်း တော်တော်ရက်စက်တာပဲ နှောင်ဖွဲ့ အိမ်၊ တို့သားအမိအပေါ် ဒီလောက်အထိ အညိုးကြီးကြီးနဲ့ လုပ်ချ လိုက်တာလား"

နှောင်ဖွဲ့အိမ် ဘာမှဖြေရှင်းချက် မပေးလေ ဒေါ်ဉာဏ်သာ ယူကြုံးမရဖြစ်နေရလေသည်။ တကယ်တမ်း သေသေချာချာ စဉ်းစားကြည့်တော့ မိမိသားနဲ့ လက်ထပ်စေလိုတာက နှောင်ဖွဲ့အိမ် ပဲ ဖြစ်နေရ၏။ မိမိမျက်စိအောက်တွင် ကြီးပြင်းလာပြီး သားချစ်



www.burmeseclassic.com

www.burmeseclassic.com



သလို သံယောဇဉ်ကြီးသလို မိမိလည်းချစ်မြတ်နိုးပြီး သံယောဇဉ်ကြီးခဲ့ရတာပါပဲ။

"ငါ့သားက ညည်းလေးကို အရမ်းပဲချစ်မြတ်နိုးခဲ့တာ ညည်းသိရဲ့လားဟင်၊ တော်ရုံအချစ်တွေနဲ့ ညည်းကို လက်ထပ်ခွင့်တောင်းခဲ့တာမှ မဟုတ်တာပဲ"

ဖွဲ့ ငယ်ငယ်လေးထဲက အန်တီဉာဏ်သာ ရိုက်နှက်ကြိမ်းမောင်းဆူပွက်နေလျှင် မျက်ရည်တစ်စက်မှ မကျဘဲ ပေ၍တင်းခံနေတတ်လေသည်။ အရွဲ့တိုက်ပြီး ပို၍မာကျောပြတတ်ခဲ့၏။ အခုလည်း ဖြေရှင်းချက်မပေးချင်တော့၍ ပေပြီးငြိမ်သက်နေလေသည်။

"သခ်လိုကောင်လေးမျိုးနဲ့တော့ ညည်း လက်ထပ်တာ ကျုပ်သဘောမတူနိုင်ဘူး၊ ညည်းအမေနဲ့ အခေါ်ဆီ အကြောင်းကြားပေးမယ်၊ အခုအတောအတွင်းတော့ ညည်း အိမ်ထဲကအိမ်ပြင် မထွက်ရဘူး၊ ကျုပ် ထိန်းချုပ်ထားရလိမ့်မယ်၊ ညည်း မိဘအုပ်ထိန်းသူတွေရောက်လာမှ ညည်းသဘောဆန္ဒတွေအတိုင်း လုပ်ပါ နောင်ဖွဲ့အိမ်၊ ညည်းလေးကို ဆုံးမသွန်သင်နိုင်ခြင်း မရှိတာ ကျုပ်ရဲ့ ညံ့ဖျင်းမှုပဲ"





အန်တီဉာဏ်သာ ပြန်ထွက်သွားချိန်တွင် သွားလေးတွေ ကြိတ်ထားသော ဖွဲ့နှုတ်ခမ်းသားလေးတွေဆီမှ သွေးတွေပင် ပေါက်ထွက်စီးကျလာရသည်။ မျက်ဝန်းတွေထဲက မျက်ရည်တွေ သိမ့်ဆင်းကျလာရ၏။ မေမေသာ သိသွားရင်တော့ ဖွဲ့ကို ဘယ်လို နည်းနှင့်မှ ခွင့်လွှတ်မှာမဟုတ်ပေ။ ကိုကို ကျွန်မကို စိတ်သောက တွေရောက်အောင် ဘာဖြစ်လို့ ကျွန်မကိုမှရွေးပြီး လက်ထပ်ခွင့် တောင်းခဲ့ရတာလဲဟင်။

"နောင်ဖွဲ့အိမ်"

"ဟင်"

သူမအခန်းဝမှာ မမဟူရာ လာပြီးရပ်နေလေသည်။ မုန်းတီး ရွံရှာစရာကောင်းတဲ့ အပြုံးတွေနှင့် ကြည့်နေတာပဲဖြစ်၏။

"ရှင်ကြီး ကျွန်မရှေ့ကနေ ထွက်သွားပါ၊ ကျွန်မဒေါသ တွေ မပေါက်ကွဲခင် ထွက်သွားနော်"

"ထွက်သွားမှာပါ၊ အရမ်းမအော်စမ်းပါနဲ့ နောင်ဖွဲ့အိမ် ရှင်းစိုင်းကြမ်းတမ်းတဲ့ မိန်းမတစ်ယောက်လို့ လက်ျာနဲ့ အန်တီဉာဏ် သာက ထပ်ပြီးသတ်မှတ်ကြဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ရှင်"

"ညည်းရှုံးပြီနော်၊ ကျုပ်နိုင်တယ်၊ စိန်ခေါ်ထားကြတာ အနိုင်အရှုံးက သိသာနေပြီလေ"

"ထွက်သွား…ရှင်စုချက်ချင်း ထွက်သွားပါ"

"ညည်းလေး ရှုံးတဲ့အကြောင်း လာပြောပြတာပါ၊ သိက္ခာ ရှိရှိ နောက်ဆုတ်လိုက်တော့၊ ညည်း သခ်ကိုပဲ ရွေးချယ်လိုက်ပါ"

"သွား…ထွက်သွား၊ ရှင့်မျက်နှာကို မမြင်ချင်ဘူး၊ ရှင့် အသံကို မကြားချင်ဘူး"

အခန်းဝတွင် အပြုံးတွေနှင့်ရပ်နေသေး၍ ဖွဲ့ ဒေါသတွေ က ပေါက်ကွဲလွင့်စင်ထွက်သွားရလေသည်။

"ဝုန်း"

"ဒိုင်း"

"ဝုန်း"

"ဂျလွမ်…လွမ်"

"ဖွဲ့လေး…ဖွဲ့လေးရယ် စိတ်ကိုထိန်းစမ်းပါ၊ အန်တီ ဉာဏ်သာ နေမကောင်းဘူး၊ မဟူရာ လာပြီးတောင်းပန်တာပါ





စိတ်ကိုထိန်းပါ ညီမလေးရယ်"

အန်တီဉာဏ်သာက မဟူရာအား လာရောက်ဆွဲခေါ် သွားလေသည်။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး စကားတွေအမျိုးမျိုး လေသံအမျိုးမျိုး ပြောင်းလဲနေသော မဟူရာကို ဖွဲ့ သတ်ပစ်ချင် လောက်အောင် မုန်းတီးရွံရှာနေရ၏။ ဒီအိမ်ကြီးထဲကနေ ဖွဲ့ထွက် သွားတာ အကောင်းဆုံးပဲ။ မေမေနှင့် တီလေးကိုလည်း ဖွဲ့ မျက်နှာ ချင်း မဆိုင်လိုတော့ပေ။

"ဒီကောင်မလေးကို ဘယ်လိုမှ ဖျောင်းဖျဖို့ မကြိုးစားပါ နဲ့တော့ သမီးရယ်၊ အန်တီဉာဏ်သာ လက်မြှောက်အရှုံးပေးလိုက် ပါပြီ၊ သူ့ကံကြမ္မာကို သူကိုယ်တိုင်ပဲ ဆုံးဖြတ်ပါစေလေ"

မမဟူရာကို ပြောလိုက်တဲ့ အန်တီဉာဏ်သာ့ စကားတွေ က ဖွဲ့နှလုံးသားတွေကို လှိုင်းတံပိုးများသဖွယ် လာရိုက်ခတ်လေ သည်။ ဖွဲ့ အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်ပြီး အထဲမှ သော့ခ်ချပစ်လိုက်သည်။ ဖွဲ့ကို ဘယ်သူမှလာပြီး မနှောင့်ယှက်ကြ ပါနဲ့တော့။ ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး။

"အဟင့်…ဟင့်…ဟင့်၊ ဟီး…ဟီး"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကို လက်ဝါးနှင့်အုပ်ကာ ဖွဲ့တစ်ယောက်တည်း ကြေကြေကွဲကွဲလေး ငိုပစ်လိုက်မိလေသည်။



## အခန်း [၂၁]

"သခ် နင်တော်တော်အသုံးမကျတာပဲ၊ ဒီကောင်မလေးကို အရယူလိုက်ရမှာလေ"

"မမညွှန်ကြားသလို သခ် သရုပ်ဆောင်တာ ပီပြင်ရဲ့လား"

"အင်း"

မဟူရာ နှုတ်ခမ်းသားလေးတွေက တင်းတင်းလေး စေ့နေလေသည်။ ဖွဲ့ မရှုံးသေးဘူး။ လက်ဂျာက တိကျပြတ်သားတဲ့ ဆုံးဖြတ်ချက်မှ မချသေးတာပဲ။

"သခ်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဖွဲ့ကိုရအောင်ယူ၊ လက်ထပ်ဖြစ်အောင် ကြိုးစားပါ"

"စိတ်ချပါမမရာ…မေမေကလည်း အရမ်းကိုလက်ထပ်စေချင်တာ၊ မေမေ့အကြွေးတွေ ရှင်းဖို့လေ"

မဟူရာနှင့် သခ်က အရင်းနှီးဆုံးမိတ်ဆွေတွေပါပဲ။ အန်တီလူစီနှင့်လည်း ရင်းနှီး၏။ အဲဒါကို အန်တီဉာဏ်သာရော လက်ျာရော မသိကြ။ မဟူရာဆီကနေ ငွေတွေလည်း ချေးထားသည်။

"အဲဒီကောင်မလေးကို ကားတင်ပြေး၊ တရားဝင်လက်ထပ်နိုင်အောင်ကြိုးစား၊ ပြီးတော့ နောင်ဖွဲ့အိမ်ပိုင်ဆိုင်သမျှ အပိုင်သိမ်း၊ မမကတော့ ဘုန်းလက်ျာဆိုတဲ့ လုပ်ငန်းရှင်ကြီးကို အပိုင်သိမ်းရမယ်၊ ဒီပွဲမှာ မမလုံးဝအရှုံးမခံနိုင်ဘူး၊ အနှစ်နှစ်အလလစီမံကိန်းချပြီး ကြံစည်လာခဲ့ရတာလေ မမနိုင်မှဖြစ်မယ်"

"စိတ်ချပါ မမ၊ လုံးဝမရှုံးစေရပါဘူး၊ သခ် မပိုင်ရင်မလုပ်ဘူး၊ နောင်ဖွဲ့အိမ်လို ငွေကြေးချမ်းသာကြွယ်ဝတဲ့ တစ်ဦးတည်းသောသမီးလေးကို သခ် အပိုင်သိမ်းရမှာပဲပေါ့"

"အမြန်ဆုံးလုပ်တော့ သခ်၊ လက်ျာက ဒီကောင်မလေးကို အရူးအမူးချစ်နေတယ်၊ မမကို လက်ထပ်ပါ့မယ်လို့ အတိ





အလင်းမပြောသေးဘူး"

"မမကလည်း ကိုကိုလက်ျာက မျက်နှာပူနေလို့ ချက်ချင်းမပြောတာဖြစ်မှာပေါ့၊ ယောက္ခမလောင်းကြီးကို ပိုင်တယ်မဟုတ်လား၊ တောင်းဆိုလိုက်တော့လေ"

"ဒီအဘွားကြီးကိုယ်တိုင်က အဲဒီဂြိုဟ်မလေး နောင်ဖွဲ့အိမ်အပေါ် သံယောဇဉ်ကြီးနေတာဟ၊ မမသိတယ် ဘယ်လောက်ဆေါသဖြစ်ဖို့ကောင်းလဲ"

"သခ်တာဝန်ထားစမ်းပါ၊ နောင်ဖွဲ့အိမ်က သခ်မိန်းမပဲဖြစ်စေရမယ်၊ ဟား…ဟား…ဟား"

"အမြန်ဆုံးလုပ်လေ သခ်၊ မမ စိတ်မရှည်တော့ဘူးကွာ၊ လက်ျာကို အပိုင်သိမ်းချင်ပြီ"

လက်ျာကို လက်လွှတ်ဆုံးရှုံးရမှာကို မဟူရာ မလိုလားနိုင်ပေ။ လက်ျာတို့ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို မဟူရာ အသိဆုံးပဲ။ မဟူရာလုပ်ငန်းတွေက အောင်မြင်ပေမယ့် ဒက်ဒီသုံးဖြုန်းလို့ ကုန်နေပြီပဲ။ အန်တီလူစီနဲ့ ဒက်ဒီက ခပ်ရှုပ်ရှုပ်နှင့် လောင်းကစားဝိုင်းတွေမှာ ကုန်နေကြတာပဲ။ မဟူရာ ဗိုင်းကောင်းကျော်ကဖိ မိန်း



www.burmeseclassic.com

တစ်ယောက်လို ဟန်ဆောင်နေရတာ မောပန်းနေသည်။ အကျိုး အမြတ်မရှိလို့တော့ မဖြစ်ပါဘူး။

"ငါ ရင်းနှီးမြှုပ်နှံထားခဲ့ရတဲ့ အချိန်တွေ အများကြီးပဲ ပေးဆပ်ခဲ့ရတာတွေလည်း ရှိသေးတယ်၊ အကျိုးအမြတ်ဏ ဘုန်းလကျာ်နဲ့ လက်ထပ်ခွင့်ပဲ၊ နှောင်ဖွဲ့အိမ်ကြောင့် ငါ့အိပ်မက်တွေ ပျက်ရမလား"

စည်းစနစ်ကြီးတဲ့ အန်တီဥဏ်သာနဲ့ ဘုန်းလကျာ်တို့နှင့် ခင်မင်ရင်းနှီးကျွမ်းဝင်အောင် လုပ်ရတာ လွယ်တာမှတ်လို့။ ညည်းလေးက ကျုပ်ပါးစပ်နားရောက်လာတဲ့ ထမင်းလုပ်ကို ပုတ် ထုတ်တာပဲ။

"သခ်"

"ပြောပါ မမ"

"ရှော…ငွေ မနက်ဖြန်ပဲ နှောင်ဖွဲ့အိမ်ကို မင်းလက်ထဲ နိုင်အောင် ကြိုးစားပါ"

"အိုကေ"

မဟူရာ တိတ်တဆိတ်လေး ပြန်သွားလေသည်။ ဒီခြံ





ကြီးကို မငှားခင်က မဟူရာတို့နဲ့ သခ်တို့ ခြံချင်းကပ်နေတာပေါ့၊ သူတော်ချင်းချင်း သတင်းလွှေလွှေ ပေါင်းဖက်မိကြသည်။ ကိုကို ဘုန်းလကျာ်နှင့်လည်း မမတို့က ကျောင်းနေဖက်သူငယ်ချင်းတွေ။ ကိုဘုန်းလကျာ်နှင့် ခင်မင်ရင်းနှီးကျွမ်းဝင်ဖို့ မဟူရာ နှစ်လကြာ ရှည်စွာ ဟန်ဆောင်ထိန်းချုပ်နေလာခဲ့ရသည်။

"မမ ဘယ်လိုမှ မရှုံးစေရပါဘူး၊ နှောင်ဖွဲ့အိမ်ကို သခ် သိမ်းပိုက်တော့မှာပါ"

သခ် ကြိမ်းဝါးရင်း ဖွဲ့ဆီ ဖုန်းဆက်လိုက်လေသည်။

"ဖွဲ့"

"ဟင်"

"ကိုယ်တောင်းပန်မလို့"

"မလိုပါဘူး သခ်"

"ဖွဲ့အတွက်ပါ၊ ကိုကိုလကျာ်က အစောကြီးထဲက ဟို အမျိုးသမီးနဲ့ ငြိစွန်းနေတာကွ၊ ဖွဲ့ကို ဘာဖြစ်လို့ လက်ထပ်ခွင့် တောင်းလဲဆိုတာ မသိဘူး၊ မဟူရာက အရှမ်းချမ်းသာတယ်ဆိုပဲ၊ အန်တီဥဏ်သာက အပိုင်ဖမ်းချင်နေတာလေ၊ သခ် အကုန်သိတာ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

ဘာပဲဖြစ်ဖြစ် သခ် ဒီလိုပြောတာ ဖွဲ့ဘက်ကနာပြီး ပြောတာဟုပဲ ဖွဲ့ တွေးမိနေလေသည်။ အန်တီဉာဏ်သာက ဖွဲ့ကို အကွက်ဆင်နေတာလား၊ သဘောတူချင်ယောင် ဆောင်ပြီး ပွဲပျက်အောင်လုပ်ပစ်လိုက်တာပဲ။

''ဖွဲ့''

''ဟင်''

''အပြင်ထွက်ခဲ့ကွာ''

''မရဘူး''

''သခ်ရင်ထဲမှာ ပြောစရာတွေ အများကြီးပဲ၊ ခဏလေး လစ်ထွက်ခဲ့ပါလား၊ သခ်စောင့်နေမယ်''

''ဟင့်အင်း''

ဖွဲ့ တစ်နေ့လုံး အခန်းထဲမှာပဲ နေရလေသည်။ စားစရာတွေ လာပို့၏။ မေမေနဲ့ အန်တီလေး ပြန်ရောက်မှ အပြင်ထွက်ခွင့်ပေးမယ်တဲ့။ ဖွဲ့ကလည်း မထွက်ချင်ပါဘူး။ ကိုကိုနှင့်လည်း မတွေ့ပေ။ မမဟူရာ့အသံတော့ ကြားနေရသည်။





''ဖွဲ့ကို အပြစ်တွေပုံချပြီး သူဌေးသမီး မဟူရာနဲ့ပဲ လက်ထပ်ပေးမှာ''

''ဆက်မပြောပါနဲ့ သခ်၊ ဖွဲ့ ဘာမှမကြားချင်ဘူး၊ ကိုကို့ ကိုလည်း ဖွဲ့ လက်မထပ်တော့ပါဘူး၊ သခ် နောက်မှတွေ့မယ်နော်''

''ဖွဲ့''

ဖွဲ့ စိတ်ရှုပ်ထွေးလွန်း၍ ဖုန်းကိုပိတ်ပစ်လိုက်လေသည်။ သခ်ရယ် ဖွဲ့နှလုံးသားတွေထဲမှာ ကိုကိုပဲရှိနေပါတယ်။ ကိုကို့ကို ဖွဲ့ ချစ်နေတယ်။ မျှော်လင့်ချက်နဲ့နဲ့လေးနဲ့ ဖွဲ့ လိမ္မာပြချင်တယ်။ ကိုကိုလက်ျာရဲ့စိတ်တွေ ဖွဲ့ဆီပြန်လည်လာမလားလို့လေ။ ဟင့်အင်း ဖွဲ့မှာ မာနရှိတယ်။ ယောကျ်ားတစ်ယောက်က လိုလိုလားလားနဲ့ လက်ထပ်ဖို့ တောင်းဆိုတာပဲ ခံယူချင်ပါတယ်။

''နှောင်ဖွဲ့အိမ်''

''ဟင်''

''မင်းလက်ကိုင်ဖုန်းကို ပေးထားပါ''

''ယူပါ၊ ဒီဖုန်းက ကျွန်မဝယ်ထားတာမှ မဟုတ်တာပဲ ပြန်ယူထားလိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com

အန်တီဉာဏ်သာ နောက်မှ မဟူရာ ကပ်ပါလာ၍ ဖွဲ့ ရင်ထဲမှာ နာကြည်းသွားရလေသည်။ ဖွဲ့ ဒီအိမ်ကြီးထဲကနေ ထွက်သွားလိုက်ရင် ကောင်းမလား။ လိမ်လိမ်မာမာနေပြချင်တာတောင်မှ မဟူရာအသံကြားသည်နှင့် ဖွဲ့ ဒေါသတွေ ပေါက်ကွဲပြီး ရန်တွေ့ပစ်ချင်လာရသည်။

"သခ်ဆိုတဲ့ကောင်လေးနဲ့ အဆက်အသွယ်လုပ်နေတာ မဟုတ်လား၊ ညည်းကပြောလေကဲလေပါလား နှောင်ဖွဲ့အိမ်"

"သခ် ဆက်တာပါ"

"ညည်းကို မဆက်သွယ်ရဘူးလို့ ပြောထားတာပဲ နားထောင်မှပေါ့ နှောင်ဖွဲ့အိမ်"

"ဟုတ်ပါတယ် ညီမလေးရယ် သခ်က နာမည်ကောင်း မရှိဘူးနော်၊ မဆက်သွယ်ပါနဲ့"

မမဟူရာက မဆက်သွယ်ပါနဲ့ဟု ပြောကာမှ ဖွဲ့က အရွဲ့တိုက်ပြီး ဆက်သွယ်ချင်လာမိသည်။ ဖွဲ့ နှုတ်ခမ်းလေးက ရှုတင်းနေ၏။ မဆီမဆိုင် ဝင်ပြောနေသော မဟူရာအား ဖွဲ့ မုန်းတီးလာရသည်။





"မဟူရာ…သမီး ဒီကောင်မလေးနဲ့ကင်းအောင် နေဝါကွယ်၊ အရမ်းရန်လိုတတ်တဲ့ မိန်းကလေးပဲ၊ နောက်တစ်ပတ်ဆို သူ့အမေနဲ့အဒေါ် ပြန်လာတော့မှာပါ၊ ပြဿနာက ရှင်းလုပါပြီလေ"

မေမေနဲ့တီလေးကို အကြောင်းကြားထားပြီးပြီပဲ။ အဲဒီကိစ္စကို ဖွဲ့ ဘယ်လိုရှင်းရမှန်းပင် မသိတော့။ သခ် ပြောသလိုပဲ အပြစ်တွေအားလုံး ဖွဲ့တစ်ယောက်တည်းပဲ ခံယူရမှာပါ။

"အန်တီဉာဏ်သာရယ် ဖွဲ့လေးကို အရမ်းမချုပ်ချယ်ပါနဲ့နော်၊ မဟူရာတောင်းပန်ပါတယ်"

အန်တီဉာဏ်သာရှေ့မှာ မဟူရာ သဘောကောင်းချင်ယောင် ဆောင်ထားရလေသည်။ နှောင်ဖွဲ့အိမ်ကို သခ်လက်ထဲ ရောက်သွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာပဲ မဟူရာ စဉ်းစားနေမိတာပါ။

"အန်တီဉာဏ်သာ"

"ဟင်"

"ကြားထဲကနေ အားလုံးစိတ်ချမ်းသာအောင် တောင်းဆိုမှုတစ်ခုလောက် တောင်းဆိုချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ပြောလေမဟူရာ၊ အန်တီဉာဏ်သာက မင်းရဲ့ အကြံပြုချက်တွေက အဓိပ္ပာယ်အပြည့်အဝရှိပြီး လက်ခံသင့်တယ်လို့ အန်တီဉာဏ်သာယူဆထားပါတယ်၊ ပြောလေ"

"လက်ျာကို နှောင်ဖွဲ့အိမ်နဲ့ လက်ထပ်ပေးလို့ မဖြစ်နိုင်ဘူးထင်လို့ပါ"

"အဲဒါတော့ သားပဲဆုံးဖြတ်ပါလိမ့်မယ်ကွယ်"

"အန်တီဉာဏ်သာပဲ ဆုံးဖြတ်လိုက်ပါ၊ လက်ျာက သူ တောင်းဆိုထားတဲ့ ကိစ္စဆိုတော့ လက်ျာ အငြင်းရခက်နေမှာပေါ့ အန်တီဉာဏ်သာ"

"အင်း…ဒါပေမယ့် သားပဲဆုံးဖြတ်ပါစေလေ၊ အန်တီဉာဏ်သာလည်း မဖျက်ချင်ဘူး၊ အစိက သားဆုံးဖြတ်ရမယ့်ကိစ္စပဲလေ"

ရှင်ကြီးကိုယ်တိုင်က သဘောတူနေတာ မဟုတ်လား ဒေါ်ဉာဏ်သာ။

"လက်ျာစိတ်ညစ်နေရတော့မှာလား၊ နှောင်ဖွဲ့အိမ်လေးက သိပ်ငယ်လွန်းပါတယ်၊ လက်ျာရဲ့ဘဝခရီးတစ်လျှောက်လုံး စိတ်





သောကတွေနဲ့ လုံးထွေးနေရတော့မှာ မဟူရာ အရမ်းပဲစိတ်ပူနေတယ်"

"အန်တီကတော့ မဆုံးဖြတ်ချင်ဘူး မဟူရာရယ်၊ သား ဆန္ဒပါပဲ၊ သူချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်မှ ဘယ်လိုအခက်အခဲ ဒုက္ခတွေပဲတွေ့တွေ့ သားရင်ဆိုင်ဖြတ်သန်းနိုင်မှာပဲလေ"

ဒေါ်ဉာဏ်သာဘက်မှ ခေါင်းရှောင်လိုက်သဖြင့် မဟူရာ အတော်လေး စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။ လက်ျာရဲ့ ဆန္ဒကဘာလဲ။ ဘာ့ဖြစ်လို့ နှောင်ဖွဲ့အိမ်နဲ့ လက်မထပ်နိုင်တော့ဘူးလို့ ပြတ်ပြတ်သားသား မပြောနိုင်ရတာလဲ။ မဟူရာ သိသလောက် လက်ျာကိုယ်တိုင်က နှောင်ဖွဲ့အိမ်အပေါ် သံယောဇဉ်မပြတ်နိုင်သေးတာပါ။

"မဟူရာ"

"ရှင်"

"သမီးကို အားနာပါတယ်ကွယ်၊ သားနဲ့ နှောင်ဖွဲ့အိမ်ကိစ္စ မပြီးပြတ်သရွေ့ အန်တီဉာဏ်သာတို့အိမ် မလာစေချင်သေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နှောင်ဖွဲ့အိမ် မကျေမနပ်နဲ့ လျှောက်ရမ်းမှာစိုးလို့ပါကွယ်''

အန်တီဥာဏ်သာကိုယ်တိုင်က နှောင်ဖွဲ့အိမ်ဘက် လိုက်ချင်နေသည်။ မဟူရာ ဒေါသတွေဖြစ်ရ၏။ မကျေမနပ်ဖြစ်ရသည်။ နှောင်ဖွဲ့အိမ် ညည်း သခ်နဲ့ ဘာဖြစ်လို့ မယူရတာလဲ။ သခ်နင်လည်း အရမ်းညံ့ဖျင်းတယ်။

နှောင်ဖွဲ့အိမ်ကိုပဲ အမြန်ဆုံး သခ်နဲ့ လက်ထပ်ယူဖြစ်အောင် ကြံစည်ရမယ်။ လက်ျာကို ဘယ်လိုနည်းနှင့်မှ လက်လွှတ်မခံနိုင်ဘူး။ မဟူရာ မကျေမနပ်နှင့် လက်ျာနှင့်ပင် မတွေ့ရတော့ဘဲ ပြန်လာခဲ့လေသည်။



## အခန်း [၂၂]

ဘုန်းလက်ျာကတော့ ဖွဲ့ကို ဘယ်လိုမှမေ့ပစ်လို့မရတဲ့အပြင် သခ်နှင့်လည်း ဘယ်လိုမှ စိတ်မချနိုင်အောင် ဖြစ်နေရလေသည်။ သခ်တို့သားအမိက လူကောင်းတွေမဟုတ်ဘူး။ ဖွဲ့ မင်းတော်တော်ဆိုးတာပဲ။ သခ်လိုကောင်မျိုးနဲ့မှ ဖြစ်ရတယ်လို့ကွာ။ စိတ်မချဘူး။ ကိုကို့အချစ်တွေကို ဘာဖြစ်လို့များ အသိအမှတ်မပြုရတာလည်း ဖွဲ့ရယ်။ ဘုန်းလက်ျာတစ်ယောက်တည်း အလိုမကျသလိုနှင့် ဒေါသတွေ ဖြစ်နေရလေသည်။

''သား''

''မေမေ''

''မင်းဘယ်လိုဆုံးဖြတ်မလဲ၊ ကန့်ကော်တို့ပြန်လာတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒီရောက်မှပဲ မေမေ အခြေအနေကို ပြောပြမယ်၊ သားဘက်ကပဲ ဆုံးဖြတ်ပါ''

''သားဘယ်လိုဆုံးဖြတ်ရမလဲ မေမေ''

''မေမေကတော့ သားသဘောပါပဲလေ၊ နှောင်ဖွဲ့အိမ်လေးကလည်း မေမေ့သမီးလေးပါပဲ၊ ဒါပေမယ့် သားရှေ့ရေးအတွက် သားပဲဆုံးဖြတ်ပါ''

လက်ျာ ဘယ်လိုဆုံးဖြတ်ရမလဲ။ ဖွဲ့ကို လက်လွှတ်ဆုံးရှုံးဖို့ သူ့ဘက်မှ လုံးဝလက်မခံနိုင်ပေ။

''မေမေ''

''ပြောလေ သား''

''သခ်နဲ့တော့''

''ဒီကောင်မလေးဘက်ကတော့ သခ်နဲ့ချစ်သူတွေဖြစ်နေတယ်ဆိုတာကို ငြင်းမှမငြင်းတာပဲ''

''ဖွဲ့ကို သားမေးမယ်''

''ကောင်းတယ်သား၊ ဖွဲ့လေးနဲ့ နောက်ဆုံးအနေနဲ့ မင်းကိုယ်တိုင် ညှိနှိုင်းမေးမြန်းပါ၊ မေမေတို့က တာဝန်ရှိသလောက်





တော့ လိုက်လျှောပေးရမှာပဲ''

မေမေ့ဆီမှာ ဒီလိုသဘောထားမျိုးရှိနေတာ လက်ျာတော့နှပ်ဝမ်းသာမိလေသည်။ မေမေ လက်မခံမှာပဲ လက်ျာ စိတ်ပူနေရတာပါ။

''သား''

''ဗျာ...မေမေ''

''မဟူရာကိုရော''

''မဟူရာကိုတော့ သား မိတ်ဆွေသူငယ်ချင်းတစ်ယောက်သိုပဲ ခံစားလို့ရတယ် မေမေ''

''ဖွဲ့ကိုတော့ သိပ်ပြီးအလိုလိုက် အလျှော့ပေးလို့မရဘူးနော်၊ ကန့်ကော်တို့ ပြန်ရောက်လာမှပဲ မေမေ စိတ်အေးရမှာပါ''

ဖွဲ့လေးကို သခ်နဲ့တော့ ဘယ်နည်းနှင့်မှ သဘောမတူနိုင်ပေ။ ဖွဲ့ ဒုက္ခရောက်မှာပဲ။ ကန့်ကော် လက်ထဲအပ်ရမယ်။ စိတ်ပူသိုက်တာနော်၊ နှောင်ဖွဲ့အိမ် ညည်းတော်တော်လေး ဒုက္ခပေးတဲ့ကောင်မလေးပဲ။ မဟူရာကို ရွေးချယ်သင့်ပေမယ့် ဒေါ်ဉာဏ်သာသောက်ခံချက်မပေးလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးအနေနဲ့ သားဘက်က အလျှော့ပေး ဆွေးနွေးလိုက်ပါသားရယ်"

လက်ျာစိတ်တွေကို လျှော့ပစ်လိုက်ပြီး ဖွဲ့နှင့်ဆွေးနွေးဖြေမင်းကို မမေ့ပစ်နိုင်ဘူးကွာ။ သခ်လိုကောင်လေးတစ်ယောက်အလွယ်တကူ မထည့်လိုက်နိုင်ပါဘူး။ မဟူရာကို ရွေးချယ်ဖို့အစဉ်းစားလိုက်ပေမယ့် တကယ်တမ်းကျတော့ ဖွဲ့ကို မစွန့်ပစ်နိုင်မဟူရာကိုလည်း တိကျတဲ့အဖြေတစ်ခု မပေးနိုင်ခဲ့။ စိတ်ကိုလျှော့ပြီး ဖွဲ့နှင့် ဆွေးနွေးကြည့်ရန် ဖွဲ့အခန်းဆီ လာခဲ့မိသည်။

"သခ် ပြောလေ၊ ဖွဲ့ကို ပြောစရာရှိလို့ဆို"

ဖွဲ့အသံကို ကြားရသည်။ သခ်နဲ့ စကားပြောနေတာလား။ မေမေပြောတော့ ဖွဲ့ဆီက ဖုန်းကို သိမ်းထားပြီးပြီတဲ့။

"သခ်နဲ့ပဲ ဖွဲ့ လက်ထပ်မှာပါ၊ ဘုန်းလက်ျာဆိုတဲ့လူဖွဲ့ ဘယ်တော့မှ လက်မထပ်ဘူး၊ မုန်းတယ်၊ အရမ်းမုန်းတာ"

ဖွဲ့ အော်ဟစ်ပြောလိုက်တဲ့ အသံတွေက လက်ျာ ခြေလှမ်းတွေကို ရပ်တန့်သွားစေလေသည်။ ရင်ထဲမှာ နာကျင်မွန်းကြပ်သွားရ၏။ သခ်ကို မင်းက ဒီလောက်အထိ နှစ်သက်နေရလား။





"ကိုကိုလက်ျာကို မုန်းတယ်၊ မပြောပါနဲ့ သခ်၊ ဖွဲ့ကြားချင်ဘူး"

"ဒေါက်…ဒေါက် နှောင်ဖွဲ့အိမ် တံခါးဖွင့်စမ်း"

"ဟင်"

ကိုကိုဘုန်းလက်ျာ သူမဆီလာနေတဲ့ ခြေသံကြား၍ ဖွဲ့ဘမင် သခ်နဲ့ ဖုန်းပြောချင်ယောင်ဆောင်လိုက်ခြင်းပင်။ ဖွဲ့ သိပါတယ်။ ကိုကိုလာမယ်ဆိုတာ ကိုကိုနဲ့ပတ်သက်ပြီး ဘယ်လောက်အထိ စိတ်ဝင်စားလည်းဆိုရင် ကိုကို့ခြေသံ တလှပ်လှပ်လေးကအစ ဖွဲ့ မှတ်မိနေတယ်လေ။ ဒါပေမယ့် ကိုကို့ကို ဖွဲ့ လက်မထပ်ပါဘူး။ ကိုကို့ဘဝတစ်လျှောက်လုံး စိတ်သောကတွေ ခံစားရပြီးတော့မတယ်ဖြစ်မှာစိုးလို့ပါနော်။

"နှောင်ဖွဲ့အိမ်"

"မဖွင့်ဘူး၊ ဘာလာလုပ်ရတာလဲ၊ ကျွန်မ ဘယ်သူနဲ့မှ မတွေ့ချင်လို့"

"ဖွင့်စမ်း"

"မဖွင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဖြစ်လို့ ခေါင်းကျောမာချင်နေရတာလဲ နောင်ဖွဲ့အိမ်၊ တံခါးဖွင့်စမ်း"

ကိုကိုက တွန်းအဖွင့် ဖွဲ့ကလည်း တံခါးထအဖွင့်နှင့် ဆုံမိပြီး ဝုန်းခနဲ ပြုတ်ကျလာလေသည်။

"ဝုန်း"

"ဟာ"

"ဟင်"

ဖွဲ့ အောက်မှပိနေပြီး ကိုကို့ကိုယ်လုံးကြီးကို တွန်းဖယ်ပစ်လိုက်လေသည်။ ကိုကိုက မဖယ်ပေ။ ဖွဲ့ကို ဆတ်ခနဲပွေ့ချလိုက်ပြီး မျက်ဝန်းတွေထဲ ထိုးဖောက်မတတ် ကြည့်နေ၏။

"ဘာလုပ်တာလဲ လွှတ်ပါ၊ ကျွန်မအခန်းထဲ ဘာလာလုပ်ရတာလဲ၊ မမဟူရာကိုပဲ လက်ထပ်ဖို့ ရွေးချယ်လိုက်ပြီးမှ ကျွန်မဆီ ဘာလာလုပ်တာလဲ"

"ဖွဲ့"

"ပြော"

"စောစောက သခ်နဲ့ ဖုန်းပြောနေတာလား"





"အင်း"

"မင်း ဘယ်ကဖုန်းနဲ့ ပြောနေတာလဲ"

"ကိုကိုနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မနဲ့ကိုကိုက လက်ထပ်ကြတော့မှာမှ မဟုတ်တာပဲ၊ သခ်နဲ့ ကျွန်မ ဘယ်လိုဆက်ဆံပါစေ တားပိုင်ခွင့်မရှိတော့ဘူး"

"သခ်ကို မင်းလက်မထပ်ရဘူး"

"အဲဒါကို ကျွန်မပဲ ဆုံးဖြတ်မှာပါ၊ မေမေတို့လာတော့မယ် မဟုတ်လား၊ ကျွန်မမေမေရောက်လာမှ ဆုံးဖြတ်မှာပါ"

"ဖွဲ့…မင်း တမင်ရွဲ့ပြီးပြောနေတာ မဟုတ်လား၊ မင်း သခ်ကို မချစ်ဘူးမဟုတ်လား၊ မင်းချစ်တာ ကိုကိုမဟုတ်လား"

"မဟုတ်ဘူး"

"ဖွဲ့"

"ကျွန်မနဲ့သခ်က ချစ်သူတွေလေ ကိုကိုတွေ့ခဲ့တာပဲ မဟုတ်လား"

ကိုကိုရယ် ဖွဲ့ လက်မထပ်တော့ပါဘူး။ ကိုကို့ဆုံးဖြတ်ချက် မှန်ပါတယ်။ မဟူရာကိုပဲ ရွေးချယ်လိုက်ပါ။ အနုတ်ညာဏ်



www.burmeseclassic.com

www.burmeseclassic.com



သာလည်း ကျေနပ်သဘောကျမယ်လို့ ဖွဲ့ထင်ပါတယ်။ မေမေနဲ့ တီလေးရောက်လာတော့မယ်။ ဖွဲ့ကို ဘယ်လိုနည်းနှင့်မှ ခွင့်လွှတ်မှာမဟုတ်ပေ။ ကိုကို့ကိုချစ်လို့ ဖွဲ့ လက်မထပ်တော့တာပါနော်။ ဖွဲ့က ကောင်ဆိုးမလေးလေ။

"သခ်နဲ့ လက်မထပ်ရဘူး၊ မင်း ဒုက္ခရောက်လိမ့်မယ် ဖွဲ့၊ သခ်တို့သားအမိက လူရှုပ်တွေ"

"ကိုကိုကသာ သခ်ကို မကောင်းဘူးလို့ ပြောနေတာပါ သခ်တို့သားအမိကတော့ ကိုကိုကောင်းကြောင်းတွေပဲ ပြောပါကယ်၊ မောင်ဘုန်းလကျာက မိန်းမတစ်ယောက် လက်ထပ်ယူသင့်တဲ့ ယောကျာ်းတစ်ယောက်တဲ့"

"တော်စမ်း ဖွဲ့"

ဖွဲ့နှင့် လူချင်းခွဲလိုက်ပြီး လကျာ် ဒေါသတကြီး ကြည့်မိလေသည်။ သခ်လိုကောင်ကို မင်းအထင်ကြီးနေရလား။ ဒုက္ခပါပဲကွာ။

"မဖြစ်ဘူး…မင်း သခ်နဲ့ လက်မထပ်ရပါဘူး၊ အန်တီကန်နဲ့ကော်တို့ရောက်လာရင်လည်း ငါကိုယ်တိုင် ကန့်ကွက်ရလိမ့်





မယ်"

"ဘာဆိုင်လို့လဲ၊ ကိုကို မဟူရာကိုပဲ လက်ထပ်ပါ၊ ဖွဲ့ ဘယ်သူနဲ့လက်ထပ်လက်ထပ် အဲဒါ ဖွဲ့ကိစ္စပဲ၊ ကိုကိုထွက်သွားပါ"

"မင်း…မင်းကို ကိုကိုတောင်းပန်ပါတယ် ဖွဲ့ရယ်၊ မဟူရာကို မရွေးချယ်ရသေးပါဘူး၊ တကယ်တော့ ဖွဲ့လေးကိုပဲ ကိုကိုချစ်တာပါ၊ မင်းကို လက်လွှတ်ဆုံးရှုံးဖို့ဆိုတာကို ကိုကို့အနေနဲ့ ဘယ်လိုမှ လက်မခံနိုင်တာပဲ"

ဖွဲ့ ရင်ခုန်သွားရလေသည်။ ဖွဲ့လည်း ကိုကို့ကို ချစ်နေပါပြီ။ ဖွဲ့ကိုယ်တိုင်လည်း ကိုကို့ကို မစွန့်လွှတ်နိုင်တော့ပါဘူး။

"ဟို…ဟို ကိုကိုရွေးချယ်သင့်တာက မဟူရာနော်၊ အဲဒါအကောင်းဆုံး ရွေးချယ်မှုပါ၊ ကျွန်မက ကောင်ဆိုးမလေးပါ၊ ကျွန်မ လုံးဝပြင်မှာမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ ဖွဲ့ကလွဲပြီး ကိုကို ဘာကိုမှ မရွေးချယ်ဘူး၊ ကိုကို ဒေါသထွက်ပြီး ပြောလိုက်တာပါကွာ၊ ကိုကိုလက်ထပ်မှာ ဖွဲ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး ကိုကိုရယ်။ အန်တီဉာဏ်သာက ဖွဲ့ကို အထင်သေးနေတာပါ။ မဟူရာဆိုတဲ့ မိန်းမကလည်း ဖွဲ့နဲ့ကိုကို ကြားမှာ အမြဲတမ်း နှောင့်ယှက်နေတော့မယ်။ ဖွဲ့ ပြဿနာမရှာချင်တော့ပါဘူး။ မေမေတို့နဲ့ ပြင်ဦးလွင်ကို ဖွဲ့ ပြန်လိုက်သွားမှာပါ။ သခင်နဲ့လည်း လက်မထပ်ပါဘူး။ သခင်ကို ဖွဲ့ မချစ်ဘူး။ ဖွဲ့ ချစ်မိသွားရတာက ကိုကိုတစ်ယောက်တည်းကိုပါပဲ။

ကိုကို့ကို ရင်ထဲမှ ချစ်နေမိပေမယ့် မာနတင်းထားမိလေသည်။ မဟူရာရှေ့မှာ ဖွဲ့ ကြိမ်းမောင်းဆူပူခံရပြီး မဟူရာကိုပဲ ရွေးချယ်မယ်လို့ ကိုကိုကိုယ်တိုင် ပြောခဲ့တာလည်း ဖွဲ့ နာကြည်းနေမိဆဲပင်။

"ဖွဲ့"

"ဟင်"

"ချစ်တယ်ကွာ"

"ဟင်"

ဖွဲ့ အသံလေးက ကိုကိုအနမ်းလေးတွေအောက်မှာ စုန်းစုန်း မြုပ်သွားရတော့သည်။ တင်းကြပ်တဲ့ အနမ်းတွေ၊ နာကျင်တဲ့ အနမ်း





တွေ ကိုကိုလက်တွေက တွန်းဖယ်နိုင်ခြင်း မရှိအောင်ပင် ဖွဲ့ ခန္ဓာကိုယ်လေးအား ခပ်တင်းတင်း ခပ်ကြပ်ကြပ် ပွေ့ဖက်ထားသည်။ အကြည့်တွေက စူးရှတောက်ပြောင်ပြီး အနမ်းလေးတွေက အဆက်မပြတ် ကျရောက်နေတော့သည်။ ရုန်းမရ ဖယ်မရ ကိုကိုဘာဖြစ်လာရတာလဲ။ ဟိုနေ့ကတော့ အရမ်းမုန်းတီးနေခဲ့၏။ ဒေါသတကြီး အော်ဟစ်နေ၏။ ဖွဲ့ ရှုံးနိမ့်သွားပြီ အထင်နှင့် ကြေကွဲစွာ ငိုပစ်ခဲ့ရသည်။ အခုတော့လည်း ကိုကို့အချစ်တွေက အငမ်းမရနှင့် ကြမ်းတမ်းနေလေ၏။

"လွှတ်ပါကိုကို ဖွဲ့ တောင်းပန်ပါတယ်၊ ဖွဲ့ကို စွန့်လွှတ်လိုက်ပါတော့၊ ဖွဲ့ ကိုကို့ကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ပါဘူး"

"မရဘူးကွာ…ကိုကိုချစ်တာ ဖွဲ့လေးပဲ၊ ဘယ်လိုနည်းနဲ့မှ ကိုကို မစွန့်လွှတ်နိုင်ဘူး၊ မဖြစ်တော့ဘူး၊ မင်းလေးကို အမြန်ဆုံး အပိုင်သိမ်းရတော့မှာပဲ"

"အား…ကိုကို"

ဖွဲ့ နဖူးလေးတွေ ဖွဲ့ရဲ့နှုတ်ခမ်းလေးတွေ၊ လည်တိုင်လေးတွေဆီ အနမ်းလေးတွေ တရစပ် ကျရောက်နေ၍ ဖွဲ့ အသက်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရှုလို့မဝတော့။ ဘာတွေလဲ၊ ကိုကိုဘာဖြစ်လို့ ပိုပြီးတောင် အရှုးအမူး ချစ်သွားရတာလဲ။ သခ်ကြောင့်လား။ ဖွဲ့ နိုင်ပြီလားဟင်။ မဟူရာအပေါ် ဖွဲ့ ပြန်ပြီးနိုင်ရပြီပေါ့နော်။

"ကိုကိုနဲ့ဖွဲ့ အမြန်ဆုံးလက်ထပ်ကြမယ်၊ တရားရုံးမှာ လက်မှတ်ထိုးကြမယ်၊ လူကြီးတွေပြန့်အလာကို မစောင့်ဘူးကွာနော်"

"ကိုကို"

"ပြော"

"ဖွဲ့ကို ချစ်လို့လားဟင်၊ ဖွဲ့က အရမ်းဆိုးသွမ်းတဲ့ ကောင်ဆိုးမလေးနော်၊ ပြီးတော့ မဟူရာကို စွန့်လွှတ်ရမယ်၊ ကိုကိုနဲ့ပတ်သက်တာ ဖွဲ့ လက်မခံနိုင်ဘူးနော်၊ ဘယ်လိုလဲ"

"ကိုကို့ဘဝတစ်လျှောက်လုံးမှာ တန်ဖိုးထားရတာက ဖွဲ့လေးပါပဲ၊ ဖွဲ့လေးကို အရမ်းချစ်တယ်၊ မြတ်နိုးတယ်၊ ကိုကို မစွန့်လွှတ်နိုင်ပါဘူး၊ ဖွဲ့ ဆန္ဒရှိမယ်ဆိုရင် အရာအားလုံးကို စွန့်ပစ်မယ်"

"ကိုကိုရယ်"





ကိုကို့ရင်ခွင်ထဲသို့ ဖွဲ့ တိုးဝင်ဖက်တွယ်ထားမိလေသည်။ မဟူရာကို ဖွဲ့ မရှုံးတော့ဘူးနော်။ နိုင်ပြီပဲ။ ရှုံးသွားတာက ရှင်ပဲ မဟူရာ။ ဖွဲ့ နှုတ်ခမ်းလေးတွေက ကျေနပ်ပီတိတွေနှင့် ပြုံးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၂၃]

မဟူရာကတော့ ဒေါသတွေ အကြီးအကျယ် ဖြစ်နေမိလေသည်။ လက်ျာက စိတ်ပြေသွားပြီတဲ့။ ဖွဲ့ကိုပဲ လက်ထပ်မယ်တဲ့။ ဟိုကောင်မလေးကတောင် ငြင်းနေတာတဲ့။ မဟူရာ ရှုံးပြီလား။ နိုင်ပြီးမှ ဘာဖြစ်လို့ အရှုံးပေးရမှာလဲ။ မဟူရာ လဲပြိုတော့မည်။ လက်ျာနှင့် အနံ့တီညာဏ်သာတို့ အထင်ကြီးသဘောကျရန်အတွက် မဟူရာ ဘယ်လောက်အထိ ကြိုးစားလေ့ကျင့်ခဲ့ရတာလဲ။ ယဉ်ကျေးသိမ်မွေ့သည့် မိုင်းကောင်းကျောက်ဖိ မိန်းကလေးအဖြစ် နေပြလိုက်ရတာ၊ စီးပွားရေးမှာရော တခြားကိစ္စတွေမှာလည်း မဟူရာ ဘယ်လောက်အထိ ကူညီခဲ့ရတာလဲ။ ဒါတောင် လက်ျာက မဟူရာ့ကို ဘဝလက်တွဲဖော်အဖြစ် မရွေးချယ်ခဲ့ပေ။ နှောင်ဖွဲ့အိမ်လို ကောင်မ





လေးမျိုးကိုမှ ရွေးချယ်ခဲ့သည်။

"သခ်"

"ဟင်"

"နင်ညှိတယ်၊ ဒီကောင်မလေးကို ငါရှုံးတော့မယ်၊ သူတို့ အထင်ကြီးအောင် နှစ်ရှည်လများ နေထိုင်ပြခဲ့ရတာလေ၊ အလကားဖြစ်သွားရပြီ"

မဟူရာ အံသွားလေးတွေကို တင်းကြပ်စွာ ဖိကြိတ်ရင်း နှောင်ဖွဲ့အိမ်ကို ဘယ်လိုအနိုင်ယူရမလဲဟု ကြံစည်တွေးတောနေရလေသည်။

"ငါဘယ်လိုလုပ်ရမလဲ သခ်"

"သခ် ကြံစည်ပါ့မယ်၊ ဒီကောင်မလေးက အိမ်ပြင်ကို ထွက်လို့မရဘူး၊ လက်ကိုင်ဖုန်းလည်း မရှိတော့ဘူး၊ ဘယ်လိုလုပ်ရမလဲ"

"ငါသိပြီ သခ်၊ အိုကေပဲ နင် သူ့အခန်းထဲအထိ ဝင်ရလိမ့်မယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကြောက်နဲ့ အိမ်တော်စိုးကြီးက နှောင်ဖွဲ့အိမ်ကို မုန်းတယ်၊ မမကို အထင်ကြီးတယ်၊ မမနဲ့ပဲ လက်ျာကို လက်ထပ် စေချင်တာ၊ နှောင်ဖွဲ့အိမ်ကိုလည်း မုန်းတယ်လို့ ပြောဘူးတယ်လေ မမ ကြိုးစည်မယ်"

မဟူရာ အကြံရသွား၏။ ကျေနပ်သဘောကျသွားရလေ သည်။ အိမ်တော်စိုးကြီးက လက်ျာနှင့် ဖွဲ့ လက်ထပ်ပွဲကို ပျက်စေ ချင်နေသည်။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လက်ထပ်ပွဲကို ဖျက်ပစ်ချင် ဟု ပြောခဲ့ဘူး၏။ အိမ်တော်စိုးကြီးနှင့် ဆက်သွယ်ပြီး အကြံအစည် တွေ ပြောပြခဲ့၏။

"သခ်ဆိုတဲ့ကောင်လေးနဲ့က ငြိစွန်းပြီးသားပါ အိမ်တော် စိုးကြီး၊ အခု သူတို့က ချုပ်ချယ်ထားလို့ ဟိုဖက်ခြံက သခ်နဲ့ မတွေ့ကြရတာတဲ့၊ အိမ်တော်စိုးကြီး ကူညီလိုက်ပါနော်၊ လက်ျာ ကို နှောင်ဖွဲ့အိမ်နဲ့ လက်ထပ်ပေးလို့ မဖြစ်ပါဘူး၊ လက်ျာဘဝပါ ပျက်တော့မှာလေ"

"ကျုပ်ကူညီမယ် မဟူရာ၊ နှောင်ဖွဲ့အိမ်နဲ့တော့ လက်ျာကို လက်မထပ်စေချင်ပါဘူး၊ ဒီကောင်မလေးက အရမ်းဆိုးတယ်၊ ရိုင်း တယ်"

သခ်နှင့် အိမ်တော်စိုးကြီးကို တွေ့ဆုံပေးပြီး ဖွဲ့ အိပ်ခန်း ထဲအထိဝင်ရန် ကြံစည်လေသည်။ အိမ်တော်စိုးကြီးဆီမှာ တစ်အိမ် လုံးမှာရှိ အခန်းသော့တွေရှိနေ၏။

"ပြဿနာတွေ ဖြစ်လာရင် သခ်ပဲ ခေါင်းခံလိမ့်မယ် အိမ်တော်စိုးကြီး၊ မဟူရာလည်း စောင့်ရှောက်မှာပါနော်"

"နှောင်ဖွဲ့အိမ်ကို ကျုပ်မုန်းတယ်၊ ပေကပ်ကပ်နဲ့ လက်ျာ နဲ့ မတန်ဘူး၊ မဟူရာကိုပဲ ကျုပ်က သဘောကျတာပါ"

သခ်အတွက် OK သွားရလေသည်။ ညဥ့်နက်မှ အိမ်ကြီး ထဲဝင်ဖို့ အိမ်တော်စိုးကြီးက စီစဉ်ပေး၏။

"သခ်…မညံ့နဲ့နော်၊ နှောင်ဖွဲ့အိမ်ကို အပိုင်ချည်နှောင်ဖို့ ကြိုးစားပါ၊ ဒါ အခွင့်အရေးပဲ၊ ရအောင်ယူခဲ့၊ နှောင်ဖွဲ့အိမ်ကို ယူပြီးရင် မမအခန်းကောင်းကောင်းတစ်ခု အပိုင်လက်ဖွဲ့မယ်"

"OK"

"အင်း"

သခ်ကတော့ အနာဂတ်အတွက် ကြိုတင်တွေးတော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်နေလေသည်။ ဖွဲ့ကိုတော့ ကိုဘုန်းလကျာ်ရဲ့ လက်
အရောက်မခံနိုင်ပါဘူး။ သခ်ပဲ ယူရမယ်။ သခ်ရဲ့ဇနီးမယား
ဖြစ်ရမယ်။ ဖွဲ့ကို ချစ်မိသွားပြီ။ ကောင်မချောလေးတွေနှင့် တ
တွဲနေထိုင်ခဲ့ပြီး အချစ်ဆိုတာကို မသိဘဲနေတတ်တဲ့ သခ် ဖွဲ့ကိုဘ
ရယူပိုင်ဆိုင်လို နေခဲ့သည်။ ဖွဲ့ကိုလည်းရမယ်၊ မဟူရာရဲ့ ထော
ပေးကမ်းမှုတွေလည်း ရမယ်။ မေမေလည်း အကြွေးတွေ နှစ်နေ
က လွတ်ကင်းမယ်။ အားလုံး အကောင်းဆုံးတွေပဲ ဖြစ်နေရ
သည်။

အိမ်တော်စိုးကြီး အကူအညီနှင့် သခ် တစ်ဖက်ခြံကြီး
အခက်အခဲမရှိ ဝင်ရောက်နိုင်ခဲ့လေသည်။ တစ်အိမ်လုံး ငြိမ်သ
တိတ်ဆိတ်နေ၏။ သူများအိမ်ထဲ ချဉ်းနင်းဝင်ရောက်နေကျဖြစ်
သခ်အတွက် အခက်အခဲမရှိပေ။ နှောင်ဖွဲ့အိမ်အခန်းဝတွင် သူ
သော့ပေးပြီး အိမ်တော်စိုးကြီး ပြန်ထွက်သွားလေသည်။ ဖွဲ့ အိပ်ခန်း
အား သော့ဖွင့်ပြီး ဝင်လိုက်၏။ ဖွဲ့ အိပ်နေ၏။ သခ် အနားကပ်သွား
ပြီး ဖွဲ့ကို ဖက်လိုက်လေသည်။

"ဟင်…ဘယ်သူလဲ ကိုကိုလကျာ်လား"





"သခ်"

"ဟင်"

ဖွဲ့ အထိတ်တလန့် ဖြစ်သွားရပြီး မယုံကြည်နိုင်အောင်
ဖြစ်သွားရသည်။ သခ်တဲ့ ဘယ်လိုဖြစ်ပြီး ဖွဲ့အိပ်ခန်းထဲ ရောက်နေ
ရတာလဲ။ အိပ်မက်တွေပဲလား။ မဖြစ်နိုင်တာပဲ။ ဖွဲ့ ကယောင်က
တမ်းနှင့် ထလိုက်စဉ် ဖွဲ့ကိုယ်လေး သခ်ရင်ခွင်ထဲ ကျရောက်သွား
လေသည်။

"သခ်…ဘာလုပ်တာလဲ၊ ထွက်သွားစမ်း၊ နင် ဒီကိုဘယ်
လိုဝင်လာရတာလဲ"

"ဒီလိုပဲပေါ့…ဖွဲ့နဲ့မတွေ့ရရင် မနေနိုင်တော့လို့ ဝင်လာ
တာပါဖွဲ့၊ ကိုယ် အသက်စွန့်ပြီးလာတာပါ"

"သခ် ထွက်သွားနော်၊ မယုတ်မာနဲ့၊ ဖွဲ့ကို အရှက်သိက္ခာ
မဲ့အောင် မလုပ်ပါနဲ့၊ သခ် ပြန်ပါ"

ဖွဲ့အခန်းထဲ သခ်ရောက်လာတာ ဖွဲ့ခေါ်သွင်းတယ်ဟု
ကိုကိုလကျာ်နှင့် အန်တီဉာဏ်သာတို့က ထင်တော့မည်။ ဘယ်
လောက်ရှက်စရာကောင်းလဲ၊ အမလေး မဖြစ်ပါဘူး။ သခ်ရင်ခွင်

www.burmeseclassic.com



ထဲကနေ ရုန်းထွက်လိုက်ပြီး မတ်တပ်ရပ်လိုက်သည်။

"ဖွဲ့ သခ်နောက်လိုက်ခဲ့ပါနော်၊ ကိုယ်တို့ လက်ထပ်ကြမယ်၊ အတူတူနေကြမယ်၊ ဖွဲ့ စိတ်မညစ်စေရပါဘူး၊ သခ် ဖွဲ့ကို စိတ်ချမ်းသာအောင် ထားမှာပါကွာ"

သခ်က ဖွဲ့ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်ထဲ ပွေ့ဖက်လို့ ကြုံးစားနေလေသည်။ ဒုက္ခပါပဲ ဖွဲ့ မရုန်းရဲ မအော်ရဲ။ သခ် ဘယ်လိုအကြောင်းနဲ့ပဲ ရောက်ရောက် ဖွဲ့ ခေါ်သွင်းလိုက်တာဟုပဲ ထင်မှတ်တော့မည်ဖြစ်၏။ ဖွဲ့ ဘယ်လိုလုပ်ရတော့မလဲ။

"သခ်...ဘယ်လိုမှ ဖွဲ့နဲ့ အဝေးမခံနိုင်တော့လို့ပါ၊ ဖွဲ့ကို အရမ်းချစ်တယ်၊ လက်လွှတ်အဆုံးရှုံးမခံနိုင်တော့ဘူး၊ တို့နဲ့လိုက်ခဲ့တော့နော်"

"သခ် ဘယ်ကနေသော့ရလဲ၊ ဖွဲ့အခန်းသော့ကို ဘယ်က ရလဲ၊ ဘယ်လိုလုပ်ပြီး ဒီအထိရောက်လာရတာလဲ"

ဖွဲ့ ဆောက်တည်ရာမရအောင် တုန်လှုပ်နေမိလေသည်။ ကိုကိုက ဖွဲ့ကို ခွင့်လွှတ်ပြီး ချစ်မြဲချစ်နေဆဲဖြစ်၍ ဖွဲ့ ဝမ်းသာ ကျေနပ်နေတာပါ။ မဟူရာကို အနိုင်ရပြီး ကိုကို့ကို ဖွဲ့ လက်လွှတ်





အဆုံးရှုံးမခံနိုင်တာပါ။

"သခ် ထွက်သွားပါတော့၊ ဖွဲ့ တောင်းပန်ပါတယ်နော်၊ နောက်နေ့မှ သခ်ကို ဖွဲ့ လာတွေ့ပါ့မယ်"

"ဖွဲ့"

"ဟင်"

"ကိုယ့်ကိုချစ်လား၊ ချစ်ရဲ့လား"

"အင်းပါ"

"ဖွဲ့ တကယ်ပြောတာနော်၊ ကိုယ့်ကို တကယ်ပဲလာတွေ့မှာနော်"

"အင်းပါ"

"ဒါဆို ကိုယ်ကျေနပ်သွားပြီကွာ၊ ဖွဲ့ ပါးပြင်လေးကို တစ်ကြိမ်ပဲ နမ်းမယ်၊ ခွင့်ပြုပါ ဖွဲ့"

"မဖြစ်ဘူး၊ အဲဒါတော့မဖြစ်ဘူး သခ်၊ ဖွဲ့ လုံးဝခွင့်မပြုနိုင်ဘူး၊ ပြန်ပါတော့ သခ်ရယ်၊ ဖွဲ့ တောင်းပန်ပါတယ်၊ ပြန်ပါ"

"ဖွဲ့က ပြန်စေချင်ရင် ဖွဲ့ ပါးပြင်လေးကို သခ်နမ်းမယ်၊ တစ်ကြိမ်ပဲခွင့်ပြုပါကွာ"



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်ဘူး ဖွဲ့ပါးကို ဖွဲ့ရဲ့ချစ်ဦးသူ ကိုကိုကလွဲပြီး ဘယ်သူမှ နမ်းခွင့်မပြုနိုင်ဘူး"

"ဘာပြောတယ် ဖွဲ့"

"သခ်ကို ဖွဲ့မချစ်ဘူး၊ လက်လည်းမထပ်နိုင်ဘူး၊ သခ် ထွက်သွားနော်"

"မထွက်ဘူးကွာ၊ မင်းပဲ စောစောက သခ်ကို ချစ်တယ်ဆို၊ မိသွားရင်လည်း သခ်တို့ လွှန်ကျူးသွားပါပြီဆိုပြီး လက်ထပ်ခွင့်တောင်းမယ်"

"သခ်"

ဖွဲ့ ဘယ်လိုလုပ်ရတော့မလဲ။ သခ်ကတော့ နောက်ဆုတ်မှာမဟုတ်ပေ။ လူယုတ်မာ၊ သခ် အကြပ်ကိုင်တာပဲ။ မရှိုးသားဘူး၊ အတင့်ရဲလွန်းပြီး သူများအိမ်ထဲ တိတ်တခိုးဝင်လာတဲ့ သခ်ကို ဖွဲ့ မုန်းတီးသွားရလေသည်။

"ဖွဲ့ကိုချစ်တယ်၊ ချစ်လို့ပါကွာနော်"

ဖွဲ့ကိုယ်လေးကို သခ်ကဖက်ပြီး ရင်ခွင်ထဲ ဆွဲယူနေသည်။ ဖွဲ့ အသံမထွက်ရဲပေမယ့် အတင်းပင် ရုန်းကန်နေမိ၏။ ဖွဲ့ဘဝပျက်





ပြီ။ မဆင်မခြင် ပြုမူနေထိုင်မှုတွေက ဖွဲ့အနာဂတ်တွေကို နာမည်ဆိုးတွေနဲ့ အညွန့်တုံးအောင် ဖျက်ဆီးပစ်တော့မည်။

"သခ်ရယ်...ဖွဲ့ တောင်းပန်ပါတယ်နော်၊ ပြန်ပါ၊ နောက်မှ ဖွဲ့ လာတွေ့ပါ့မယ်၊ အခုပြန်ပါ"

သခ် ဖွဲ့အိပ်ခန်းထဲရောက်နေတာကို ဘယ်သူမှ အသိခံလို့ မဖြစ်ဘူး။ ဖွဲ့ အရှက်ရမှာပါ။ အန်တီဉာဏ်သာ နေစေချင်သလို ဖွဲ့ နေခဲ့ရင် ဒီလိုပြဿနာမျိုးတွေ ဖြစ်လာရမှာမဟုတ်ပါဘူး။ အခု ကိုကိုနဲ့ အဆင်ပြေသွားမှ။ ဒုက္ခပါပဲ၊ ဖွဲ့ ဘယ်လိုဖြေရှင်းရမှန်းမသိအောင် ဖြစ်နေရသည်။

"နောင်ဖွဲ့အိမ်...တံခါးဖွင့်စမ်း၊ အထဲမှာ ဘယ်သူရောက်နေတာလဲ"

"ဟင်"

"သခ်ကတော့ ဖွဲ့နဲ့လက်ထပ်ခွင့်ပေးပါလို့ တောင်းဆိုလိုက်တော့မယ်"

"မပြောပါနဲ့ သခ်၊ ဖွဲ့ လက်မခံဘူး၊ ကိုကို့ကိုလည်း လက်မထပ်ဘဲ ဒီအိမ်ကြီးကနေ ထွက်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှ တံခါးအတင်းဖွင့်ခိုင်းနေသဖြင့် ဖွဲ့ ဖွင့်ပေးလိုက်လေသည်။

"ဟင်"

"နောင်ဖွဲ့အိမ်…ညည်း တော်တော်အတင့်ရဲတာပါလား ယောကျ်ားတစ်ယောက်ကို အိပ်ခန်းထဲအထိ ချိန်းတွေ့ရလား"

"ဟို…ဟို"

"ဟေ့ကောင်…မင်းထွက်သွားတော့၊ အေးအေးဆေးဆေး ထွက်မသွားရင် ငါ ရဲကိုအကြောင်းကြားလိုက်မှာနော်"

"ကိုလက်ျာတို့ပဲ အရှက်ကွဲမှာနော်၊ ဖွဲ့ ချိန်းလို့ ဝင်လာရတာပဲ၊ တစ်ခုတော့ တောင်းဆိုချင်ပါတယ်၊ နောင်ဖွဲ့အိမ်ကို လက်ထပ်ခွင့်ပြုပါ၊ ဒီထက်ပိုပြီး အရှက်တွေမကွဲစေချင်ရင်ပေါ့"

"မင်း…မင်း"

သခ် ထွက်သွားလေသည်။ ဖွဲ့ ဘယ်လိုပဲ ရှင်းပြပါစေ အန်တီဉာဏ်သာရော ကိုကိုပါ လက်ခံကြမှာမဟုတ်တော့။ သခ်က ဖွဲ့ မချိန်းဘဲ တံခါးမဖွင့်ပေးဘဲ ဘယ်လိုလုပ်ပြီး ရောက်နေမလဲ။ အန်တီဉာဏ်သာရော ကိုကို့မျက်ဝန်းတွေပါ ဒေါသကြောင့် မီးတွေ





ဝင်းဝင်းတောက်နေလားဟုပင် ထင်မှတ်ရလေသည်။

"နောင်ဖွဲ့အိမ်…မင်းအရမ်းလွန်သွားပြီ၊ တို့မိသားစုကို ဘယ်အညှိုးနဲ့များ မင်း ဒီလောက်အထိ အရှက်ခွဲနေရတာလဲ"

"ညည်း…ဘာငြင်းဦးမလဲ နောင်ဖွဲ့အိမ်၊ ညည်း သခ်ကိုပဲ လက်ထပ်လိုက်ပါတော့၊ ဒီထက်ပိုပြီး အရှက်သိက္ခာတွေမဲ့အောင် မလုပ်ပါနဲ့တော့"

"မဟုတ်ပါဘူး၊ သခ်ကို ဖွဲ့ မချိန်းပါဘူး၊ ဘယ်လိုလုပ်ပြီး ဝင်လာလည်းဆိုတာ ဖွဲ့တောင်မသိရပါဘူး၊ သခ်နဲ့တော့ ဖွဲ့ လက်မထပ်နိုင်ဘူး၊ ဖွဲ့ ဒီအိမ်ကြီးထဲကနေ ထွက်သွားပါ့မယ်"

"ကောင်းပြီ နောင်ဖွဲ့အိမ်၊ မင်းထွက်သွားပါ၊ ငါတို့မိသားစုကို ဒီထက်ပိုပြီး အရှက်သိက္ခာမမဲ့ပါစေနဲ့တော့၊ မင်းကို ငါ လုံးဝလက်မထပ်တော့ဘူး၊ မဟူရာကိုပဲ ငါလက်ထပ်မယ်၊ အဲဒါ ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ"

ကိုကိုဘုန်းလက်ျာက နာနာကြည်းကြည်း ပြောပြီး ထွက်သွားတော့သည်။ မျက်နှာကြီးနီမြန်းပြီး ဒေါသတွေ ပေါက်ကွဲလျက်။ အန်တီဉာဏ်သာကလည်း လုံးဝခွင့်မလွှတ်နိုင်တော့တဲ့ အားငယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သောမျက်ဝန်းတွေနှင့် ကြည့်၏။

“ညည်းတာဝန်ကို ညည်းယူပါ နှောင်ဖွဲ့အိမ်၊ ညည်း အရမ်းလွန်သွားပြီ၊ တော်တော်အရှက်မဲ့တာပဲ၊ ငါ့ကို မထေမဲ့မြင် လုပ်ချင်တာနဲ့ပဲ ယောကျ်ားလေးတစ်ယောက်ကို အိပ်ခန်းထဲအထိ ချိန်းတွေ့ရလား၊ ညည်းလုပ်ရပ်က တန်ဖိုးမဲ့လွန်းနေတယ်”

“အန်တီဉာဏ်သာ”

“ထွက်သွားတော့…ညည်းကို ဘယ်လိုနည်းနဲ့မှ ထိန်းချုပ် မထားနိုင်တော့ဘူး”

“ဖွဲ့…သခ်ကို ချိန်းမတွေ့ပါဘူး၊ အဲဒါ အမှန်တရားတွေ ပါ အန်တီဉာဏ်သာ၊ ဖွဲ့ အဲဒီလောက်အထိတော့ အောက်တန်းကျ ပြီး ကိုယ်ကျင့်တရား မပျက်ပြားပါဘူး၊ သခ်ကို ဒီအခန်းထဲ ဖွဲ့ မသွင်းရပါဘူး၊ အဲဒါအမှန်တွေပါ၊ ယုံပေးပါနော်”

အန်တီဉာဏ်သာက ဖွဲ့ကို ခပ်စိမ်းစိမ်းကြည့်ပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

“ဖွဲ့မဟုတ်ပါဘူး၊ သခ် ဒီအခန်းထဲရောက်လာတာ ဖွဲ့ မသိပါဘူး၊ ဖွဲ့ကိုယုံပါ”





ဖွဲ့ ရှုံးသွပ်စွာဖြင့် အော်ဟစ်နေမိလေသည်။ ဘယ်လိုတွေ ဖြစ်ကုန်ရတာလဲ။ သခ် ဘယ်လိုလုပ်ပြီး ဖွဲ့အိပ်ခန်းထဲ ရောက်လာ ရတာလဲ။ သခ် ယုတ်မာတာပဲ။ ကောက်ကျစ်တာပဲ။ ဖွဲ့ဘဝတော့ ရေစုန်မှာမျောပါပြီ။ အဖတ်ဆယ်လို့မရတော့ပါဘူး။ ဖွဲ့ အရူး တစ်ယောက်လို အပြင်သို့ပြေးထွက်လာခဲ့ပြီး ကိုကိုဘုန်းလက်ျာရဲ့ အခန်းရှေ့ ရောက်လာလေသည်။

“ဒုန်း…ဒုန်း”

“ကိုကို တံခါးဖွင့်ပေးပါ၊ ဖွဲ့ ရှင်းပြပါရစေနော်၊ သခ်ကို ဖွဲ့ မချိန်းပါဘူး၊ အိပ်ခန်းတံခါးလည်း ဖွင့်ပေးတာမဟုတ်ပါဘူး၊ သူ့ဟာသူ သော့ဖွင့်ဝင်လာတာပါ ကိုကို”

“ဒုန်း…ဒုန်း”

ဖွဲ့ အရူးတစ်ယောက်လိုပဲ ကိုကို့အခန်းဝတွင် ရပ်ပြီး တံခါးကို ထုနေမိလေသည်။

“ဖွင့်ပေးပါနော်…ဖွဲ့ ရှင်းပြတာတွေကို နားထောင်ပေး ပါ”

“နှောင်ဖွဲ့အိမ်…မင်းကို ငါ လုံးဝမတွေ့ချင်တော့ဘူး၊



www.burmeseclassic.com

မင်းချစ်တာက သန်ပဲ၊ ငါ့ကိုမုန်းနေတာပါ၊ ငယ်ငယ်လေးထဲက မေမေနဲ့ငါ့ကို မင်း မုန်းတီးနာကြည်းနေတာပဲ”

“တခြားဟာတွေတော့ ဖွဲ့ ဘာမှမပြောချင်တော့ပါဘူး ကိုကိုရယ်၊ သန် ဖွဲ့အခန်းထဲဝင်လာတဲ့ကိစ္စပဲ ဖွဲ့ ရှင်းပြပါရစေ နော်”

“ထွက်သွားတော့ နှောင်ဖွဲ့အိမ်၊ ငါနဲ့ပတ်သက်စရာ မရှိတော့ဘူး၊ ငါ မကြာခင် မဟူရာနဲ့ လက်ထပ်မယ်၊ ဒါပဲ”

“ကိုကို”

ဖွဲ့ အော်ဟစ်နေ၍ အိမ်တော်စိုးကြီးက လာရောက်ဆွဲယူ ဖယ်ရှားပစ်လေသည်။

“အချိန်မတော်ကြီး နှောင်ဖွဲ့အိမ်၊ မသောင်းကျန်းပါနဲ့ ဒီမှာက လူဂုဏ်တန်တွေနေကြတာလေ”

ဖွဲ့ ဘာမှမတတ်နိုင်တော့။ အိပ်ခန်းထဲပြန်ရောက်လာပြီး နာနာကြည်းကြည်း ငိုကြွေးနေမိလေသည်။



## အခန်း [၂၅]

နှောင်ဖွဲ့အိမ် ထွက်သွားတာကို လကျာ ငေးကြောင်စွာ ကြည့်နေမိလေသည်။ သူ တားဆီးရမလား။ မဖြစ်နိုင်တော့ဘူး။ မင်း သန်ကို လက်ထပ်မှာလား။ မတတ်နိုင်တော့ဘူး။ အိပ်ခန်းထဲ အထိ ချိန်းတွေ့ပြီးပြီပဲ။ လကျာရင်ထဲမှာ တင်းကြပ်ဆို့နင့်နေလေသည်။ နှောင်ဖွဲ့အိမ်အား သံယောဇဉ်ဖြတ်ပစ်ဖို့ပဲ လိုအပ်နေ၏။

“သား”

“မေမေ”

“နှောင်ဖွဲ့အိမ်က တားဆီးလို့မရတော့ဘူး၊ မတတ်နိုင်တော့ဘူးလေ၊ သား တစ်ခုခုကိုဆုံးဖြတ်ပါ၊ ရွေးချယ်ပါ”

“သား မဟူရာကိုပဲ လက်ထပ်မယ် မေမေ”



www.burmeseclassic.com

www.burmeseclassic.com



"သားဆုံးဖြတ်ချက်လား၊ သေချာလား သား"

"သား…မဟူရာကိုပဲလက်ထပ်မယ် မေမေ၊ အဲဒါ သားရဲ့ ဆုံးဖြတ်ချက်ပဲ"

နှောင်ဖွဲ့အိမ်ကို မေ့ပစ်လိုက်မှ ဖြစ်တော့မယ်။ လုံးဝ စွန့်လွှတ်ရမယ်။ မဟူရာ့ကို ရွေးချယ်လိုက်တာ အမှန်ဆုံးပါပဲ။

"မေမေလည်း နှောင်ဖွဲ့အိမ်လေးကို ချစ်ပါတယ်၊ ဒါပေမယ့် သစ်ဆိုတဲ့ကောင်လေးနဲ့က အင်းလေ သားရဲ့ဆုံးဖြတ်ချက်က အဓိကပါပဲလေ"

နှောင်ဖွဲ့အိမ် မင်းကံကြမ္မာကို မင်းဆုံးဖြတ်လိုက်တာပဲ။ မဟူရာနဲ့ငါ လက်ထပ်လိုက်ရင် အရာအားလုံး ပြီးဆုံးသွားမှာပါပဲ။

ပြီးဆုံးသင့်ပါပြီ။ သစ်ကို အိပ်ခန်းထဲ ချိန်းတွေ့တဲ့အထိ နှောင်ဖွဲ့အိမ်က သူ့ကို မထေမဲ့မြင်နှင့် စော်ကားခဲ့ပြီမဟုတ်လား။ မေမေလည်း ပြန်ထွက်သွားလေသည်။

ခဏကြာတော့ နှောင်ဖွဲ့အိမ်တစ်ယောက်တည်း ထွက်သွားတာ သူ အပေါ်ထပ်မှ တွေ့လိုက်ရသည်။ တားဆီးဖို့အတွက် သူ့စိတ်ဆန္ဒထဲမှာ အပြင်းအထန် ဖြစ်ပေါ်လာရပေမယ့် သူ ထိန်းချုပ်





လိုက်သည်။ မဟူရာကိုပဲ လက်ထပ်တော့မယ်။

"လကျ်ာ"

"ဟင်…မဟူရာ"

"ဖွဲ့လေးကို မတားတော့ဘူးလား၊ မလိမ်မိုးမလိမ်မာလေး မဟုတ်လား လကျ်ာရယ်၊ အန်တီဉာဏ်သာကိုလည်း မဟူရာ တောင်းပန်ပြီးပါပြီ၊ လကျ်ာကိုယ်တိုင် သွားတားလိုက်ပါလားဟင်"

မဟူရာကတော့ ရင်ထဲကနေ ကြိတ်ပြီး ကျေနပ်ပီတိတွေ ဖြစ်နေရလေသည်။ နှောင်ဖွဲ့အိမ် ညည်းရှုံးပြီလေ။ ဘာတတ်နိုင် သေးလဲ။

"နေပါစေတော့ မဟူရာ၊ သူ့ကံကြမ္မာပဲလေ၊ နှောင်ဖွဲ့အိမ် ကိုယ်တိုင် ရွေးချယ်သွားတာပဲဟာ"

"လကျ်ာ"

"မဟူရာ…ကိုယ်တို့လက်ထပ်ကြရအောင်၊ အမြန်ဆုံး စီစဉ်မယ်"

"လကျ်ာ…ဘာတွေလာပြောနေတာလဲဟင်၊ မဟူရာနဲ့ လက်ထပ်မယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''လက်ျာရယ်...မဟူရာကတော့ ဒီလိုအခွင့်အရေးလေးကို အမြဲတမ်း စောင့်မျှော်နေခဲ့ရတဲ့သူပါ၊ ဒါပေမယ့် ဖွဲ့လေးအတွက်ပါပဲ၊ လက်ျာ ချစ်မြတ်နိုးတဲ့ ဖွဲ့လေးကိုပဲ ပြန်စဉ်းစားပါဦးနော်''

''တော်ပါပြီ မဟူရာ၊ ကိုယ့်ကို နှောင်ဖွဲ့အိမ်အကြောင်း ဘယ်တော့မှ မပြောနဲ့တော့၊ ကိုယ် အားလုံး မေ့ပစ်လိုက်တော့မယ်''

မဟူရာကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ နှောင်ဖွဲ့အိမ်ကို မေ့ပစ်လိုက်ဖို့ပါပဲ။ မေ့ပစ်ရမယ်။ မင်းအကြောင်းတွေကို ငါ မတွေးတာ အကောင်းဆုံးပဲ နှောင်ဖွဲ့အိမ်။

''မဟူရာ လက်ထပ်ပွဲကိစ္စ မင်းစီစဉ်ပါ၊ ကိုယ် ကုမ္ပဏီကို သွားတော့မယ်''

မဟူရာနှင့်လည်း စကားပြောချင်တဲ့ဆန္ဒတွေ လက်ျာဆီမှာ ရှိမနေပေ။ နှောင်ဖွဲ့အိမ်ကို မေ့ပစ်ဖို့ သူ အတော်လေး ကြိုးစားရဦးမှာပါ။

''ဒါဆိုလည်း မဟူရာပြန်မယ်နော်၊ ညနေမှတွေ့ကြမယ်''

''ကောင်းပြီလေ မဟူရာ''

ပြီးပြီ - တာပေ



မဟူရာပြန်သွားမှ သူ့စိတ်တွေ သက်သာသလိုရှိလာရသည်။ မဟူရာကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာလည်း သူမှားသွားပြီလား။ အချစ်မရှိပေမယ့် နှောင်ဖွဲ့အိမ်ကို အမြန်ဆုံး မေ့ပစ်ချင်လာသည်။ သူ ကုမ္ပဏီကိုသွားမည်အလုပ်တွင် တစ်ဖက်ခြံမှာ ရဲတွေဝင်ဖမ်းဆီးတာ တွေ့ရသည်။

''သားရေ...ဟိုဖက်ခြံမှာ ရဲတွေ သခ်တို့သားအမိရောယောကျ်ားတွေရော ဖမ်းသွားကြတယ်''

လက်ျာ ဘာမှမပြောချင်တော့၍ ကုမ္ပဏီကိုပဲ ထွက်လာခဲ့သည်။ နှောင်ဖွဲ့အိမ်ကတော့ ပြင်ဦးလွင်မှာရှိတဲ့ တစ်ထပ်တိုက်လေးဆီ ပြန်ရောက်လာခဲ့၏။ ရင်ထဲမှာ အေးချမ်းသွားရသလိုပင်။ ဒီမှာရှိနေတဲ့ သူငယ်ချင်း နန်းခမ်းက ဆီးကြိုပြီး ဖွဲ့နှင့်အတူ အဖော်နေပေးလေသည်။ ပြင်ဦးလွင်ရောက်ပြီး တစ်ပတ်ကြာတဲ့အထိ ကိုကိုဘုန်းလက်ျာအား ဖွဲ့ မေ့ပစ်လို့မရပေ။ သခ်ကိုလည်း လက်မထပ်ပါဘူး။ ယုတ်မာကောက်ကျစ်တဲ့ သူတွေပဲ။ သခ်နှင့်လည်း ဖွဲ့ ကိုကို့ကြောင့် မဟုတ်ဘဲ ကင်းကင်းရှင်းရှင်းနေပြစေချင်သည်။ ပြင်ဦးလွင်က အေးချမ်းနေ၏။ ဖွဲ့ စိတ်တွေလည်း တည်ငြိမ်အေးချမ်းမှုရပါပြီ။

ပြီးပြီ - တာပေ

www.burmeseclassic.com

www.burmeseclassic.com



အန်တီဉာဏ်သာ့ကိုလည်း ဖွဲ့ မမုန်းတော့ပါဘူး။ ကိုကိုလက်ျာနဲ့ မဟူရာတို့ လက်ထပ်ဖြစ်အောင် ဖွဲ့ ရှောင်ထွက်ပေးခဲ့တာပါပဲ။

"ဖွဲ့"

"ဟင်…ကိုကို"

ဖွဲ့ လှည့်ကြည့်လိုက်တော့ ကိုကိုဖြစ်နေ၍ ဖွဲ့ အထိတ်တလန့် ဖြစ်သွားရလေသည်။

"ကိုကိုဘုန်းလက်ျာ ဘာကိစ္စရှိလို့ လာရတာလဲ၊ ဖွဲ့ ဘယ်သူနဲ့မှ မပတ်သက်ချင်ဘူး"

"ဖွဲ့ အဖြစ်အပျက်တွေအားလုံး ကိုကိုသိပါပြီ၊ သခင်တို့ သားအမိလည်း လိမ်လည်မှုတွေရော၊ လောင်းကစားမှုတွေရော အဖမ်းခံရတယ်၊ မဟူရာ့အဖေလည်း ပါတယ်လေ"

"ဟင်"

"သခ ဖွဲ့အိပ်ခန်းထဲဝင်လာအောင် အိမ်တော်စိုးကြီးက ကူညီတာလေ"

"ရှင်"

"အားလုံး ရှင်းသွားပါပြီဖွဲ့ရယ်၊ ကိုကိုလည်း ကံကောင်း

ပြုံးပြုံး - တလေ



တယ်၊ မဟူရာက ကိုကို့ကိုအမိဖမ်းဖို့ ဟန်ဆောင်နေတာတဲ့"

ဘုန်းလက်ျာကတော့ အကြောင်းအရာတွေအားလုံး သိသိချင်း ဖွဲ့ဆီ အပြေးရောက်လာခဲ့လေသည်။ မဟူရာနှင့်လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ ကံကောင်းသည်။ မဟူရာ့အကြောင်းတွေ စောစောစီးစီး သိသွားရလို့ပါ။

"ဖွဲ့…ကိုကိုနဲ့ ပြန်လိုက်ခဲ့တော့နော်၊ တကယ်တမ်းကြတော့ ကိုကိုချစ်မြတ်နိုးပြီး သံယောဇဉ်ကြီးမားရတာက ဖွဲ့လေးပါပဲလေ"

"အန်တီဉာဏ်သာ"

"မေမေကလည်း ဖွဲ့ကိုပဲ သံယောဇဉ်ကြီးတာပါ၊ သမီးလေးဖွဲ့ကို ပြန်ခေါ်လာခဲ့တဲ့၊ အန်တီကန့်ကော်တို့လည်း ရောက်တော့မယ်၊ ကိုကိုတို့ လက်ထပ်ပွဲကို အမြန်ဆုံးကျင်းပဖို့ လုပ်ကြရဦးမယ်လေ"

"ကိုကိုရယ်"

"ဖွဲ့ရယ်…ကိုကို့နှလုံးသားတွေက ဖွဲ့ကို ဘယ်လိုမှ မေ့ပစ်လို့မရဘူး၊ ကိုကို ငယ်ငယ်လေးထဲက သံယောဇဉ်တွယ်တာ

ပြုံးပြုံး - တလေ

www.burmeseclassic.com

www.burmeseclassic.com


ပြီး ချစ်မြတ်နိုးရတာက ဖွဲ့ပါပဲလေ"

"ကိုကို့ကိုလည်း ဖွဲ့ ချစ်မိသွားရတာ ကြာပါပြီနော်၊ ကိုကို့ကို ဖွဲ့ ချစ်မြတ်နိုးနေပါပြီ၊ ကိုကို့ရဲ့ အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်အောင် ဖွဲ့ ကြိုးစားပါတော့မယ်နော်"

"ဖွဲ့လေးရယ်"

ကိုကိုလက်ျာရဲ့ လက်တွေက ဖွဲ့ ခန္ဓာကိုယ်လေးကို မြွေတစ်ကောင်လို ရစ်ပတ်နှောင်ဖွဲ့လာလေသည်။ ဖွဲ့ကလည်း ကိုကို့ ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားမိ၏။ တစ်ယောက်ကိုတစ်ယောက် ကြားလေသွေးရင်တောင် ဝေးသွားမှာကို စိုးရိမ်မိသလို တင်းကြပ်စွာ ပွေ့ဖက်ထားမိကြလေသည်။

သင်မြတ်နိုး



BURMESE CLASSIC
www.burmeseclassic.com